# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၅ ရက်၊ တနင်္လာနေ့ အတွဲ (၅၉)၊ အမှတ် (၁၈၈)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

## ယခုနှစ် သင်္ကြန်ကို ဖြတ်ကျော်ရန်နှင့် ပတ်သက်၍ ပြည်သူများထံ သတင်းစကားပါး

နေပြည်တော် မေ ၄

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယနေ့တွင် ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ ယခုနှစ် သင်္ကြန်ကို ဖြတ်ကျော်ရန်နှင့် ပတ်သက်၍ ပြည်သူများထံ အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

"ဒီနေ့ဟာ COVID ရောဂါ ရှိနေသူတစ်ဦးကို မြန်မာပြည်တွင်းမှာ ပထမဆုံးတွေ့ရှိပြီး (၁၄) ရက်မြောက်နေ့ ဖြစ်ပါတယ်။

နောက် (၂) ပတ်၊ (၃) ပတ်အတွင်းမှာ ရောဂါပျံ့ပွားနှုန်း ဘယ်လောက်မြန်နိုင်မယ်ဆိုတာ ပေါ်လွင်လာပါလိမ့်မယ်။ ဒီအချိန်မှာ ပြည်သူတွေအားလုံး အထူးသတိဝိရိယနဲ့ ရောဂါမပျံ့ပွားရေးအတွက် စည်းကမ်းညွှန်ကြားချက်တွေ လိုက်နာဖို့ အရေးကြီးပါတယ်။

ကျွန်မတို့တွေ မတွေ့ရမကြုံရဖူးတဲ့ သင်္ကြန်မျိုးကို ဖြတ်ကျော်ရပါမယ်။ လူစုလူဝေး လုံးဝ ရှောင်ရမဲ့ သင်္ကြန်ပါ။

လူစုလူဝေးဆိုတာ ဘယ်နှစ်ယောက်လဲလို့ စဉ်းစားတာတွေရှိမှာပါ။ လူနည်းလေကောင်းလေ၊ အလှမ်းဝေးလေကောင်းလေပါ။


ထိတွေ့မှုရှိသူတစ်ဦး ပိုလာတာနဲ့ အန္တရာယ်တစ်ခု ပိုလာပြီလို့ မှတ်ပါ။ သတိဆိုတာ လွန်ကဲတယ်လို့ မရှိပါဘူး။ ရေထွက်မကစားရတဲ့သင်္ကြန်၊ မြိမ့်မြိမ့်သဲအလှူတွေနဲ့ ရပ်ကွက် မပျော်ကြရတဲ့သင်္ကြန်ဆိုပြီး စိတ်မပျက်ကြပါနဲ့။

"အာရောဂျံ ပရမံလာဘံ" အနာကင်းခြင်း (ကျန်းမာခြင်း) သည် အကောင်းဆုံးလာဘ်လာဘဖြစ်၏ ပါတဲ့။ ကိုယ့်အတွက်သာမက၊ အများအတွက် အကောင်းဆုံးလာဘ်လာဘကို ပေးကမ်းတဲ့ စေတနာအလှူကြီး ကျွန်မတို့ အားလုံး လုပ်နိုင်ပါတယ်။

ကိုယ့်ကိုကိုယ်ထိန်းခြင်းနဲ့ သမာဓိအား ပွားနိုင်ပါတယ်။ ထူးကဲတဲ့ သင်္ကြန်ကြီးမှာ ထူးကဲတဲ့ ကုသိုလ်တွေ ပြုနိုင်ပါတယ်။ အိမ်မှာ ငြိမ်ငြိမ်လေးနေပြီး ပြုနိုင်ပါတယ်။

ပြည်သူပြည်သားအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။"

**❑ "အာရောဂျံ ပရမံလာဘံ" အနာကင်းခြင်း(ကျန်းမာခြင်း)သည် အကောင်းဆုံးလာဘ်လာဘဖြစ်၏ ပါတဲ့။ ကိုယ့်အတွက်သာမက၊ အများအတွက် အကောင်းဆုံးလာဘ်လာဘကို ပေးကမ်းတဲ့ စေတနာအလှူကြီး ကျွန်မတို့အားလုံး လုပ်နိုင်ပါတယ်**






## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပင်လယ်ပြင်မှ ဝင်ရောက်လာသည့် ရေလုပ်သားများအား ကျန်းမာရေးစတင်စစ်ဆေး

မြိတ် မေ ၄

မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသော ငါးဖမ်းလှေများ၊ ငါးသယ်လှေများရှိ ရေလုပ်သားများအား မေ ၄ ရက်မှစတင်ကာ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းတို့ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးခြင်းကို မြိတ်မြို့တွင် စတင်ဆောင်ရွက်လျက်ရှိသည်။

"မြန်မာလ လပြည့်နေ့ဝန်းကျင် လဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်နေ့အထိ ရေလုပ်ငန်းသဘောသဘာဝအရ အဲဒီရက်တွေမှာ လုပ်ငန်းရပ်နားကြပါတယ်။ ဒီရက်တွေမှာ ဝါတန်း(ဝိုင်းချုပ်)လှေတွေ၊ ကင်းမွန်မီးထွန်းလှေတွေ အများဆုံးပြန်ဝင်တဲ့ရက် ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပင်လယ်ပြင်က ပြန်လာတဲ့ ရေလုပ်သားအပါအဝင်

*စာမျက်နှာ ၄ ကော်လံ ၁* ❖



# ရောဂါမကူးစက် မပျံ့နှံ့ရေး အရေးကြီးသည့်ရက်သတ္တပတ်များ

ကိုဗစ်-၁၉ သည် ဒုတိယကမ္ဘာစစ်နောက်ပိုင်းကာလ လူသားကမ္ဘာ၏ အကြီးမားဆုံး၊ အပြင်းထန်ဆုံး ဘေးဒုက္ခကပ်ဖြစ်လာနေပြီဖြစ်သည်။ ကမ္ဘာလုံးချီ ကူးစက်မြန်ကပ်ရောဂါကြီးက ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေးတို့ကို ကြီးမားစွာရိုက်ခတ်သည်။ နိုင်ငံတကာဆက်ဆံရေးတွင်ရော ပြည်တွင်းအခြေအနေများတွင်ပါ ကသောင်းကနင်း အပြောင်းအလဲများဖြစ်ပေါ်သည်။ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့ဇာတ်ခုံကြီး ကမောက်ကမဖြစ်ရခြင်းဟုပင် ဆိုရမည်။

ကမ္ဘာကြီးတစ်ခုလုံးနီးနီး လွှမ်းခြုံသွားခဲ့ပြီဖြစ်သည့် ကိုဗစ်-၁၉ သည် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံမှ စတင်ခဲ့သော်လည်း မြန်မာနိုင်ငံကို တိုက်ရိုက်ကူးစက်ခြင်းမရှိခဲ့။ ကမ္ဘာတစ်ခွင် လှည့်ပတ်သွားပြီးကာမှ အနောက်ကတစ်ဆင့် ဝင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသို့ ဝင်ရောက်မလာသေးမီ ကြားကာလတွင် ရက်သတ္တပတ် များစွာကြာအောင် အခြားနိုင်ငံများ၏ ဖြစ်စဉ်များမှ သင်ခန်းစာယူဖွယ်များနှင့် ကြိုတင်ပြင်ဆင်ရန် အခွင့်အလမ်းများလည်း ရရှိခဲ့သည်။

လက်ရှိအခြေအနေတွင်မူ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသူများကို စောင့်ကြပ်ကြည့်ရှုခြင်းအား နိုင်ငံအတွင်းကပ်ရောဂါသဖွယ် ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးအတွက် ပထမဦးစားပေးအဖြစ် ဆောင်ရွက်နေကြရသည်။ ထို့အပြင် ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဖြစ်ပေါ်စေနိုင်သည့် လမ်းကြောင်းများကို ဖြတ်တောက်သည့်အနေဖြင့် လူစုလူဝေးများကို တားမြစ်ခြင်း၊ အသွားအလာ အဝင်အထွက်များကို ကန့်သတ်ခြင်း၊ အရောင်းအဝယ်၊ အလုပ်အကိုင်များကို လျှော့ချခြင်း၊ ခရီးသွားလာမှုများကို ထိန်းချုပ်ခြင်းနည်းလမ်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြုလုပ်လျက်ရှိသည်။ ကိုဗစ်-၁၉ အတည်ပြုလူနာတစ်ဦး စတင်တွေ့ရှိချိန်မှစတင်ကာ ရက်သတ္တနှစ်ပတ်အတွင်း အတည်ပြုလူနာ ၂၁ ဦးကို တွေ့ရှိခဲ့ရပြီဖြစ်သလို ၎င်းတို့အနက်မှ မူလရောဂါအခံကြီးမားသူတစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူ၊ ရောဂါပိုးမတွေ့ရတော့သူများရှိသလို အထူးကြပ်မတ်ကုသနေရသူ နှစ်ဦးလည်း ရှိနေသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ဒီနေ့ဟာ COVID ရောဂါရှိနေသူတစ်ဦးကို မြန်မာပြည်တွင်းမှာ ပထမဆုံးတွေ့ရှိပြီး (၁၄) ရက်မြောက်နေ့ ဖြစ်ပါတယ်။ နောက် (၂) ပတ်၊ (၃) ပတ်အတွင်းမှာ ရောဂါပျံ့ပွားနှုန်း ဘယ်လောက်မြန်နိုင်မယ်ဆိုတာ ပေါ်လွင်လာပါလိမ့်မယ်။ ဒီအချိန်မှာ ပြည်သူတွေအားလုံး အထူးသတိဝိရိယနဲ့ ရောဂါမပျံ့ပွားရေးအတွက် စည်းကမ်းညွှန်ကြားချက်တွေ လိုက်နာဖို့ အရေးကြီးပါတယ်။" ဟူ၍ ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ ယခုနှစ်သင်္ကြန်ကို ဖြတ်ကျော်ရန်နှင့် ပတ်သက်၍ ပြည်သူများထံ သတင်းစကားပါး ရေးသားရာ၌ ထည့်သွင်းဖော်ပြထားပြီး သင်္ကြန်တွင် လူစုလူဝေးရှောင်ရန်၊ အိမ်တွင်သာ ငြိမ်ငြိမ်လေးနေခြင်းအားဖြင့် လူအများ ကျန်းမာရေးကောင်းကျိုးအတွက် ကုသိုလ်ပြုကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

သင်္ကြန်ကာလအပါအဝင် လာမည့်ရက်သတ္တပတ် နှစ်ပတ်မှ သုံးပတ်အထိသည် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု တိုက်ဖျက်ရေးတွင် အထူးအရေးကြီးသည့် ရက်သတ္တပတ်များဖြစ်သည်။ ယင်းကာလများအတွင်း ပြည်သူများ၏ အနေအထိုင်၊ အပြုအမူ၊ အကျင့်အကြံများက ကူးစက်ရောဂါအား အနိုင်ယူရေးကို အဖြေပေါ်စေလိမ့်မည်ဖြစ်သည်။ ခေတ်မီတိုးတက်သည့် နိုင်ငံကြီးများ၊ စီးပွားရေးအင်အားကြီးနိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု မြန်ဆန်ခဲ့ခြင်း၊ လူ့အသက်များစွာ အဖိတ်အစဉ်ရှိခဲ့ခြင်းတို့က လူတစ်ဦးချင်းစီတို့၏ မိမိကိုယ်ကိုယ် ကာကွယ်နိုင်မှုသည် အဓိကဖြစ်သည်ကို ပြဆိုနေခြင်းဖြစ်သည်ဟု ယူဆမိသည်။ ထို့အပြင် စည်းလုံးညီညွတ်မှု၊ အပြန်အလှန်ရိုင်းပင်းကူညီမှု၊ အများအကျိုးအတွက် သယ်ပိုးဆောင်ရွက်မှု၊ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုတို့ကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးတွင် အလိုအပ်ဆုံးသော အင်အားများဖြစ်သည်ဟု ရှုမြင်မိပါကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြ သည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ

## နေပြည်တော် ပျဉ်းမနားမြို့နယ် ရောင်းဝယ်ရေးသမဝါယမအသင်းများမှ အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေး

**နေပြည်တော် မေ ၄**

နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ရောင်းဝယ်ရေး သမဝါယမအသင်းများမှ မြို့နယ်သမဝါယမအသင်းစုနှင့် ပူးပေါင်း၍ အခြေခံစားသောက်ကုန်၊ လူသုံးကုန် ကိုဗစ်-၁၉ ကာကွယ်ရေး နှာခေါင်းစည်းများ၊ ပိုးသတ်ဆေးများ၊ လက်သန့်ဆေးရည်များကို ပျဉ်းမနားမြို့နယ်အတွင်း ရွာကောက်နှင့် ရန်အောင်ရပ်ကွက်ရှိ ပြည်သူများထံသို့ ရောင်းချပေးလျက်ရှိသည်။ (ယာပုံ)



ထိုသို့ ရောင်းချရာတွင် ဆန်အိတ်ကြီး ၃၀၊ ဆန်ခြောက်ပြည်အိတ် ၆၀၊ စားသုံးဆီအမျိုးမျိုး ၁၂၀ ဘူး၊ ဆားအထုပ် ၅၀၀၊ ကြာဆံထုပ် ၁၅၀၊ ခေါက်ဆွဲထုပ် ၁၀၀ နှင့် အခြားစားသောက်ကုန်ပစ္စည်းများ စုပုံထားရှိပြီး ဆန်ခြောက်ပြည်တစ်အိတ်လျှင် ငွေကျပ် ၈၄၀၀၊ လက်လီတစ်ပြည်လျှင် ငွေကျပ် ၁၂၀၀၊ ဆားတစ်ထုပ် ငွေကျပ် ၂၀၀၊ ဆီတစ်ဘူး အနည်းဆုံး ငွေကျပ် ၈၀၀၀မှ နှစ်ပိဿာဘူးလျှင် ငွေကျပ် ၁၆၀၀၀ ထိ ရောင်းချပေးလျက်ရှိသည်။ ရောင်းချပေးသည့် ဆန်အမျိုးအစားမှာ ပေါ်ဆန်းနှင့် ရောမင်းဖြစ်ပြီး ဆီအမျိုးအစားများမှာ ပဲဆီ၊ နေကြာဆီ၊ Goody ဟင်းသီးဟင်းရွက်ဆီတို့ဖြစ်သည်။

ထိုသို့ရောင်းချရာတွင် လာရောက်ဝယ်ယူသည့် ပြည်သူများအား ရောဂါကူးစက်မှုအန္တရာယ်မှ ကင်းဝေးစေရန် လက်သန့်ဆေးရည်ဖြင့် သန့်စင်စေခြင်း၊ သုံးပေအကွာမှ တန်းစီဝယ်ယူစေခြင်းတို့ဖြင့် စနစ်တကျဆောင်ရွက်ပေးလျက်ရှိသည်။ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းမှာ ဈေးနှုန်းကြီးမြင့်ခြင်းမရှိစေရေးအတွက် ညှိနှိုင်းထိန်းသိမ်းရန် ရည်ရွယ်၍ သမဝါယမအသင်းများကလည်း ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း

## ပုသိမ်မြို့တွင် စောင့်ကြပ်ကြည့်ရှုမှုခံယူနေကြသူများအား တေးဂီတဖြင့်ဖျော်ဖြေပေး

**ပုသိမ် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ပုသိမ်တက္ကသိုလ် နန္ဒဆောင်တွင် စောင့်ကြပ်ကြည့်ရှုမှု ခံယူနေသူများအား တေးဂီတဖြင့် ဖျော်ဖြေပေးမှုကို မေ ၄ ရက် ည ၆ နာရီခွဲက နန္ဒဆောင်ရှေ့၌ ပြုလုပ်သည်။

နန္ဒဆောင်တွင် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုခံယူနေသူများကို စိတ်ဓာတ်မြှင့်တင်ရေးအဖြစ် တေးဂီတဖျော်ဖြေပွဲတစ်ခု မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး) ဩဝါဒါစရိယ လမင်းတစ်ရာဘက်စုံဆရာတော်၏ လမ်းညွှန်မှုနှင့် ကျင်းပခြင်းဖြစ်ပြီး ကိုဇော်ကြီးက ဦးဆောင်ကာ Infinity Eetertainment အဖွဲ့နှင့်အတူ အဖွဲ့ဝင်ငါးဦးတို့က တေးသံသာများဖြင့် ဖျော်ဖြေခဲ့ကြပြီး ည ၉ နာရီတွင် ပြီးဆုံးခဲ့ကြောင်း သိရသည်။

နန္ဒဆောင်တွင် စောင့်ကြပ်ကြည့်ရှုမှုခံယူနေသူ အမျိုးသား ၁၅ ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ၁၉ ဦးတို့သည် မတ် ၂၆ ရက်မှစ၍ စောင့်ကြပ်ကြည့်ရှုမှုခံယူနေရခြင်းဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပုသိမ်ခရိုင်တာဝန်ခံဒေါက်တာ မြတ်မင်းထွန်းက ဦးဆောင်ကာ ကျန်းမာရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ Volunteer Team (Pathein)အဖွဲ့တို့နှင့် ပူးပေါင်း၍ နေ့ညမပြတ် ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိကြောင်းနှင့် ကျန်းမာရေးလည်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

မောင်မောင်မြင့်(ပြန်/ဆက်)

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်လျက်ရှိသော နေရာများနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတို့တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ ပရဟိတစေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**ရန်ကုန် ဧပြီ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးရှိ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်လျက်ရှိသော နေရာများသို့ ကွင်းဆင်းသွားရောက်ကြည့်ရှုသည်။

ရှေးဦးစွာ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမှုခံနေသူ ၂၁၈ ဦးအား ထားရှိသည့် လှည်းကူးမြို့နယ်ရှိ ဓမ္မရံသီကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုနန္ဒအား ဖူးမြော်၍ ယခုကဲ့သို့ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိန်းချုပ်ရေးလုပ်ငန်းတွင် အလွန်အရေးကြီးသည့် အသွားအလာကန့်သတ်ရန်နေရာများ ပံ့ပိုးပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုရာနေရာတွင် ပရဟိတစေတနာ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေသူများနှင့် တွေ့ဆုံ၍ ကျေးဇူးတင်စကားနှင့် အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ဝေဘာဂီ အထူးကုဆေးရုံကြီးသို့ သွားရောက်၍ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် မိမိစိတ်ဆန္ဒအလျောက် အဆိုပြုတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား တွေ့ဆုံ၍ ကျေးဇူးတင်အားပေးစကား ပြောကြားသည်။ ထို့နောက် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ပြီး CT Scan ဓာတ်မှန်စက်ကြီးနှင့် Oxygen Plant တပ်ဆင်ထားရှိမည့် နေရာများကို ကြည့်ရှုကာ လူနာများ ထားရှိကုသမှုပေးရန် ထပ်မံလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ရန်ကုန်တိုင်းဒေသကြီးရှိ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်လျက်ရှိသောနေရာများနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတို့တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ ပရဟိတစေတနာ့ဝန်ထမ်းများအား တွေ့ဆုံ အားပေးစကားပြောကြားစဉ်။ သတင်းစဉ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးမှ ကိုဗစ်-၁၉ ရောဂါလူနာနှင့် ထိတွေ့ခဲ့သည့် ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်း ၁၆ ဦး အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုခံယူရာ ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်ရှိ ဝန်ထမ်းအိမ်ရာ လေးထပ်ဆောင်သစ်သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးရှိ လေးထပ်ဆောင်သစ်သို့ သွားရောက်ရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ရောဂါပြင်းထန်သောလူနာများအား အထူးကြပ်မတ်ကုသမှုပေးရန် လိုအပ်သောစက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုနှင့် လိုအပ်သည်များကို တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါဆေးရုံများသို့ သွားရောက်စဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ယခင်ကတည်းက တိုင်းဒေသကြီး/ပြည်နယ်ဆေးရုံများတွင် အထူးကြပ်မတ်ကုသဆောင်များကို အဆင့်မြှင့်တင်မှုများ ပြုလုပ်ပြီး ဆရာဝန်များ၊ သူနာပြုများနှင့် ကုသမှုအထောက်အကူပြုပညာရှင်များကို အထူးကြပ်မတ်ကုသမှုဆိုင်ရာ မွမ်းမံသင်တန်းများ ပြုလုပ်ရန် စီစဉ်ထားရှိခဲ့ရာ ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုတွင် အဆိုပါသင်တန်းများနှင့် အဆင့်မြှင့်တင်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ယခုဖြစ်စဉ်အတွက်သာမက ရေရှည်အတွက်ပါ အကျိုးရှိစေမည်ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ လူနာများအား သီးသန့်ထားရှိကုသမှုပေးနိုင်ရန်အတွက် ဆေးရုံများ ကြိုတင်ပြင်ဆင်ထားရှိသကဲ့သို့ မန္တလေးတိုင်းဒေသကြီးတွင်လည်း ခုတင် (၃၀၀) ဆံ့ သင်ကြားရေးဆေးရုံကြီးကို designated hospital အဖြစ် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပါကြောင်း၊ ကိုဗစ်-၁၉ ကုသရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင်လည်း ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် Clinical Management Team များ ဖွဲ့စည်းထားရှိကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ကိရိယာများနှင့် ဓာတ်ခွဲပစ္စည်းများကို ဝန်ကြီးဌာနက အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး ထပ်မံလိုအပ်ပါက အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဆေးရုံအလိုက် လိုအပ်သည်များကို စာရင်းပြုစု၍ အမြန်ဆုံးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှု ခံနေသူ ၂၅ ဦးထားရှိရာ သုဝဏ္ဏဘောလုံးအကယ်ဒမီနှင့် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုခံနေသူ ၁၄၅ ဦးထားရှိရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့သို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်နေသည်များကို ကြည့်ရှုပြီး ပရဟိတစေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံရာ ကျေးဇူးတင်စကားနှင့် အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) သို့ သွားရောက်၍ ကိုဗစ်-၁၉ နှင့် ပတ်သက်ပြီး ပြည်သူများသိရှိလိုသည်များ မေးမြန်းနိုင်ရန် Call Center တစ်ခုပြုလုပ်သွားရန် စီစဉ်ထားရှိမှု အခြေအနေများရှင်းလင်းပွဲသို့ တက်ရောက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ သွားရောက်၍ RT-Polymerase Chain Reaction (PCR) နည်းပညာအသုံးပြု၍ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်ရာတွင် ဓာတ်ခွဲနမူနာများရယူခြင်း၊ လက်ခံခြင်း၊ ထုတ်ယူခြင်းနှင့် ပြင်ဆင်ခြင်း၊ ဓာတ်ခွဲနမူနာမှ Ribonucleic Acid (RNA) ထုတ်ယူခြင်း၊ Mastermix Preparation ပြုလုပ်ခြင်း၊ PCR ဖြင့် စစ်ဆေးခြင်း၊ ဓာတ်ခွဲအဖြေထုတ်ခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဌေးဌေးတင်၏ လိုအပ်သည်များတင်ပြမှုအပေါ် ဆွေးနွေး ခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အမြန်ဆုံးဖြည့်ဆည်းပေးမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကြိမ်ချောင်းကျေးရွာသို့ အသားကဏ္ဍဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေ ကျပ်သိန်း ၂၅၀ လွှဲပြောင်းပေးအပ်

**ဝန်းသို ဧပြီ ၄**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အသားကဏ္ဍဖွံ့ဖြိုးရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (အသားကဏ္ဍ) ရန်ပုံငွေ ကျပ် သိန်း ၂၅၀ အား စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကြိမ်ချောင်းကျေးရွာသို့ ယနေ့ နံနက်ပိုင်းက လွှဲပြောင်းပေးအပ်ခဲ့သည်။

လွှဲပြောင်းပေးအပ်ရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေစိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်းတို့က ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီထံသို့ သဘောတူစာချုပ်များနှင့် စီမံကိန်းလည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၂၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း(အသားကဏ္ဍ)တွင် အသင်းဝင်များအနေဖြင့် နွားမွေးမြူရေး၊ ကြက်မွေးမြူရေး (ဥစားကြက်နှင့် အသားတိုး)၊ ဝက်မွေးမြူရေးနှင့် အခြားသော မွေးမြူရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်ဖြစ်ပြီး အတိုးရငွေများကို ကျေးရွာရှိ အသားကဏ္ဍအထောက်အကူပြုလုပ်ငန်းများနှင့် ကျေးရွာမှ အများသဘောတူ အတည်ပြုသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာတင်လှိုင်ဝင်းထံမှ သိရသည်။

ကြိမ်ချောင်းကျေးရွာတွင် အိမ်ခြေ ၁၂၅ အိမ်၊ လူဦးရေ ၇၆၀ ရှိပြီး စီမံကိန်းလည်ပတ်ရန်ပုံငွေမှ ဝက်မွေးမြူရေးကိုသာ အဓိကထားမွေးမြူကြမည်ဖြစ်၍ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်(GAHP) စနစ်ဖြင့် မွေးမြူနိုင်ရေး အသင်းဝင်များအား သင်တန်းပို့ချပေးပြီးဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါက်တာတင်လှိုင်ဝင်းက ပြောသည်။ **မွေးကြူဇင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အသွားအလာကန့်သတ်ခြင်းနေရာများတွင် အသိပညာပေးခြင်းနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၄

**Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်မှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine) ဆောင်ရွက်ပေးနေသည့်နေရာများ၌ အသိပညာပေး ခြင်းနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ယနေ့ နံနက်ပိုင်းက Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ အသွားအလာကန့်သတ်ခြင်းနေရာများတွင် အသိပညာပေးခြင်းနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရေး Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဝင်းမြတ်အေးက ကိုဗစ်–၁၉ ကူးစက်မြန်ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးသည် အချိန်နှင့်အမျှ၊ နေ့ရက် ရွှေ့ဆိုင်း၍မရသော လုပ်ငန်းဖြစ်ကြောင်း၊ လုပ်ငန်းများ အချိန်မီလည်ပတ်နိုင်ရန်နှင့် ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်နိုင်ရန် လူအင်အား အနည်းဆုံးဖြင့် အထိရောက်ဆုံးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယနေ့ ညှိနှိုင်းခြင်းကိုလည်း မိမိတို့နေအိမ်များမှနေ၍ အိုင်တီနည်းပညာအသုံးပြုပြီး လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ အသွားအလာကန့်သတ်ခြင်း(Quarantine) ခံရသူများအတွက် မည်သည့်အတွက်ကြောင့် အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်ရသည်ကို ကောင်းစွာနားလည်သဘောပေါက်စေရန် အသိပညာပေးရန် လိုအပ်ပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါပိုးသည် လူ့ခန္ဓာကိုယ်ပေါ်မှတစ်ဆင့် အခြားသူနှင့် ထိတွေ့ပြီး ကူးစက်ခြင်းဖြစ်ရာ အသွားအလာကန့်သတ်ခြင်းအားဖြင့် ထိတွေ့မှုများကို ကန့်သတ်နိုင်ပြီး ကူးစက်မှုများကို ထိန်းချုပ်နိုင်မည်ဖြစ်သည်ကို အများစု သဘောပေါက်နားလည်စေနိုင်သောစကားဖြင့် ပညာပေးရန် လိုအပ်ပါကြောင်း။

ရောဂါပိုးကူးစက်ခံရနိုင်ခြေရှိသည်ဟု ယူဆထား၍ အသွားအလာကန့်သတ်ခြင်းဖြစ်ရာ မိမိမိသားစုနှင့် မိမိရပ်ကွက်၊ ကျေးရွာအတွင်း ရောဂါပြန့်ပွားမှု မရှိစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး တစ်ကမ္ဘာလုံးတွင် ဆိုးရွားစွာပျံ့နှံ့နေသော ကပ်ရောဂါကို မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း ပြန့်ပွားမှုမရှိအောင် မိမိကဆောင်ရွက်နိုင်စွမ်းရှိသည်ဟု ဂုဏ်ယူရန်ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ကူးစက်ရောဂါနှင့် ပတ်သက်သည့် ဗဟုသုတများကို မှန်ကန်စွာ သိရှိနားလည်သဘောပေါက်ပြီး စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ (၁၄) ရက် (Quarantine) ကာလ ပြီးမြောက်ပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဌာနများ၏ ထုတ်ပြန်ညွှန်ကြားချက်များကို ဆက်လက်လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိနှင့် ပတ်ဝန်းကျင်တစ်ခုလုံး ရောဂါပိုးကူးစက်ခံရခြင်းဘေးမှ ကင်းလွတ်မည်ဖြစ်ကြောင်းကို ပညာပေးဆောင်ရွက်ရန် လိုအပ်ကြောင်း။

အသိပညာပေးမည့် စာသားများပြုစုပြီး Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူကာ အသံသွင်းခြင်း၊ ဗီနိုင်းများစိုက်ထူခြင်းကို ဆက်လက်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထိုသို့ ပညာပေးဆောင်ရွက်ရန် စေတနာလုပ်အားရှင်( Volunteer) များ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူရန် စီစဉ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ကြမည့်သူများကိုလည်း သိရှိပူးပေါင်းလိုက်နာရမည့် အချက်များကို စနစ်တကျ ဆွေးနွေးလေ့ကျင့်ပေးရမည်ဖြစ်ကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနက ပြုစုထားသော စေတနာ့ဝန်ထမ်းများစာရင်းကို မြို့နယ်များအလိုက် ပြန်လည်စိစစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်၌ ဖွဲ့စည်းထားသော ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ခွဲများသို့ လူမှုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရေးအတွက် အလွယ်တကူ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းနိုင်ရေး ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက အသွားအလာကန့်သတ်ခြင်း (Quarantine) ခံရသူများအတွက် ပညာပေးခြင်းဆောင်ရွက်မည့် စာသားပြုစုခြင်း၊ အတည်ပြုခြင်းနှင့် လူအင်အားများစွာ အသုံးမပြုရဘဲ ပညာပေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အသံသွင်း၍ လက်ကိုင်အသံချဲ့စက် သို့မဟုတ် အသံချဲ့စက်များဖြင့် Quarantine ဆောင်ရွက်သည့် နေရာများ၌ ထပ်ခါထပ်ခါ အသံထုတ်လွှင့်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊ အသိပညာပေးဗီနိုင်းများ စိုက်ထူခြင်းကိစ္စများနှင့် ကိုဗစ်–၁၉ ကူးစက်ရောဂါနှင့် ပတ်သက်ပြီး ထိတ်လန့်တုန်လှုပ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ဝမ်းနည်းခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း စသော စိတ်ခံစားမှုရှိနေသူများအတွက် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် online Training ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအတွက် ယုံကြည်စိတ်ချစွာ တိုက်ရိုက်ဆက်သွယ်နိုင်သော Hot Line နံပါတ်များ သတ်မှတ်အသိပေးခြင်း စသည်တို့ကို ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံစားသောက်ကုန်၊ ဆေးနှင့် ဆေးပစ္စည်းများ ဖူလုံရေးနှင့် ဈေးနှုန်းကြီးမြင့်မှု မရှိစေရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် မေ ၄**

အခြေခံစားသောက်ကုန်၊ ဆေးနှင့် ဆေးပစ္စည်းများ ဖူလုံရေးနှင့် ဈေးနှုန်းကြီးမြင့်မှု မရှိစေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ အသင်းအဖွဲ့အသီးသီးမှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်နေသော ကုန်ဈေးနှုန်း မြင့်တက်မှုများ၊ ဈေးကွက်အတွင်း ဈေးကစားမှုများကို ကြီးကြပ်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ အရေးကြီးကုန်စည်များဖြစ်သည့် ဆန်၊ ဆီ၊ စားဖိုဆောင်သုံးသီးနှံများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများကို အုပ်စုအလိုက် သတ်မှတ်ထားပြီး ဖြစ်သင့်ဖြစ်ထိုက်သော လက်လီဈေးနှုန်းများ ထိန်းသိမ်းထားနိုင်ရေး ဆွေးနွေးပေးရန် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် အရန်ဆန်နှင့် စားသုံးဆီများ လိုအပ်သလို ထားရှိနိုင်ရေးအတွက် သက်ဆိုင်ရာ အသင်းအဖွဲ့များအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များကိုလည်း အကြံပြုဆွေးနွေးကြရန်နှင့် ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းစဉ်များတွင် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ ကူညီဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် အသင်းအသီးသီးမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များက အသင်း၏ ဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ဆန်၊ ဆီနှင့် ဆေးဝါးများ ပြတ်လပ်မှုမရှိစေရေး၊ ဖူလုံမှုရှိစေရေး အထူးကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



အခြေခံစားသောက်ကုန်၊ ဆေးနှင့် ဆေးပစ္စည်းများ ဖူလုံရေးနှင့် ဈေးနှုန်းကြီးမြင့်မှု မရှိစေရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

❖ *ရွှေ့ဖုံးမှ*

ပြည်ပကဝင်လာတဲ့ ရေလုပ်သားတွေပါ ကျန်းမာရေးစစ်ဆေးဖို့ စီမံချက်ပုံစံမျိုးနဲ့ မေ ၄ ရက်မှ ၈ ရက်အထိ သတ်မှတ်ပြီး စပြီးတော့ စစ်ဆေးမှုပြုလုပ်တာဖြစ်ပါတယ်” ဟု မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းနောင်ဦးက ပြောသည်။

မေ ၄ ရက်၌ နေရပ်ပြန်လည်ရောက်ရှိလာသည့် ငါးဖမ်းလှေအစင်းရေ ၃၀ ကျော်သာရှိ၍ ရေလုပ်သားများကို ငါးလေလံဈေး အရှေ့ရေပြင်၌ ကျန်းမာရေးစစ်ဆေးရေးအဖွဲ့က ကျန်းမာရေးစစ်ဆေးမှု စတင်ဆောင်ရွက်ခဲ့ကြပြီး ကျန်ရှိသောရက်များ၌ လိုအပ်ပါက ကျန်းမာရေးစစ်ဆေးရေးအဖွဲ့ တိုးချဲ့ဖွဲ့စည်းကာ စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ မြိတ်စစ်ဆေးရေးစခန်းသို့ ဝင်ရောက်လျက်ရှိသော ငါးဖမ်းလှေအများစုသည် ပင်လယ်ပြင်မှ ပြန်လာကြသော ငါးဖမ်းလှေရေလုပ်သားများဖြစ်ကြကြောင်း၊ ပြည်ပမှလာသော ငါးသယ်လှေများသည် ကော့သောင်းစစ်ဆေးရေးစခန်း၌ အစစ်ဆေးခံပြီးမှ မြိတ်ကို လာရောက်ကြခြင်းဖြစ်ကြောင်း၊ ပြည်ပမှလာရောက်သည့် ငါးသယ်လှေများကို အဓိကထားစစ်ဆေးလျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ငါးဖမ်းကွက်များအတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသော ငါးဖမ်းလှေများ၊ ငါးသယ်လှေအစင်းရေ ၁၀၀ ကျော်၊ ရေလုပ်သားနှစ်သောင်းခန့် မြိတ်မြို့သို့ ပြန်လည်ဝင်ရောက်လာမည်ဖြစ်ရာ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြိတ်ခရိုင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဦးစီးကော်မတီ၏ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ချက်ဖြင့် စစ်ဆေးမှုများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြစ်ကာ မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးဖမ်း/သယ်လှေများရှိ ရေလုပ်သားများအားလုံး ကျန်းမာရေးစစ်ဆေးခံရန် ကုမ္ပဏီများ၊ ရေလုပ်ငန်းရှင်များ၊ လှေအေးဂျင့်များ သိရှိလိုက်နာပူးပေါင်းဆောင်ရွက်ရန် ကြိုတင်အကြောင်းကြားထားပြီး ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် စတင်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်



ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်းဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှုစတဲ့ အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်းရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကိုအရယူနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် မြန်အောင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများအတွက် အလှူငွေနှင့် နှာခေါင်းစည်းများ ထောက်ပံ့

**မြန်အောင် ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အလှူငွေနှင့် နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဧပြီ ၄ ရက်က ပြည်ပမှ ပြန်လာသူများထားရှိသည့် မြန်အောင်မြို့ အမှတ်(၂)အ.ထ.က (နေခြည်)၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ထောက်ပံ့ငွေနှင့် နှာခေါင်းစည်းများကို မြို့နယ်ကော်မတီထံ ပေးအပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အစိုးရအဖွဲ့၏ တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများအတွက် မြို့နယ်အလိုက် ကူညီပေးလျက်ရှိသည့်အခြေအနေများနှင့် မြို့နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ပြည်သူများ၏ စုပေါင်းဆောင်ရွက်နိုင်မှုဖြင့် ကမ္ဘာ့ကူးစက်မြန် ကပ်ရောဂါဘေးဆိုးကို စုပေါင်းကာကွယ်တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများ၏ အသိပညာပေးမှုပြည်သူများ၏ ကျန်းမာရေးအသိပညာပြည့်ဝမှုနှင့် လိုက်ပါပူးပေါင်းဆောင်ရွက်မှုများသည် အဓိကကျသည့်အလျောက်



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် မြန်အောင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

ပြည်သူအားလုံး ပူးပေါင်းပါဝင်ရေးတို့အတွက် တာဝန်ရှိဌာနဆိုင်ရာများ လူမှုအဖွဲ့အစည်းများအနေဖြင့် ရောဂါအန္တရာယ်မှကင်းဝေးရေးအတွက် မိမိကိုယ်ကိုယ်ကာကွယ်ခြင်းနှင့်အတူ ပြည်သူတစ်ရပ်လုံး ရောဂါကူးဆက်ပြန့်ပွားမှုနှင့်ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ဘက်စုံထောင့်စုံမှ တတ်စွမ်းသရွေ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်အောင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုချိုက ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ မြို့နယ်အဆင့်ဖွဲ့စည်းထားရှိမှု၊ Centre ၁၀ ခု ဖွင့်လှစ်ထားရှိမှု၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား စောင့်ကြည့်စခန်းများတွင် နေထိုင်စားသောက်ရေးနှင့် အရေးပေါ်အခြေအနေတွင် သယ်ယူပို့ဆောင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ရန်ပုံငွေရရှိမှုနှင့် သုံးစွဲမှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဝင်းက ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ၏ ကျန်းမာရေးအခြေအနေနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် ရန်ပုံငွေကျပ်သိန်း ၁၂၀ ကို မြို့နယ်ကော်မတီဥက္ကဋ္ဌထံ ပေးအပ်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းက နှာခေါင်းစည်း ၉၅၀ ကို မြို့နယ်ဆရာဝန်ကြီးထံ ထောက်ပံ့ပေးအပ်ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းဝင်းအတွင်းရှိ စောင့်ကြည့်စခန်းတွင် ပြည်ပမှ ပြန်လည်ရောက်ရှိသူများ၏ ထားရှိမှု၊ ကျန်းမာရေးအခြေအနေနှင့် နေထိုင်စားသောက်မှုများအား ကြည့်ရှုပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။**ထွန်းဇော်ထွန်း(ပြန် /ဆက်)**

# သာစည်မြို့နယ်တွင် အသွားအလာကန့်သတ်ခြင်းနေရာများ ကွင်းဆင်းစစ်ဆေးပြီး သောက်ရေသန့်ဘူးများ၊ ကြက်ဥများ ပထမအရစ်ထောက်ပံ့ပေးအပ်

**သာစည် ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အဘက်ဘက်မှ အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃ ရက် နံနက် ၁၀ နာရီက ညောင်ရမ်းတိုက်နယ်ရှိ အသွားအလာကန့်သတ်ခြင်းနေရာများအား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သီဟ၊ ခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေး ကော်မတီဝင်များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး မွန်းလွဲ ၃ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ သောက်ရေသန့်ဘူးများ၊ ကြက်ဥများ ပထမအရစ်



ထောက်ပံ့ပေးအပ်ပွဲနှင့် ဥပဒေဆိုင်ရာများ အသိပညာပေး ဆွေးနွေးပွဲကို ကျင်းပသည်။ ရေသန့်ဘူးများနှင့် ကြက်ဥကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟ၏ အစီအစဉ်ဖြင့် မြို့နယ်အတွင်းရှိ သတ်မှတ်နေရာတွင် ကန့်သတ်စောင့်ကြည့်လျက်ရှိသော ပြည်ပမှ ပြန်လာသူများအတွက် ထောက်ပံ့ပေးခြင်းဖြစ်ကာ အင်တာနက်လိုင်း ရရှိနိုင်မည့်နေရာဖြစ်ပြီး ပြည်ပမှ ပြန်လာသူများပြားသော သတ်မှတ်နေရာတွင် ကန့်သတ်စောင့်ကြည့်နေရာ ခြောက်ခု၌လည်း wifi တပ်ဆင်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးဇော်မင်းနိုင်က ရာဇသတ်ကြီးဥပဒေ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး မြို့နယ်အဆင့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ မြို့နယ်အတွင်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့သည်။

ထို့နောက် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်က သတ်မှတ်နေရာတွင် ကန့်သတ်စောင့်ကြည့်နေရာ ၄၀ ၌ စောင့်ကြည့်လျက်ရှိသော ပြည်ပပြန် ၁၆၉ ဦးအတွက် ရေသန့်ဘူးနှင့် ကြက်ဥများကို တာဝန်ရှိသူများထံ ပေးအပ်သည်။ (ဓါတ်ပုံ)

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် အသုံးပြုရန် လာရောက်လှူဒါန်းသော ဆေးရုံသုံးပစ္စည်းများနှင့် အလှူငွေများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေး ကော်မတီဝင်များက လက်ခံခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဧပြီ ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၆ ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ကြောင်ပြာ - မွေတော် - ဂဝံယဉ်ကျေးမှု

——— သောင်းကေတု ———




တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်းတွင် ရှေးမြို့ဟောင်းများရှိသည်။ ကြောင်ပြာ၊ ကျောက်မော်၊ ကျောက်ကြီး၊ ဆည်မြောင်းမြို့များမှာ ထင်ရှားပြီး အချို့အမည်မသိမြို့များလည်း ရှိသေးသည်။ ကြောင်ပြာ၊ ကျောက်မော်၊ ဆည်မြောင်းမြို့များတွင် မြို့ရိုးများ၊ ကျုံးရာများ ကျန်ရှိနေပါသည်။ ထိုမြို့များသည် ကုန်းဘောင်ခေတ်တွင် တောင်ငူမြို့စားက အုပ်ချုပ်ရသော တောင်ငူ ၅၂ မြို့တွင် အပါအဝင်ဖြစ်သည်။

**ကြောင်ပြာမြို့**

ဤမြို့သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၅ မိနစ် ၄၄၈၈ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၃ မိနစ် ၀၃၀၂ စက္ကန့်တွင် တည်ရှိသည်။ တောင်ငူ-မုပ္ပလင်လမ်း သူဌေးကုန်းရွာမှ ဝဲဘက်သို့ ၁ မိုင်ခန့် ဝင်ရသည်။ မူလက ဟံသာဝတီ ၃၂ မြို့ဝင် ဖြစ်သော်လည်း တောင်ငူဘုရင် မင်းကြီးညို ကသိမ်းပိုက်ပြီးနောက် တောင်ငူပိုင်နယ်တွင် ပါဝင်လာသည်။ တောင်ငူသမိုင်းတွင် ဖော်ပြလေ့ရှိသော "တီ ၉ တီ " တွင် ကြောင်ပြာကို "ဖီလာဝတီ" ဟုခေါ်သည်။ ကောင်းကင်ဓာတ်ပုံတွင် အရှေ့ဘက်မြို့ရိုးနှင့် တောင်ဘက်မြို့ရိုး များကို ထင်ရှားစွာမြင်နိုင်သည်။ ကျောက်ကြီးမြို့နယ် ဆရာဝန်အဖြစ် ကျွန်တော် တာဝန်ကျစဉ် ၁၉၉၂ ခုနှစ်က နယ်မြေမအေးချမ်းသဖြင့် ကြောင်ပြာသို့ မရောက်ခဲ့ပါ။ ၂၀၁၃ ခုနှစ်ကျမှ ပထမဆုံး ရောက်ဖူးပါသည်။

ကြောင်ပြာမြို့ဟောင်းကို ကျောက်ဖျာမြို့ဟုလည်း ရေးကခေါ်သည်။ "ယောမင်းတပ်" ဟုလည်း ခေါ်ကြသည်။ ရှေးက ကျောက်မော် ၅ မြို့တွင် ပါဝင်သည်။ ကျောက်မော်၊ ကျောက်စရစ်၊ ကျောက်ကြီး၊ ကျောက်စောင်းနှင့် ကျောက်ဖျာ (ကြောင်ပြာ) တို့ ဖြစ်ကြသည်။ ကျောက်ဖျာ၊ ကျောက်ကြီးနှင့် ကျောက်မော်တို့မှာ စစ်တောင်းမြစ် အရှေ့ဘက်အခြမ်းတွင် တည်ရှိပြီး ကျောက်စောင်းနှင့် ကျောက်စရစ်တို့မှာ အနောက်ဘက်ခြမ်းတွင် တည်ရှိသည်။

၁၁၄၆ ခုနှစ် ဘိုးတော်ဘုရားလက်ထက်၌ ကောက်ယူသော တောင်ငူစစ်တမ်းတွင် ကြောင်ပြာ (ယောမင်းတပ်) သူကြီး ငဖြူကို စစ်မေးရာတွင် သူ၏ အဘိုး ငချစ်လှ၊ သား သေက်ရှည်နှင့် မြေး ငဖြူတို့ အစဉ်အတိုင်းအုပ်ချုပ်ခဲ့ကြောင်း၊ နယ်မြေအကျယ်အဝန်းမှာ အရှေ့ကို တာတစ်သောင်းနှင့် ၄ တိုင်ကွာ ဆတ်တရာ၊ လူးမူဒီ၊ အရိုးတောင်အထိ၊ အရှေ့တောင် တာတစ်သောင်း



မွေတော်စေတီ

ကွာကတ်ကြေးရေတံခွန်အထိ ၊ တောင်ကို ၅ တိုင်ကွာ၊ ကျောက် ၃လုံး စမ်းချောင်းအဝကတ်ကြေးမြေနှင့် ကြောခိုင်း၊ အနောက်တောင် ၅ တိုင်အကွာ မျက်ရဲ၊ ဘုရားငုတ်တို၊ အင်သုံးပင် ၊ ဆေးပုလဲရွာအထိ ၊ အနောက်ကို ၄ တိုင်ကွာ ဇေယျဝတီမြေနှင့် ကြောခိုင်း၊ ကညင်ဒိုင်းအထိ၊ အနောက်မြောက် ၈ တိုင်အကွာ ဘွဲ့ဒိုင်းမြေနှင့် ကြောခိုင်း၊ ကြက်တက်ညောင်ပင်၊ ဂုံညင်းတန်းနှင့် ကုလားသေချောင်းဝအထိ၊ မြောက်ဘက် တာတစ်သောင်းအကွာ မဲဘလံမြေနှင့် ကြောခိုင်း မဲခွချောင်းအထိ၊ အရှေ့မြောက် တာတစ်သောင်းနှင့် ၂ တိုင်ကွာ မဲဘလံ မြေနှင့် ကြောခိုင်း ဖောလောတောင်၊ သရက်ဒိုးအထိ ကျယ်ဝန်းပါသည်။ ဤနယ် (၈) ရပ်အတွင်း လယ်သမားများက ကျွဲ တစ်ရှဉ်းထွန် (၁၀ဧကေ) လျှင် စပါး ၁၀ တင်း၊ တောင်ယာ စိုက်သူများက စပါး ၂ တင်းနှင့် ၂ ပြည် အခွန်ထမ်းဆောင်ရသည်။ အခွန်စပါးကို မြို့ဝန် ၁ တင်း၊ မြို့စာရေး ၁ ခွဲ၊ ကျီဝန် ၁ တင်း၊ ဒေသရုံးအတွက် ၁ တင်း၊ ကြွက်စားအလေအလွင့် ၁ တင်း၊ တာလီ စာရေး ၁ စိတ် ခွဲဝေယူကြပြီး ကျန်စပါးများကို တောင်ငူရုံးတော်သို့ ဆက်သွင်းရကြောင်း၊ သစ်ခုတ်သူများက သစ်တစ်လုံးလျှင် ၁၀ ကျပ်၊ လှေအသစ် ပြုလုပ်လျှင် တစ်စင်းကို ၁၀ ကျပ်၊ ကိုင်းစိုက်သူများက ခေးမတစ်ချောင်းလျှင် ၅ မူး၊ ငါးဖမ်းလုပ်ငန်း ဆည်တစ်ခုလျှင် ၂ ကျပ်၊ ငါးထောင်ချောက် တစ်ခုလျှင် ၁ ကျပ်နှုန်း ကောက်ယူသည်။ ကရင်လူမျိုးများက နှစ်စဉ် ကွမ်းသီး ပိဿာ ၂၀၀ အခွန် ဆက်ရသည်။ ကွမ်းသီး၊ ယိုစုံ၊ ငါးချဉ်၊ သဇင်ပန်း၊ လောင်းပန်း၊ ဂမုန်းအင်ပန်းများကိုလည်း တောင်ငူမြို့ ရုံးတော်မှတစ်ဆင့် ဆက်သရသည်။



ဂဝံကျောက်တုံးကြီးများဖြင့် မြေထိန်းနံရံ ပြုလုပ်ထားစဉ်။

**မွေတော်စေတီများနှင့် ဂဝံယဉ်ကျေးမှု**

ကြောင်ပြာအရှေ့ဘက် ၁ မိုင်ခန့်အကွာ၌ ရှေးဟောင်းသမိုင်းတွင် မွေတော်စေတီ ညီနောင် တည်ရှိသည်။ ဘုရားအလောင်းကြက်မင်းဘဝက ဤဒေသတွင် ကျက်စားခဲ့သည်ဟု ဘုရားသမိုင်းကဆိုသည်။ တောင်ကုန်းငယ်တစ်ခုစီတွင် နောင်တော်စေတီနှင့် ညီတော်စေတီတို့ တည်ရှိပြီး ၂ ဖာလုံခန့် ကွာဝေးသည်။ မြေပြန့်တွင် မယ်တော်စေတီ တစ်ဆူရှိသည်။ ရေကန်ကြီးတစ်ခုအနီးတွင်လည်း စေတီတစ်ဆူရှိသည်။ ညီတော်စေတီခြေရင်းတွင် ၁၀ ပေခန့် ကျယ်ပြီး ပေ ၂၅၀ ခန့် ရှည်လျားသော ဂဝံကျောက်ဖြင့် တည်ဆောက်ထားသည့် လှေကားထစ်များ ရှိသည်။ အလျား ၃ ပေ၊ အနံ ၂ ပေ၊ ထု ၁ ပေခန့်ရှိသော ဂဝံကျောက်တုံးများကို စီထပ်ထားသည်။ နံဘေးမှ လက်ရန်းများကိုလည်း ဂဝံတုံးများကို အကွေးအဝိုက် လှီးဖြတ်ပြီး ပုံဖော်ထားသည်။ လှေကား ၁၀ ထစ်ခန့် တက်ပြီးလျှင် လေးပေခန့်ကျယ်သော ရင်ပြင်ကွက်လပ်တစ်ခုစီ ထည့်သွင်းတည်ဆောက်ထားသည်။ တောင်ခေါင်ခေါင်အရပ်တွင် ခံ့ညားထည်ဝါသော ဂဝံလှေကားထစ်များကို တွေ့ရသည်မှာ ရင်သပ်ရှုမောအံ့ဩရပါသည်။ ညီတော်စေတီမှနောင်တော်စေတီသို့သွားသော မြေနီလမ်းကလေးမှာ အင်တောကြီးအလယ်တွင် ဖြောင့်တန်းစွာ ဖောက်လုပ်ထားသည်။ နောင်တော်စေတီ၏ ရင်ပြင်နှင့် ပစ္စယံများ အက်ကွဲလာသဖြင့် နတ်သံကွင်း၊ ရေတွင်းကုန်း ဆရာတော်က ဦးဆောင်ကာ အသစ်ပြန်လည် ပြင်ဆင်နေသည်။ ၂-၅-၂၀၂၀ ရက်နေ့တွင် ထီးတော်တင်မည်ဟုသိရသည်။ နောင်တော်စေတီ၏ ကုန်းတော်အောက်ခြေတွင် ဂဝံတုံးကြီးများကို စီကာ မြေထိန်းနံရံပြုလုပ်ထားသည်။



မွေတော်စေတီမှ ဂဝံကျောက်ဖြင့် တည်ဆောက်ထားသော လှေကားထစ်များ။

၂၀၀၇ ခုနှစ်က ကြောင်ပြာမြို့ဟောင်းအတွင်းမှ ရှေးဟောင်းစေတီတစ်ဆူကို ရှင်းလင်းရာတွင် ဂဝံရုပ်ပွားတော်များ၊ ဉာဏ်တော် တစ်ပေခန့်ရှိ ရုပ်တော်မူကြေးဆင်းတုတော်တစ်ဆူ **(အပေါ်ယာပုံ)**၊ ကြေးလင်ပန်းများကို တွေ့ရှိခဲ့ရသည်။ ဂဝံရုပ်ပွားတော်များမှာ ဉာဏ်တော် လေးပေခန့်ရှိပြီး နှစ်ပိုင်း သုံးပိုင်းကျိုးပျက်လျက်ရှိသည်။ ပုံတော်များကို ပြန်လည်ဆက်စပ်ကြည့်ရာ၊ မျက်နှာတော်၊ နားရွက်တော်များ ပီပီပြင်ပြင်ရှိသည်ကို တွေ့ရသည်။ အုတ်ချပ်များတွင် ထင်ရှားသော လက်ရေးစင်းများကို တွေ့ရသည်။ အုတ်ချပ်များ၏ အလေးချိန်မှာ ထင်သည်ထက်ပေါ့နေသဖြင့် နှစ်ပေါင်းအလွန်ကြာသော ကာလက အုတ်ချပ်များ ဖြစ်နိုင်ပါသည်။ စေတီငှက်ပျောဖူးပုံသဏ္ဍာန် ဂဝံကျောက်တုံးတွင် ဥာပနာ ထည့်သည့်အပေါက်ပါရှိသည်။ ဖောင်းရစ် သုံးဆင့်ကိုလည်းတွေ့ရသည်။

ကြေးဆင်းတုတော်၏ မုဒြာမှာ ဒေသစာရီ ကြွချီနေသောပုံဖြစ်သည်။ ဆင်းတုတော်၏ နောက်ကြောတွင် ချိတ်ရန် ချိတ်တစ်ခုပါပြီး ခြေတော်အစုံတွင် အောက်ခံပလ္လင်၌ စိုက်ရန် အချွန်ပါသည်။

*စာမျက်နှာ ၇ သို့*

> **"တွံတေးမြို့နယ် တံခွန်တိုင်ကျေးရွာတွင်လည်း ဤရုပ်ပွားတော်မျိုး သုံးဆူကို တစ်နေရာတည်းတွင် တွေ့ရှိခဲ့သည်။ ထိုရုပ်ပွားတော်များမှာ အရွယ်အစားပိုကြီးသည်။ ကြောင်ပြာ မြောက်ဘက်တောတွင်းတစ်နေရာတွင် ဒေသအခေါ် ဂဝံလှည်းဘီးများရှိသည်ဟု သိရသည်။ အချင်း နှစ်ပေခွဲခန့်ရှိပြီး အလယ်တွင် အပေါက်ပါသော ဂဝံတုံးများ ပြန့်ကျဲတည်ရှိနေသည်။ အဆောက်အဦတည်ဆောက်ရာတွင် အသုံးပြုရန် ပြုလုပ်ထားပုံရသည်။ ဤဒေသတွင် ဂဝံပေါများစွာ ထွက်ရှိသည်။ ထို့ကြောင့် ဂဝံယဉ်ကျေးမှု ထွန်းကားခဲ့သော အရပ်ဖြစ်"**

# ဆင်ဘိုမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆောင်ရွက်နေစဉ် ရွှေလီမြို့မှ ပြန်လာသူတစ်ဦးတွေ့ရှိသဖြင့် ၁၄ ရက် စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**ဆင်ဘို မေ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဆင်ဘိုမြို့၌ မေ ၃ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့မှ ပြန်လည်ရောက်ရှိလာသူတစ်ဦး တွေ့ရှိသဖြင့် ၁၄ ရက် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းကျော်က "ကျွန်တော်တို့ နေ့စဉ်အမြန်ရေယာဉ်ဂိတ်တွေမှာ ကျန်းမာရေး စစ်ဆေးတယ်။ လက်ကမ်းစာစောင်ဖြန့်ဝေတယ်။ အဲဒီလို အရှိန်အဟုန်မပျက်ဆောင်ရွက်ရင်းနဲ့ မေ ၃ ရက်က ရွှေလီမြို့မှ ပြန်လည်ရောက်ရှိလာတဲ့ အမျိုးသမီးတစ်ဦးကို တွေ့ရှိတဲ့အတွက် သူ့ကိုအောင်မင်္ဂလာရပ်ကွက်ရှိ ဘော်ဒါဆောင်မှာ ၁၄ ရက် သွားလာမှု ကန့်သတ်ပြီး စောင့်ကြည့်နေပါတယ်"ဟုပြောသည်။

ထို့အပြင် ဆင်ဘိုမြို့တွင် အဆိုပါ ရွှေလီမြို့မှ ပြန်လာသူမှအပ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူ မရှိသေးကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းအတွက် မြို့ဝင်လမ်းကြောင်းဖြစ်သည့် ဗန်းမော်၊ မြစ်ကြီးနား အမြန်ရေယာဉ်ဂိတ်တစ်ခုသာရှိပြီး အဆိုပါဂိတ်တွင် လက်သန့်ဆေးရည်ဖြင့် လက်ဆေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အသိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မြို့ပေါ်ရပ်ကွက်များအပါအဝင် ကျေးရွာများတွင် အသံချဲ့စက်ဖြင့် အသိပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ မြို့ဈေးကို တစ်ရက်ခြားတစ်ခါ အချိန်ကန့်သတ်ဖွင့်လှစ်ထားပြီး ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းကို ပြုလုပ်လျက်ရှိကြောင်းနှင့် ပြည်ပမှပြန်လာသူများရှိပါက အောင်မင်္ဂလာရပ်ကွက်ရှိ ဘော်ဒါဆောင်ကို စောင့်ကြည့်စခန်းအဖြစ် ၁၀ ဦးစာ ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်စိုး(ပြန်/ဆက်)**



# ဟိုင်းကြီးကျွန်းတွင် ကိုဗစ်-၁၉ ရောဂါ သံသယဖြင့် ဆေးရုံတင်ထားသော လူနာတစ်ဦး ကျန်းမာရေးကောင်းမွန်စွာဖြင့် နေအိမ်သို့ပြန်လည်ရောက်ရှိ



**ဟိုင်းကြီးကျွန်း မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့သို့ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့တွင် ရေလုပ်သားအဖြစ် သွားရောက်အလုပ် လုပ်ကိုင်နေသူ အမျိုးသားတစ်ဦး မတ် ၂၈ ရက်က ရောက်ရှိလာခဲ့ပြီး အပြင်းဖျားနေသည့်အတွက် ရပ်ကွက်နေ ပြည်သူများက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမည်ကို စိုးရိမ်မှုကြောင့် ကျောက်ချောင်းတိုက်နယ်ဆေးရုံသို့ တင်ပို့ထားရာ မေ ၄ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ကျန်းမာရေးကောင်းမွန်လာပြီဖြစ်၍ ဆရာဝန်ခွင့်ပြုချက်ဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ၎င်း၏မိသားစုဝင်များက နေအိမ်သို့ ပြန်လည်ခေါ်ဆောင်လာခဲ့ပြီဖြစ်ကြောင်း သိရသည်။

ခရီးမှ ပြန်ရောက်၍ အပြင်းဖျားခဲ့သော လူနာက ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် နယ်မြေ (၇) တွင် နေထိုင်၍ ငါးဖမ်းရေယာဉ်တွင် ရေလုပ်သားအဖြစ် အလုပ်လုပ်ကိုင်နေသူတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားနေချိန်၌ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့တွင် ရေလုပ်သားအဖြစ် သွားရောက် အလုပ်လုပ်ကိုင်ရာမှ ကျန်းမာရေးမကောင်းသဖြင့် ၎င်းနေထိုင်ရာ ဟိုင်းကြီးကျွန်းမြို့သို့ ပြန်လာခဲ့ကြောင်း၊ နေအိမ်သို့ ရောက်ရှိပြီးနောက် ကိုယ်အပူချိန်တက်ပြီး အပြင်းဖျားလာခြင်းနှင့် ပတ်သက်၍ ရပ်ကွက်နေ ပြည်သူများက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမည်ကို စိုးရိမ်မှုကြောင့် ကျောက်ချောင်း တိုက်နယ်ဆေးရုံသို့ မတ် ၃၀ ရက်က တင်ပို့ထားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# လှိုင်သာယာ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးစခန်းနှစ်ခုတွင် စောင့်ကြည့်ခြင်း ခံထားရသူ ၁၂၃ ဦးအား ဆက်လက်စောင့်ကြည့်လျက်ရှိ

**ရန်ကုန် မေ ၄**

**ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၁၂၃ ဦးကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ အောင်မြေသာယာ သာသနာ့ဗိမာန်နှင့် မြို့နယ်ခန်းမတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးစခန်းနှစ်ခုကို ဖွင့်လှစ်ထားရာ မေ ၄ ရက်က ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။**

ပြည်ပမှ ဝင်ရောက်လာသူတို့ကို စောင့်ကြည့်မှုနှင့်အတူ နိုင်ငံခြားသားများကိုလည်း ပြည်သူတို့၏ သတင်းပေးမှုဖြင့် လှိုင်သာယာမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီး အောင်မြေသာယာ သာသနာ့ဗိမာန်၌ အမျိုးသား ၈၈ ဦးနှင့် မြို့နယ်ခန်းမ၌ အမျိုးသမီး ၃၅ ဦး စုစုပေါင်း ၁၂၃ ဦးကို ကာကွယ် ထိန်းချုပ်ရေး သတ်မှတ်ရက် ၁၄ ရက် ပြည့်သည်အထိ စောင့်ကြည့်လျက်ရှိသည်။

"လှိုင်သာယာက စခန်း နှစ်ခုမှာ စောင့်ကြည့်ခံထားရသူ စုစုပေါင်း ၁၂၃ ဦးရှိပါတယ်။ အခု စောင့်ကြည့်ခံထားရတဲ့သူအားလုံးကို သေချာရှင်းပြတဲ့အတွက် နားလည်လိုက်နာကြပါတယ်။ ဈေးတွေမှာ နှာခေါင်းစည်း တပ်ပြီး ဈေးဝယ်တာနည်းတယ်။ မတပ်ဘဲ သွားနေတာလည်း ရှိတယ်။ အများကြီးလည်း မကူးဘူးဆိုရင် လှိုင်သာယာအနေနဲ့ ကျော်လွှားနိုင်မယ်လို့ ထင်ပါတယ်" ဟု မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ခင်ရူပါစိုးက ပြောသည်။

## ပြန်လည်ပို့ဆောင်

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် စောင့်ကြည့်ခြင်း ခံထားရသူ ၁၂၃ ဦး ၏ စားသောက်မှုအတွက် စက်မှုဇုန်မှ အလှူရှင်နှင့် လိုအပ်သမျှကို အနီးကပ်ဖြည့်ဆည်းပေးနေသော ကိုမိုးနှင်း၊ မခင်မာဝင်း အလှူရှင်တို့ နေ့စဉ်လှူဒါန်းမှုနှင့်အတူ အခြားသော စေတနာရှင်တို့ ဝိုင်းဝန်းပူးပေါင်းမှုဖြင့် လှိုင်သာယာ၌ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးစခန်းကို ဆက်လက်ဖွင့်လှစ်ထားရှိပြီး ၁၄ ရက်အတွင်း ထူးခြားသည့် ရောဂါလက္ခဏာ ပြသခြင်းမရှိပါက နေအိမ်သို့ ပြန်နိုင်ရန် အုပ်ချုပ်ရေးမှူးက ဆောင်ရွက်ပေးလျက်ရှိရာ ရက်ပြည့်သူ ၁၂ ဦးကို နေအိမ်သို့ ပြန်လည်ပို့ဆောင်ပြီးဖြစ်ကြောင်း သိရသည်။

## တိုးမြှင့်ဆောင်ရွက်

လှိုင်သာယာမြို့နယ်၌ နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်ကိုင်၍ ပြန်လည်ဝင်ရောက်လာသူ ၂၀၀ ခန့်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် မတ် ၂၉ ရက်မှ ယနေ့ထိ စောင့်ကြည့် ကာကွယ်၊ ထိန်းချုပ်လျက်ရှိပြီး နေ့စဉ် လူစည်ကားရာ ပျံကျဈေးများ၌ ရောဂါ သက်ရောက်မှုမရှိစေရန် ကာကွယ် ထိန်းချုပ်မှု တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

လှိုင်သာယာမြို့နယ် အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဝန်ထမ်း ၁၀၃ ဦးမှာ ရပ်ကွက်၊ ကျေးရွာတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး ပြည်သူတို့အနေဖြင့် ယခုထက်ပိုမိုပူးပေါင်းဆောင်ရွက်မှုဖြင့် ရောဂါသက်ရောက်မှုကို ထိန်းချုပ်နိုင်မည်ဖြစ်ရာ ဆက်လက်၍ ရောဂါကာကွယ်၊ ထိန်းချုပ်မှုနှင့် စပ်လျဉ်း၍ ဒေါက်တာ ခင်ရူပါစိုးက "အခုချိန်ထိ ကံကောင်းသေးတယ် ပြောရမလား။ ဒီဘက်မှာ ရောဂါမတွေ့သေးဘူး။ ရပ်ကွက်အချို့က ဘယ်နေရာမှာ ဖျားနေပါတယ်။ ဖုန်းနဲ့ အကြောင်းကြားရင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သွားရောက်စစ်ဆေးတယ်။ စက်ရုံတွေလည်း အတူတူပဲ။ အချို့လည်း သတင်းအမှားတွေ ပေးကြတယ်။ ဖျားနာနေတယ်ဆိုရင် ချက်ချင်းဆေးရုံပို့တယ်။လှိုင်သာယာမှာ ကိုဗစ်-၁၉ ရောဂါ မရှိသေးဘူး။ သံသယဖြစ်စေ၊ စောင့်ကြည့်ဖြစ်စေ လူနာပဲရှိမယ်၊ ပိုးတွေ့လူနာတော့မရှိသေးဘူး။ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နဲ့ ဟိုတယ်၊ စက်ရုံ၊ နေအိမ်တွေ စစ်ဆေးပါတယ်။ နိုင်ငံခြားသားဆိုရင် လူဝင်မှုကြီးကြပ်ရေးက ဆက်ပြီး ဆောင်ရွက်တယ်။ ကျန်းမာရေးဦးစီးဌာနအနေနဲ့ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် ဖိဖိစီးစီး ဆောင်ရွက်နေပါတယ်" ဟု ဖြည့်စွက်ပြောကြားသည်။

## ဆက်လက်စောင့်ကြည့်

သင်္ကြန်ကာလတွင် စက်ရုံများပိတ်သောကြောင့် နေရပ်ပြန်လျှင် ၁၄ ရက် စောင့်ကြည့်ခံရမည်ဖြစ်ရာ အများစုမှာ နေရပ်သို့ မပြန်ဘဲ အဆောင်များနှင့် ရပ်ကွက်အတွင်း သင်္ကြန်ကာလကို ဖြတ်သန်းမည်ဖြစ်၍ လှိုင်သာယာတွင် ယခုနှစ်သင်္ကြန်ကာလ၌ လူဦးရေ လျော့ကျမှုမရှိခြင်းကြောင့် မေ ၁၀ ရက်မှ ၁၉ ရက်အထိ အိမ်ပြင်မထွက်ရန် ညွှန်ကြားမှုသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်မှု၌ ထိရောက်သော ကာကွယ်မှုတစ်ခုဖြစ်ကြောင်းနှင့် လှိုင်သာယာမြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် စောင့်ကြည့်ခြင်းခံထားရသူ ၁၂၃ ဦးအား ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ **၁၆၄**

*စာမျက်နှာ ၆ မှ*

အေဒီ ၇ ရာစုခန့်က ဒီပင်္ကရာဘုရား ရုပ်ပွားတော်ဖြစ်ပြီး သင်္ဘော်ဦးတွင် ချိတ်ဆွဲပူဇော်သော ရုပ်ပွားတော်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနဌာနမှ ပညာရှင်တစ်ဦးက ပြောပါသည်။

တွံတေးမြို့နယ် တံခွန်တိုင်ကျေးရွာတွင်လည်း ဤရုပ်ပွားတော်မျိုး သုံးဆူကို တစ်နေရာတည်းတွင် တွေ့ရှိခဲ့သည်။ ထိုရုပ်ပွားတော်များမှာ အရွယ်အစားပိုကြီးသည်။ ကြောင်ပြာမြောက်ဘက် တောတွင်းတစ်နေရာတွင် ဒေသအခေါ် ဂဝံလှည်းဘီးများရှိသည်ဟု သိရသည်။ အချင်း နှစ်ပေခွဲခန့်ရှိပြီး အလယ်တွင် အပေါက်ပါသော ဂဝံတုံးများ ပြန့်ကျဲ တည်ရှိနေသည်။ အဆောက်အဦ တည်ဆောက်ရာတွင် အသုံးပြုရန် ပြုလုပ်ထားပုံရသည်။ ဤဒေသတွင် ဂဝံပေါ်များစွာ ထွက်ရှိသည်။ ထို့ကြောင့် ဂဝံယဉ်ကျေးမှု ထွန်းကားခဲ့သော အရပ်ဖြစ်သည်။

၂၃-၂-၂၀၂၀ ရက်နေ့က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ ကြောင်ပြာကျေးရွာ လူထုနှင့် တွေ့ဆုံခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီမြင့်ထွန်းက ကြောင်ပြာမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းရေးကိစ္စ၊ လူထုအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်ရန် ကိစ္စများကို ရှင်းလင်းပြောကြားပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်းတွင် အကြီးဆုံးသော ဂဝံယဉ်ကျေးမှု အမွေအနှစ်များဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူလက်တွဲကာ ထိန်းသိမ်းခြင်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာပါမည်။ ကျေးရွာလူထုက ကြောင်ပြာအဝင် ပြဒါးချောင်း (ကျောက်ကြီးချောင်း) ကူး ကွန်ကရစ်တံတားတည်ဆောက်ပေးရန်၊ လျှပ်စစ်မီးရရှိရေးကိစ္စများကို တင်ပြတောင်းဆိုကြပါသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က လာမည့် ဘတ်ဂျက်နှစ်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဒေသထွက် အမှတ်တရဆိုင်များ၊ ထုတ်ကုန်ပစ္စည်းများ တီထွင်ဆောင်ရွက်ကြရန် မှာကြားခဲ့ပါသည်။

ကျောက်ကြီးမြို့နယ်သည် ယခင်က အေးချမ်းမှုမရှိသော်လည်း ယခုအခါ ငြိမ်းချမ်းရေး စတင်ရရှိလာပြီဖြစ်၍ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်လာပါသည်။ ကျောက်ကြီးမြို့ တောင်ဘက်ရှိ စပ်လဲရေတံခွန်၊ သဲသောမူ၊ သဲသောခွါး ရေတံခွန်များတွင် ရန်ကုန်နှင့် အနယ်နယ် အရပ်ရပ်မှ အပန်းဖြေလာရောက်သူများဖြင့် စည်ကားနေပါသည်။ ရှေးဟောင်းမြို့များကို ဖော်ထုတ်ပြီး ခရီးသွားလုပ်ငန်း တိုးတက်အောင် ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

ကျမ်းကိုး-

တောင်ငူမြို့စစ်တမ်း (၁၁၄၆ ခုနှစ်၊ ဘိုးတော်ဘုရားစစ်တမ်း)

BURMESE SIT– TANS

(1764 –1826)

by Frank N. Trager/ William. J Koening

# သုဝဏ္ဏဝတီမြို့၌ ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုစင်တာ နှစ်ခုတွင် နေရပ်ပြန်ပြည်သူများအား ကျန်းမာရေးစောင့်ကြည့်လျက်ရှိ

**သုဝဏ္ဏဝတီ မေ ၄**

မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့၌ မတ် ၃၀ ရက်မှ စတင်၍ ကိုဗစ်-၁၉ ရောဂါ မကူးစက်၊ မပြန့်ပွားစေရန်၊ ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ နိုင်ငံခြားမှ ပြန်လာသူများအား သက်ဆိုင်ရာက စာရင်းကောက်ယူပြီး မတ် ၂၂ ရက်နောက်ပိုင်း နေရပ်ပြန်လာသူများအား ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုစင်တာနှစ်ခု ဖွင့်လှစ်ကာ ၁၄ ရက်ကြာ စောင့်ကြည့်နေကြောင်း သိရသည်။

**စနစ်တကျ လက်ခံ**

သက်ဆိုင်ရာက စောင့်ကြည့်စစ်ဆေးမှုသို့ လာရောက်သည့် ပြည်သူများအား စနစ်တကျလက်ခံ၍ လိုအပ်သော ထောက်ပံ့ပေးမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေကြောင်း၊ သိမ်ဆိပ်ရပ်ကွက်အပါအဝင် တံတားဦး၊ မိုးကောင်း၊ ချောင်းစောင့်၊ ဒုံဝန်းကျေးရွာအုပ်စုများမှ နေရပ်ပြန်များမှာ သိမ်ဆိပ်(အထက) ကျောင်းတွင် ၁၅၁ ဦး၊ ကျိုက္ကော်၊ တောင်ကြားရပ်ကွက်အပါအဝင် နောင်ဘို၊ ဝင်းပကျေးရွာအုပ်စုများမှ နေရပ်ပြန်များမှာ ကျိုက္ကော်(အထက)ကျောင်းတွင် ၇၄ ဦး စုစုပေါင်း ၂၂၅ ဦးရှိကြောင်း သိရသည်။

စောင့်ကြည့်ခံရသူများကလည်း စည်းကမ်းထုတ်ပြန်ချက်များကို လိုက်နာကြရန်နှင့် ၎င်းတို့အား လိုအပ်သော သောက်သုံးရေများ၊ အစားအသောက်များ ထောက်ပံ့ကူညီရန်အတွက် ပြည့်စုံစွာ လှူဒါန်းပေးသော အလှူရှင်များနှင့် ဝိုင်းဝန်းကူညီပေးကြသော လုပ်အားပေးများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုများအား ကြိုဆိုဂုဏ်ပြုပါကြောင်း သုဝဏ္ဏဝတီမြို့ အုပ်ချုပ်ရေးမှူးဦးမြင့်နိုင်ဝင်းက ပြောသည်။



**ကျန်းမာရေးကောင်းမွန်**

ယနေ့အထိ သထုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ မကူးစက်၊ မပြန့်ပွားစေရေး ထိန်းချုပ်ကာကွယ်ရန်အတွက် နေရပ်ပြန်ပြည်သူများအား စောင့်ကြည့်စင်တာ စုစုပေါင်း ၁၅ ခု ဖွင့်လှစ်ထားရှိရာ ယနေ့အထိ စာရင်းအရ အသွားအလာကန့်သတ်ထားသူ စုစုပေါင်း ၈၀၆ ဦး ရှိကြောင်း၊ နေအိမ်တွင် အသွားအလာကန့်သတ်ခံထားရသူ ၁၄ ဦး၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ထုတ်ပြန်ချက်များအရ သိရသည်။ အဆိုပါစင်တာများတွင် ကျန်းမာရေးဆေးစစ်မှုများကို ကျန်းမာရေးဝန်ထမ်းများက တစ်နေ့နှစ်ကြိမ်ဆောင်ရွက်ပေးနေပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ လှူဒါန်းဆောင်ရွက်ပေးသည်။

**ဒေသခံများ လှူဒါန်း**

ထို့အပြင် သုဝဏ္ဏဝတီမြို့အတွင်း ဖွင့်လှစ်ထားရှိသော စင်တာနှစ်ခုမှ စောင့်ကြည့်ခံရသူများအား စောင့်ကြည့်ကာလ ၁၄ ရက်အတွက် စားသောက်ကုန်များကို ဒေသခံအလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိသည်။ (ဓါတ်ပုံ)

ခွန်(ဝင်းပ)

◆ *ကျောက်ဖြူမှ*

ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ညောင်တုန်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာများအလိုက် ၁၄ ရက်ကြာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် သီးခြားထားရှိသော နေရာအဖြစ် မြို့ပေါ် ရပ်ကွက် ၁၀ ခုနှင့် နီးစပ်ရာနေရာများတွင် ပြည်ပနိုင်ငံများမှ ပြန်လာသူများအား အ-ထ-က (၁)နှင့် ကျေးရွာများတွင် သပြေချောင်းကျေးရွာ၊ ဆားမလောက်ကျေးရွာ၊ မဲဇလီကျေးရွာ၊ ငှက်ပျောကျွန်းကျေးရွာ၊ ချောင်းကြီးကျေးရွာ၊ နတ်ပေးကျေးရွာတို့ရှိစာသင်ကျောင်းစသည့် အသွားအလာကန့်သတ်စောင့်ကြည့်နေရာ နှင့် ပြည်တွင်းမှ ပြန်လာသူများကို ပြည်တွင်း စောင့်ကြည့်ရေးနေရာဖြစ်သည့် နေအိမ်ကန့်သတ်စောင့်ကြည့်ခြင်းကို ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ နီးစပ်ရာ စာသင်ကျောင်းများကို သီးခြားထားရှိရန် နေရာအဖြစ် သတ်မှတ်ပြင်ဆင်ဆောင်ရွက်ထားရှိသည်။

ညောင်တုန်းမြို့နယ်တွင် မတ် ၂၇ ရက်မှ မေ ၃ ရက်အထိ ပြည်ပမှ ပြန်ရောက်လာသူများမှာ အ-ထ-က (၁) တွင် ၂၁ ဦး၊ အ-ထ-က (ဆားမလောက်) တွင် ၂၃ ဦး၊ အ-ထ-က (ခွဲ) မဲဇလီတွင် ၁၁ ဦး၊ အ-ထ-က (ငှက်ပျောကျွန်း) တွင် တစ်ဦး၊ အ-ထ-က (ချောင်းကြီး)တွင် ငါးဦး၊ အ-ထ-က (သပြေချောင်း) တွင် ၁၀ ဦး၊ အ-ထ-က (နတ်ပေး) တွင် လေးဦး စုစုပေါင်း ၇၅ ဦးနှင့် မေ ၃ ရက်တွင် ပြည်တွင်းမှ ပြန်လာသူ ၅၁၁ ဦးရှိရာ နေအိမ်ကန့်သတ်စောင့်ကြည့်ခြင်းနှင့် အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိသူ စုစုပေါင်း ၅၈၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ နေ့စဉ် ဆောင်ရွက်ပေးနေကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ကူညီဆောင်ရွက်ပေး**

အဆိုပါ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် သီးခြားထားရှိသူများကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝဠာနိုင် (ညောင်တုန်း)

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် ငါးထပ်ကြီးဘုရားနှင့်ခြောက်ထပ်ကြီးဘုရား ယာယီပိတ်ထား

**ရန်ကုန် မေ ၄**

မြန်မာ့ရိုးရာသင်္ကြန်တွင်း ကာလတွင် ငါးထပ်ကြီးဘုရားအား လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ကာ ငါးထပ်ကြီးဘုရားကို ယာယီပိတ်ထားမည် ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ ကြေညာချက်တစ်ရက် ထုတ်ပြန်လိုက်သည်။

"ကျွန်တော်တို့ လတ်တလော ဖြစ်ပွားနေတဲ့ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ဖို့အတွက် ဧပြီ ၃ ရက်က စတင်ပိတ်ထားတာပါ။ ကျန်တဲ့ဘုရားတွေ ပြန်ဖွင့်ရင် ငါးထပ်ကြီးဘုရားလည်း ပြန်ဖွင့်မှာပါ။ လောလောဆယ် ညွှန်ကြားချက်အရ ရက်အကန့်အသတ်မရှိ ပိတ်ထားပါတယ်" ဟု ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထို့ပြင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဗဟန်းမြို့နယ်ရှိ ခြောက်ထပ်ကြီး ဘုရားကိုလည်း ဧပြီ ၂ ရက်က စတင်ပိတ်ထားကြောင်း သိရသည်။

အဆိုပါ ကြေညာချက်သည် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် လူစုလူဝေးများမပြုလုပ်ရန် သတိပေးချက်များ ထုတ်ပြန်ပြီး မကြာမီမှာပင် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

အာကာလင်း

# ကန်ကြီးထောင့်မြို့နယ်အတွင်း ကားလမ်းဆုံများ၌ နေရပ်ပြန်ပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိ

**ကန်ကြီးထောင့် မေ ၄**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးတို့အတွက် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့အဝင် (ရန်ကုန်-ပုသိမ်ကားလမ်းမဘေး) မာလာကုန်းလမ်းဆုံနှင့် ဒါးက-မြဝတီ ကားလမ်းဆုံတို့တွင် ခရီးသည်တင်ယာဉ်များဖြင့် ပြည်တွင်း၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်းကို နေ့စဉ် နံနက် ၇ နာရီမှ ည ၁၂ နာရီအထိ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့များ၊ ကန်ကြီးထောင့်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလှုပ်ရှားမှုအဖွဲ့ဝင်များနှင့် ပရဟိတလူငယ်များက ခရီးသည်တင်ယာဉ်များဖြင့် ပြည်တွင်း/ ပြည်ပမှ မြို့နယ်အတွင်းသို့ ပြန်လာကြသော ပြည်သူများအား ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ နေရပ်လိပ်စာနှင့် ခရီးသွားမှတ်တမ်း ရေးသွင်းခြင်းလုပ်ငန်းများနှင့် နေရပ်ပြန်ပြည်သူများထဲမှ ပြည်ပမှပြန်လာသူများပါရှိပါက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း မြို့နယ်အဆင့်ကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်သတင်းပေးပို့ခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နန်းထိုက် (ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ပြည်သူများ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၏ ဦးဆောင်မှုဖြင့် ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ မြို့မိမြို့ဖများ၏ ပံ့ပိုးကူညီမှုဖြင့် ညောင်ဦးမြို့ အဝင်၊ အထွက် ကားလမ်းတွင် မေ ၄ ရက်က ခရီးသွားပြည်သူများအား အပူချိန်တိုင်းကိရိယာများဖြင့် ရောဂါရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ်။

ရဲဝင်းနိုင်(ညောင်ဦး)



# ပလက်ဝမြို့မှ သံသယလူနာလေးဦး ကျန်းမာရေးကောင်းမွန်လာ

**ပလက်ဝ မေ ၄**

ပလက်ဝမြို့တွင် တရုတ်နိုင်ငံမှ ပြန်လာသူ ၁၈ ဦး၊ စင်ကာပူနိုင်ငံမှ ပြန်လာသူ သုံးဦး၊ ကာတာနိုင်ငံမှ ပြန်လာသူ တစ်ဦး စုစုပေါင်း ၂၂ ဦး ထဲမှ ၁၇ ဦးကို စောင့်ကြည့်လူနာအဖြစ် ၁၄ ရက်ကြာ နေအိမ်တွင် အသွားအလာကန့်သတ်ထားရှိခဲ့သည်။ ယင်းတို့အထဲမှ လေးဦးမှာ ချောင်းဆိုး၊ ရင်ကျပ်၊ ကိုယ်ပူ စသည့်ရောဂါလက္ခဏာများ ဖြစ်ပေါ်လာမှုကြောင့် သံသယလူနာအဖြစ် ဆေးရုံတက်ရောက်ကုသစောင့်ကြည့်ထားခဲ့ရသည်။

ယင်းသံသယလူနာ လေးဦးမှာ မတ် ၂၉ ရက်အထိ ကာလအတွင်း ကျန်းမာရေး ပြန်လည်ကောင်းမွန်လာ၍ မကြာမီဆေးရုံမှ ဆင်းရတော့မည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်း၊ လက်ဆေးရည်၊ ကိုယ်အပူချိန်တိုင်းကိရိယာ၊ အထောက်အကူပြုပစ္စည်းများနှင့် ကာကွယ်ဆေးဖျန်းရေးလုပ်ငန်းများအတွက် အခြေခံလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးမည့် အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းများလည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

မောင်မောင်ကျော် (ပလက်ဝ)

# ပြည်ပမှ နေရပ်ပြန်ပြည်သူများ စောင့်ကြည့်ရေးစင်တာတွင် ၁၄ ရက်ပြည့် နေထိုင်ပြီး ကျန်းမာရေးကောင်းမွန်သဖြင့် မိမိရပ်ရွာသို့ ပြန်ခွင့်ပြု



**နောင်တရား ဧပြီ ၄**

ကိုဗစ် –၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရန်အတွက် နောင်တရား အ.ထ.က ကျောင်းတွင် ဖွင့်လှစ်ထားသည့် ခေတ္တ ကျန်းမာရေးစောင့်ရှောက်မှုစင်တာ၌ ပြည်ပပြန် ၄၆ ဦးအား ကျန်းမာရေးအခြေအနေ စောင့်ကြည့်နိုင်ရန်အတွက် ၁၄ ရက် ထားရှိပြီး ဧပြီ ၃ ရက်အထိ ကျန်းမာရေးကောင်းမွန်သဖြင့် အမျိုးသမီး သုံးဦးနှင့် အမျိုးသား ခြောက်ဦးကို မိမိရပ်ရွာသို့ ပြန်ခွင့်ပြုကြောင်း သိရသည်။

မိမိရပ်ရွာသို့ ပြန်ခွင့်ရသူများကို နောင်တရားမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြေ့ဝင်းက ကူးစက်ရောဂါကာကွယ်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ပေးသည့် အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း ပြောကြားပြီး နောင်တရားတိုက်နယ် ဆရာဝန် ဒေါက်တာငြိမ်းငြိမ်းအိက ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ရေးအတွက် လိုအပ်သော ကျန်းမာရေး အသိပညာများ၊ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

တီကျစ် အ.ထ.ကကျောင်း၌ ဖွင့်လှစ်ထားသည့် ခေတ္တကျန်းမာရေးစောင့်ရှောက်မှုစင်တာ၌ ဧပြီ ၃ ရက်အထိ ကျန်းမာရေးစောင့်ကြည့်မှုခံယူနေသူ ၈၅ ဦးရှိကြောင်း သိရသည်။ **ခွန်အောင်(နောင်တရား)**

# ပေါင်းတည်မြို့၌ တိုင်းရင်းသားဘာသာစကားဖြင့် ကိုဗစ် - ၁၉ ရောဂါအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ပေါင်းတည် ဧပြီ ၄**

ပေါင်းတည်မြို့နယ် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကြီးကြပ်မှုကော်မတီ သတင်းမှန်ထုတ်ပြန်ရေးအဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကားဂိတ်များနှင့် ဒေသခံတိုင်းရင်းသားများ နေထိုင်သည့် ဗျက်ကြီးကျေးရွာသို့ ယမန်နေ့က သုံးဘီးယာဉ်ဖြင့် သွားရောက်၍ စကောကရင်တိုင်းရင်းသားဘာသာ စကားဖြင့် အသိပညာပေးလိုက်လံကြေညာခြင်းနှင့် ကိုဗစ် – ၁၉ ရောဂါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# တောင်တွင်းကြီးမြို့နယ်တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး စစ်ဆေးခြင်းများကို ခရီးသွားပြည်သူများက ပူးပေါင်းဆောင်ရွက်

**တောင်တွင်းကြီး ဧပြီ ၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းများကို သက်ဆိုင်ရာဂိတ်များအလိုက် နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိရာ ခရီးသွားပြည်သူများကလည်း စစ်ဆေးမှုများကို ပူးပေါင်းကူညီလျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်က ရန်ကုန်မြို့မှ တောင်တွင်းကြီးမြို့နယ်သို့ ဝင်ရောက်လာသည့် အဝေးပြေးယာဉ်လိုင်းများမှ ခရီးသွားပြည်သူများအား နေ့စဉ်ပုံမှန်ဆောင်ရွက်လျက်ရှိသည့် အပူချိန်တိုင်းခြင်းနှင့် အခြားလိုအပ်သည့် စစ်ဆေးမှုများကို ဆတ်သွားကျေးရွာဂိတ်နှင့် ဆတ်သွားဘူတာတို့တွင် ဆတ်သွားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံမီးသတ်တပ်ဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ မြန်မာ့မီးရထားဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ကားဂိတ်မှခရီးသည် ၃၈ ဦးနှင့် မီးရထားဘူတာမှ ခရီးသည် ၂၀ စုစုပေါင်း ၅၈ ဦးတို့တွင် ကျန်းမာရေးကောင်းမွန်ပြီး သံသယလူနာမရှိကြောင်း သိရသည်။

**အေးမိုးမိုးမြင့်(ပြန်/ဆက်)**

# လောက်ကိုင်မြို့တွင် နေရပ်ပြန်ပြည်သူများ စောင့်ကြည့်ရေးစင်တာဆောင်ရွက်ထားရှိမှု အခြေအနေများ ကြည့်ရှုစစ်ဆေး

**လောက်ကိုင် ဧပြီ ၄**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ပြည်သူများ ကိုဗစ် – ၁၉ ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်စေရေးအတွက် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများတွင် ကူးစက်ရောဂါ ရှိ / မရှိ စောင့်ကြည့်စစ်ဆေးနိုင်ရေး၊ ကူးစက်ရောဂါရှိပါက မိမိဒေသနှင့် အခြားသော မြို့များရှိ ပြည်သူများအား ကူးစက်ပြန့်ပွားမှု မရှိစေရေး စောင့်ကြည့်ရေးစင်တာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ကြည့်ရှုစစ်ဆေးခဲ့ကြသည်။**(အောက်ပုံ)**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်း စောင့်ကြည့်ရေးစင်တာများဖြစ်သည့် လူဦးရေ ၁၀၀ ဆံ့ လောက်ကိုင်မြို့ အမှတ်(၁)ရပ်ကွက် ဂေါက်ကွင်းဟောင်း မိုးလုံလေလုံ အားကစားခန်းမ၊ လူဦးရေ ၁၀၀ ဆံ့ ချင်းရွှေဟော်မြို့တော်ခန်းမ၊ လူဦးရေ ၅၀ ဆံ့ ကုန်းကြမ်းမြို့နယ် အ.ထ.က ကျောင်းတို့တွင် ပြင်ဆင်ဆောင်ရွက်ထားရှိရာ ချင်းရွှေဟော် နယ်စပ်စစ်ဆေးရေးစခန်း(နမ့်ဖာဟော်) မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား ခြောက်ဦးအား ချင်းရွှေဟော်မြို့တော်ခန်းမ စောင့်ကြည့်ရေးစင်တာတွင် ထားရှိပြီး ကျန်းမာရေးစစ်ဆေးမှုများ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ညွှန်ကြားမှု၊ လောက်ကိုင်မြို့နယ် အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် ချင်းရွှေဟော်မြို့အုပ်ချုပ်ရေးမှူးက ဆောင်ရွက်ပေးလျက်ရှိကာ လိုအပ်လာပါက စာသင်ကျောင်းများ၊ သင်တန်းကျောင်းများနှင့် ချိတ်ဆက်ပြီး စောင့်ကြည့်ရေးစင်တာများ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။



**ဇော်ဇော်အောင်(ပြန်/ဆက်)**

# ရွှေဘို၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ကုသရေးအတွက် အလှူငွေများ လှူဒါန်း

**ရွှေဘို ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် မျှဝေသောလက် ကျန်းမာရေးထောက်ပံ့မှု ပရဟိတကွန်ရက်မှ ရွှေဘိုမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ယမန်နေ့က လိုအပ်သော စက်ပစ္စည်းနှင့် ဆေးဝါးများ ဝယ်ယူရာတွင် အသုံးပြုရန်အတွက် ငွေကျပ်ငါးသိန်း လှူဒါန်းခဲ့ရာ ရွှေဘိုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစောသက်လျာအောင်နှင့် ဘဏ္ဍာရှာဖွေထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဆရာကြီး ဦးတင်ဝင်း (TWS) တို့က လက်ခံယူသည်။

မျှဝေသောလက် ကျန်းမာရေးထောက်ပံ့မှု ပရဟိတကွန်ရက်သည် ရွှေဘိုစည်ပင်သာယာဈေးသူဈေးသားများ၊ စက်မှုဇုန်ရှိလုပ်ငန်းရှင်များ၊ လစဉ်အလှူရှင်၊ စေတနာရှင်များ၏ လှူဒါန်းငွေများဖြင့် ရွှေဘိုမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ ဆေးကုသစရိတ် ခက်ခဲနေသော လူနာများအား ထောက်ပံ့ပေးလျက်ရှိသည့် ကျန်းမာရေးထောက်ပံ့မှုလုပ်ငန်းများဆောင်ရွက်နေသော ပရဟိတကွန်ရက်ဖြစ်ကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**

# တောင်ကြီးမြို့၌ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး အရှိန်အဟုန်ဖြင့်ဆောင်ရွက်

**တောင်ကြီး ဧပြီ ၄**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး မြို့နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ကိုရိုနာ ဗိုင်းရပ်စ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီက ဧပြီ ၃ ရက် နံနက် ၆ နာရီမှ ည ၆ နာရီအထိ တောင်ကြီးမြို့အဝင် ဂိတ်လေးဂိတ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီး ဌာန၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ တောင်လေးလုံးဂိတ်၊ ဟဲကယ်တိုးဂိတ်၊ ဟိုပုံးတိုးဂိတ်၊ ကျောက်တလုံးကြီး (နောင်ယာဆိုင်းလမ်းဆုံ) တို့မှ ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များပေါ်ရှိ ခရီးသည်များအား လမ်းဆင်းလျှောက်စေပြီး ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အပူချိန်တိုင်းတာခြင်းနှင့် ကိုရိုနာ ဗိုင်းရပ်စ်ရောဂါ အသိပညာပေးခြင်းများ ပြုလုပ်ပေးခဲ့ကြပြီး ကားများ၊ ဆိုင်ကယ်များအား ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့အပြင် အဆိုပါဂိတ်လေးဂိတ် တွင် တာဝန်ထမ်းဆောင်နေကြသောဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အဖွဲ့ဝင်များအား ပရဟိတလုပ်ငန်းရှင်များက ဖျော်ရည်၊ ရေသန့်ဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် အစားအသောက်များ လာရောက်လှူဒါန်းပေးခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီတွင် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်းလေ့ရှိပြီး လှူဒါန်းသည့် အလှူရှင်များအား ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

တောင်ကြီးမြို့နယ်အတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား ၁၄ ရက်တာကာလ စောင့်ကြည့်ခြင်းကို ၁၂၄ နေရာ ဖွင့်လှစ်နိုင်ခဲ့ရာ အမျိုး သား ၅၀၇ ဦး၊ အမျိုးသမီး ၃၆၆ ဦး၊ ပေါင်း ၈၇ ဦး ထားရှိပြီး ထပ်မံ၍ သုံးနေရာဖွင့်လှစ်ခဲ့ရာ အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၃ ဦး၊ ပေါင်း ၂၂ ဦး လက်ခံခဲ့ပြီး စုစုပေါင်း ကန့်သတ်စောင့်ကြည့်နေရာ ၁၂၇ နေရာတွင် အမျိုးသား ၅၁၆ ဦး၊ အမျိုးသမီး ၃၇၉ ဦး လက်ခံဆောင်ရွက်ထားရှိသည်။

အဆိုပါ ကန့်သတ်နေရာများတွင် မြို့နယ် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက ကြီးကြပ်၍ မြို့ပေါ်၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မတီများက ကျန်းမာရေးစစ်ဆေးခြင်း၊ စောင့်ကြည့်ခြင်း၊ စားနပ်ရိက္ခာ ထောက်ပံ့ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

○ *ကျောဖုံးမှ*

ပေါက်ခေါင်းမြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အသွားအလာကန့်သတ်သည့်နေရာသို့ သွားရောက်ကြည့်ရှု၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ **ဟိန်းထက်(ပဲခူး)**

● *ကျောဖုံးမှ*

ဒေါ်စိုးစိုးအေးက ဘားအံမြို့ပေါ်ရှိ အသွားအလာကန့်သတ်စောင့်ကြည့်နေရာများရှိ လူဦးရေအလိုက် ကြီးကြပ်သူများအားတစ်ဆင့် လွှဲပြောင်းပေးအပ်ပေးခဲ့ပြီး စောစောပြော Mobile App စနစ်၏ ရည်ရွယ်ချက်၊ ဖုန်းတွင်ရယူနိုင်ပုံများ၊ အသုံးပြုပုံများကို ရှင်းလင်းပြောကြားပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** **နေမျိုးလွင် (ပြန်/ဆက်)**



# နှစ်နိုင်ငံချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသူ တစ်သိန်းနီးပါးခန့်ရှိ

ဘားအံ မေ ၄

**အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကိုဗစ် -၁၉ သည် ကမ္ဘာ့နိုင်ငံအနှံ့ ကူးစက်ပြန့်ပွားလျက်ရှိရာ ထိုကာလအတွင်း မြဝတီ-မဲဆောက်တံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသူ တစ်သိန်းနီးပါးခန့်ရှိကြောင်း သိရသည်။**

ကရင်ပြည်နယ်အတွင်း ယခုအချိန်ထိ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူမရှိသေးသော်လည်း ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ဝင်ရောက်လာသူများအား ကန့်သတ်စောင့်ကြည့်သည့်နေရာများတွင်ထားရှိ၍ ၁၄ ရက် စောင့်ကြပ်ကြည့်ရှုကာ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ တာဝန်ရှိသူများ၊ တာဝန်ထမ်းဆောင်နေသူများနှင့် ကန့်သတ်စောင့်ကြည့်နေရာတွင် နေထိုင်သူတို့အား တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားဖော်ပြလိုက်ရပါသည်။



ဒေါ်နန်းခင်ထွေးမြင့်
ပြည်နယ်ဝန်ကြီးချုပ်



ဦးဆန်းမော်
ဘားအံခရိုင်အုပ်ချုပ်ရေးမှူး



စောအောင်တင်စိုး
(ကျန်းမာရေးကြီးကြပ်-၂)

**ဒေါ်နန်းခင်ထွေးမြင့်**
**ပြည်နယ်ဝန်ကြီးချုပ်**

ကရင်ပြည်နယ်ဟာ ထိုင်း-မြန်မာ နယ်စပ်ဖြစ်ပြီးတော့ အဝင်အထွက်အင်မတန်မှများတဲ့အတွက်ကြောင့် ပိုမိုပြီးဂရုစိုက်ရပါတယ်။ ကျွန်မတို့ဆီမှာ စစချင်း မတ်လ ၁၇ ရက်၊ ၁၈ ရက် ဝန်းကျင်လောက်ကဆိုရင် တစ်ရက်ကို လူဦးရေ ၄၀၀၀၊ ၅၀၀၀ ဝန်းကျင် ၆၀၀၀ လောက်ထိကို ဝင်ပါတယ်။ အခုဆိုရင် ကျွန်မတို့ ကရင်ပြည်နယ်ကို ပြန်လည်ဝင်ရောက်လာကြတာ တစ်သိန်းနီးပါးလောက်ရှိပါပြီ။ တစ်နိုင်ငံလုံး အနှံ့အပြားကလူတွေပါ။ ကျွန်မတို့ အခုအချိန်ထိ ကိုဗစ်-၁၉ ရောဂါကို ခိုင်ခိုင်မာမာ တောင့်ပြီးတော့ တင်းပြီးတော့ ခံထားနိုင်တယ်။ ဒီထဲမှာလည်း ပိုးရှိသူရယ်လို့ အခုအချိန်ထိ ကျွန်မတို့ ကရင်ပြည်နယ်အတွင်းမှာ မတွေ့ရသေးပါဘူး။

မြဝတီမှာလည်း ကန့်သတ်စောင့်ကြည့်သည့် နေရာ လေးခုလောက် လူဦးရေ တစ်ထောင်နီးပါး၊ နောက်တစ်ခါ ဘားအံမြို့ပေါ်မှာလည်း လူ ၇၀၀ နီးပါး ဆောင်ရွက်ထားပါတယ်။ မွန်ပြည်နယ်ကိုလည်း ကျွန်မတို့ အကူအညီ တောင်းပြီးတော့ လူ ၅၀၀ ပို့ထားပါတယ်။ သက်ဆိုင်ရာ ပြည်နယ်/တိုင်းတွေက သူတို့လူကို သူတို့တာဝန်ယူပြီးတော့ လာခေါ်တယ်ဆိုရင် စာရင်းအတိအကျနဲ့ ကျွန်မတို့ ထည့်ပေးနေပါတယ်။ ပြည်သူတွေကလည်း အကုန်လုံး အားတက်သရော ဝင်ကူညီကြပါတယ်။ ကြောက်တယ်လို့သာ ပြောကြတယ် ။ ကူညီပံ့ပိုးတဲ့သူတွေက အမြဲလိုအပ်တာထက်တောင် အများကြီး ပိုပြီးတော့ ရှိပါတယ်ရှင်။

**ဦးဆန်းမော်**
**ဘားအံခရိုင်အုပ်ချုပ်ရေးမှူး**

ဘားအံခရိုင်ထဲမှာတော့ လှိုင်းဘွဲ့၊ ဘားအံ၊ သံတောင် သုံးမြို့နယ်မှာ သံတောင်မြို့နယ်က ပြန်လည်ဝင်ရောက်လာသူ နှစ်ယောက် သုံးယောက်ပဲရှိပြီးတော့ လှိုင်းဘွဲ့နဲ့ ဘားအံမှာ များပါတယ်။ လှိုင်းဘွဲ့မှာ အားလုံးပေါင်း လူဦးရေ ခြောက်ထောင်ကျော် ခုနစ်ထောင်လောက်ပြန်လည်ရောက်ရှိနေပြီး ဘားအံမှာတော့ လူဦးရေတစ်သောင်း ပတ်ဝန်းကျင်နီးပါးလောက် ပြန်လည်ရောက်ရှိနေပါတယ်။ သက်ဆိုင်ရာကျေးရွာအလိုက် ကျေးရွာအုပ်ချုပ်ရေးမှူးတွေ ဦးဆောင်ပြီးတော့ ရပ်မိရပ်ဖတွေ၊ ကျေးရွာတွေမှာ ဖွဲ့စည်းထားတဲ့ လူမှုရေးအသင်းအဖွဲ့တွေကနေပြီးတော့ ၁၄ ရက်စောင့်ကြည့်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ရွာမှာရှိတဲ့ စာသင်ကျောင်းတွေ၊ ဆေးပေးခန်းတွေ၊ သာသနိကအဆောက်အဦတွေမှာ ကျေးရွာအုပ်ချုပ်ရေးမှူးတွေရဲ့ အစီအစဉ်နဲ့ စောင့်ကြည့်လျက်ရှိပါတယ်။

ဒီနေ့အချိန်ထိတော့ ဘားအံခရိုင်အတွင်းမှာ ရောဂါပိုးတွေ့လူနာမရှိသေးပါဘူး။ ဘားအံမြို့နယ်ထဲမှ ကန့်သတ်စောင့်ကြည့်သည့်နေရာဖြင့် ပြည်တော်ပြန်လာမယ့် အလုပ်သမားတွေကို ထားရှိဖို့ ၁၁ နေရာမှာ အားလုံးပေါင်းထားရှိ နိုင်တဲ့လူဦးရေ ၁၆၅၀ အတွက် စီမံဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ကန့်သတ်စောင့်ကြည့်သည့်နေရာတွေထဲက လက်ရှိလေးနေရာမှာ ကျန်းမာရေးဝန်ထမ်းတွေ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်တွေနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းတွေပူးပေါင်းပြီး အုပ်ချုပ်မှုကိစ္စတွေ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထမင်းဟင်းအတွက် နီးစပ်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးတွေရဲ့ အစီအစဉ်နဲ့ စီမံဆောင်ရွက်ပေးလျက်ရှိသလို မြို့ပေါ် ဌာနဆိုင်ရာတွေကလည်း နေ့လယ် နေ့ခင်း အဆာပြေစားဖို့ ပြောင်းဖူးပြုတ်၊ ကြာဆံဟင်းခါးတို့လို စားစရာတွေ သွားရောက်လှူဒါန်းဧည့်ခံကျွေးမွေးလျက်ရှိပါတယ်။

ထိုင်းနိုင်ငံကနေပြန်လည်ဝင်ရောက်လာတဲ့ မြန်မာပြည်သားတွေ အနေနဲ့လည်း ကျန်းမာရေးသတိရှိရှိနဲ့ သက်ဆိုင်ရာတာဝန်ရှိတဲ့ အဖွဲ့အစည်းတွေနဲ့ပူးပေါင်းဆောင်ရွက်ပေးကြပါ။ ပြန်လာတဲ့အချိန်မှာလည်း တာဝန်ရှိသူတွေက မေးတဲ့ အချက်အလက်တွေကို တိတိကျကျ မှန်မှန်ကန်ကန် ဖြေကြားပေးဖို့ကိုလည်း မေတ္တာရပ်ခံလိုပါတယ်။ ဒါမှသာ နောက်ပိုင်း ဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေကို ကြိုတင်ကာကွယ်နိုင်မှာ ဖြစ်သလို ဖြစ်သွားခဲ့ရင်လည်း အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

**စောအောင်တင်စိုး (ကျန်းမာရေးကြီးကြပ်-၂)**

ကျန်းမာရေးဝန်ထမ်း လေးဦးကို တာဝန်ချထားပေးပြီး စောင့်ကြည့်စခန်းမှာပဲ နေထိုင်ပါတယ်။ အိမ်မပြန်ကြပါဘူး။ သူတို့လိုအပ်တဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးနိုင်အောင် ဒီ ကန့်သတ်စောင့်ကြည့်သည့် နေရာမှာ ၂၄ နာရီ တာဝန်ထမ်းဆောင်နေတာပါ။ အခုအချိန်ထိတော့ လာတဲ့သူတွေ အားလုံးက ကျန်းမာရေး ကောင်းမွန်ကြပါတယ်။ မနက်တစ်ခါ၊ ညနေတစ်ခါ ကိုယ်အပူချိန်တိုင်းပေးပြီးတော့ တစ်ရက် တစ်ခါ မှတ်တမ်းတင်ရပါတယ်။

**ရဲတပ်ဖွဲ့ဝင်တစ်ဦး**

ကန့်သတ်စောင့်ကြည့်သည့်နေရာမှာ နေထိုင်တဲ့သူတွေ အပြင်ကိုထွက်မသွားအောင်၊ အပြင်ကလူတွေ အထဲကိုဝင်မလာအောင် ကျွန်တော်တို့က အပြင်စည်းအနေနဲ့ လုံခြုံရေးတာဝန်ယူပေးရတာပါ။ သူတို့နဲ့အတူတူ ကျွန်တော်တို့လည်း ကန့်သတ်စောင့်ကြည့်သည့် နေရာမှာ ၁၄ ရက် ပြည့်အောင်နေရမှာပါ။ အဲဒီထက်ပိုကြာလည်း ကြာနိုင်ပါတယ်။ အိမ်ပြန်ခွင့်မရှိပါဘူး။ ကျရာတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နေပါတယ်။

**ကိုသောင်း (အမည်လွှဲ)**
**(၁၄ ရက်စောင့်ကြည့်မှုခံယူနေသူ)**

ဇာတိကတော့ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ထဲကပါ။ အခု လောလောဆယ် ပြန်မှာကတော့ ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ဖြစ်ပါတယ်။ ဗီဇာသက်တမ်းကုန်လို့ ပြန်လာတာပါ။ မတ်လ ၂၉ ရက်နေ့က ဘန်ကောက်ကနေ ပြန်လာတယ်။ အမှတ် (၂)ချစ်ကြည်ရေးတံတားဂိတ်မှာ ကရင်ပြည်နယ်အစိုးရအဖွဲ့က သူတို့ကားတွေ စီစဉ်ပေးပြီး ဒီအဆောင်မှာ ၁၄ ရက်စောင့်ကြည့်ထားတာပါ။ အတတ်နိုင်ဆုံး အစိုးရကစီမံပေးတဲ့ နေရာမှာ နေတယ်။ လူတွေနဲ့ သုံးပေအကွာမှာနေတယ်။ ရေတောင်မှ သူ့အချိန်နဲ့သူ အကန့်အသတ်နဲ့ ချိုးကြတာခင်ဗျ။ လူစုလူဝေးနဲ့မသွားရပါဘူး။

ကိုယ်တိုင်က ရောဂါဖြစ်ပွားမှုများခဲ့တဲ့နိုင်ငံကပြန်လာတာဆိုတော့ ကိုယ့်ကိုယ်ကိုယ်ဆင်ခြင်ပြီး နေထိုင်ပါတယ်။ အဓိကတော့ ကိုယ့်မိသားစုပဲ။ မိသားစုကျန်းကျန်းမာမာနဲ့ဆိုရင် ဝမ်းလည်းသာတယ်၊ ကျေလည်းကျေနပ်တယ်။ ကိုယ်တစ်ယောက်တည်းအတွက်မဟုတ်ဘူး။ နိုင်ငံတော်အတွက်ပါ အကျိုးရှိတာခင်ဗျ။ အသက်အန္တရာယ်အများဆုံး ကာကွယ်ပေးရာလည်း ရောက်ပါတယ်။ ကျွန်တော်တို့ကတော့ အဆင်ပြေတယ်၊ လိုလေသေးမရှိပဲ။ စားတာလည်း ပုံမှန်အတိုင်း လာပို့ပေးတယ်။ အဆင်ပြေတယ်၊ ကျန်းမာရေးလည်း ကောင်းတယ်။

မနက်ကိုတစ်ခါ၊ ညနေတစ်ခါ နှစ်ခါလာပြီး ကျန်းမာရေးစစ်ဆေးပေးတယ်။ မိသားစုနဲ့လည်း အဆက်အသွယ် ရပါတယ်။ ဒီရောဂါက မြန်မာတစ်နိုင်ငံတည်းမှမဟုတ်တာ ကမ္ဘာတစ်ဝန်းလုံးဖြစ်နေတာကို မိဘတွေကတော့ စိုးရိမ်တာပေါ့။ တာဝန်ရှိသူတွေ ကန့်သတ်ထားတဲ့နေရာမှာပဲ နေပါလို့ပဲ အမေတို့က မှာထားပါတယ်။ လူမှုကွန်ရက်တွေပေါ်မှာ တွေ့နေရတယ်။ တချို့တွေက ပြည်တော်ပြန်တွေက တအားဒုက္ခပေးတယ်လို့ပြောတယ်။ အဲဒါလူတိုင်းတော့ မဟုတ်ပါဘူး။ ကောင်းတဲ့သူရှိသလို ဆိုးတဲ့သူလည်းရှိပါတယ်။ အခု ပြည်တော်ပြန်တွေ ဘာလို့ပြန်လာတာလဲဆိုတော့ သူများနိုင်ငံမှာလုပ်ရတာ အလုပ်ပိတ်တာရှိတယ်။ အလုပ်ပိတ်တော့ စရိတ်ထောင်းတယ်ပေါ့ဗျာ။ သူများနိုင်ငံမှာ ဒုက္ခမရောက်အောင် ပြန်လာကြတဲ့လူတိုင်း ၁၄ ရက်စောင့်ကြည့်ခံပေးပါလို့ တိုက်တွန်းချင်ပါတယ်ခင်ဗျ။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ ကျန်းမာရေးဝန်ထမ်းများအတွက် အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းထား

ရန်ကုန် မေ ၄

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)အနေဖြင့် တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ တိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများအတွက် အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းထားကြောင်း YRTA ထုတ်ပြန်ချက်များအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ တိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်ရေး၊ သွားလာရေးနှင့် စားသောက်ရေးကိစ္စများအား ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။

အဆိုပါအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော် ဦးဆောင်ပြီး အဖွဲ့ဝင်များအနေဖြင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရန်နောင်ထွန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးမွန်မွန်ကျော်၊ သာကေတအထူးကုဆေးရုံကြီး ဒုတိယဆေးရုံအုပ် ဒေါက်တာသက်အောင်မိုး၊ YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်၊ YRTA မန်နေဂျင်းဒါရိုက်တာ ဦးအောင်ညီညီမော်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးမျိုးမြင့်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် ဘဏ္ဍာရေးမှူး ဦးမျိုးသီဟ၊ စေပိုင်ကုမ္ပဏီမှ ဦးမောင်ဝိတ်၊ ရွှေပြည်နန်းကုမ္ပဏီမှ ဦးမျိုးသွင်၊ ရန်ကုန်မက်ထရိုပိုလီတန်ကုမ္ပဏီမှ ဦးသူရိန်အောင်တို့ ပါဝင်လျက်ရှိသည်။

အထောက်အကူပြုအဖွဲ့အနေဖြင့် ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရန်အတွက် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးကာလတစ်လျှောက်လုံး ဆောင်ရွက်ရမည်ဖြစ်ပြီး အဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာရန်နောင်ထွန်း၊ ဒေါက်တာအေးမွန်မွန်ကျော်နှင့် ဒေါက်တာသက်အောင်မိုးတို့က ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုအဖွဲ့သို့ တင်ပြရမည်ဖြစ်သည်။ ထို့ပြင် YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်၊ YRTA မန်နေဂျင်းဒါရိုက်တာ ဦးအောင်ညီညီမော်တို့က အဖွဲ့၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပြီး ကျန်အဖွဲ့ဝင်များဖြစ်သည့် ဦးမျိုးမြင့်၊ ဦးမောင်ဝိတ်၊ ဦးမျိုးသီဟတို့က ကျန်းမာရေးဝန်ထမ်းများ၏ နေရာထိုင်ခင်းအတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အဖွဲ့ဝင်များဖြစ်သည့် ဦးမျိုးသွင်၊ ဦးသူရိန်အောင်တို့က ကျန်းမာရေးဝန်ထမ်းများ၏ စားသောက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။



YRTA ရုံးတွင် အထောက်အကူပြုရုံးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အထောက်အပံ့ပစ္စည်းများ သယ်ယူပို့ဆောင်ရေးတွင် နေရာပေါင်း ၁၄ နေရာခန့်ကို နေ့စဉ်ပို့ဆောင်ပေးနေခြင်းဖြစ်ပြီး ဝန်ထမ်းများ၏ အထွေထွေလိုအပ်မှုများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)
ဓာတ်ပုံ - YRTA

# မဟာအောင်မြေမြို့နယ်၊ လှိုင်လင်နှင့် ရပ်စောက်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် မေ ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃ ရက် မွန်းလွဲပိုင်းတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက် လမ်း(၄၀) နှင့် (၄၁)လမ်းကြား (၆၁)လမ်းတွင် တွေ့ရှိသည့် ကရောင်း အမျိုးအစားယာဉ်နှင့် ဆိုင်ကယ်တစ်စီးတို့ကိုရှာဖွေရာ ယာဉ်ပေါ်တွင် တုံရှိကောင်း၊ စောကွမ်(ခ)ဇော်မင်းငွေနှင့် ကျော်ပိုင်ဟိန်းတို့အား ကတ်တမင်း ၄ ဒသမ ၇၅ ကီလို၊ ဖုန်းလေးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ **(ဓါတ်ပုံ)**




အလားတူ ယင်းနေ့ညနေပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် မိုင်းပွန်-တောင်ကြီးသွားကားလမ်း၊ ပွန်ချောင်းတံတားအနီးတွင် စိန်ဝင်းထွန်း(ခ)ကျော်စိမ်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**ဥပဒေအရ အရေးယူထား**

ထို့အတူ မေ ၂ ရက် ညပိုင်းက ရပ်စောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် လွယ်ကိုးကျေးရွာအုပ်စု လွယ်ကိုးကျေးရွာနေ စိုးမောင်၏ တောင်ယာတဲအား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၆၅ ပြား၊ ငွေကျပ် ၆၈၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဒေသန္တရအမိန့်ဖောက်ဖျက်သူအား အရေးယူ

**နွားထိုးကြီး မေ ၄**

နွားထိုးကြီးမြို့နယ် အထကခွဲ ဒေါင်ဘိုးကျေးရွာတွင် ၁၄ ရက်ကြာ စောင့်ကြည့်သူအဖြစ်နေထိုင်သော တရုတ်နိုင်ငံ ကြယ်ခေါင်မြို့မှ မတ် ၃၀ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လာသူ စိုးမိုးလွင်(ခ)ဖိုးစိုးသည် ထုတ်ပြန်ကြေညာထားသည့် ဒေသန္တရအမိန့် သတ်မှတ်ချက်များကို လိုက်နာမှုမရှိဘဲ အရက်သေစာများ မူးယစ်သောက်စားကာ ကျေးရွာအတွင်း လှည့်လည်သွားလာနေသဖြင့် ဥပဒေအရ အရေးယူပေးနိုင်ရန် ဒေါင့်ဘိုးကျေးရွာအုပ်စုအဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဥက္ကဋ္ဌ ဦးရဲဆွေက ဒေသန္တရအမိန့်ဖောက်ဖျက်သူ စိုးမိုးလွင်အား ဥပဒေအရအရေးယူပေးပါရန် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်ထံ တိုင်ကြားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့်ကော်မတီ (တွဲဖက်အတွင်းရေးမှူး-၂)မှ တရားလိုပြုလုပ်၍ နွားထိုးကြီးမြို့နယ် မြို့မရဲစခန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းအောင်ဇော်**

# နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ပြိုင်ပွဲများကို ပုံမှန်အတိုင်းကျင်းပနိုင်ရန် အာဆီယံဘောလုံးအဖွဲ့ချုပ် မျှော်လင့်နေ

**ရန်ကုန် မေ ၄**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဩဂုတ်လအထိ ကျင်းပမည့်ပြိုင်ပွဲများကို ရွှေ့ဆိုင်းထားသော်လည်း နှစ်ကုန်ပိုင်းတွင် ကျင်းပရန် စီစဉ်ထားသည့်ပြိုင်ပွဲများကို ပုံမှန်အတိုင်းကျင်းပနိုင်ရန် မျှော်လင့်နေပြီး ပြိုင်ပွဲငါးခု ကျင်းပရန် စီစဉ်ဆောင်ရွက်ထားသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် စက်တင်ဘာတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲအပါအဝင် အောက်တိုဘာမှ ဒီဇင်ဘာလအတွင်း ကျင်းပရန် စီစဉ်ထားသည့် အာဆီယံဖူဆယ်ပြိုင်ပွဲ၊ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ၊ အာဆီယံ သဲသောင်ပြင်ဘောလုံးပြိုင်ပွဲနှင့် အာဆီယံ ဆုဇူကီးဖလားပြိုင်ပွဲတို့ကို ပုံမှန်အတိုင်း ကျင်းပနိုင်ရန် မျှော်မှန်းထားခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်းပြိုင်ပွဲ ကိုးခု ကျင်းပရန် စီစဉ်ထားပြီး မေလမှ ဩဂုတ်လအထိ ကျင်းပမည့် အာဆီယံ ယူ-၁၆ အမျိုးသားပြိုင်ပွဲ၊ အာဆီယံ ယူ-၁၉ အမျိုးသားပြိုင်ပွဲ၊ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲနှင့် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတို့ကို ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရွှေ့ဆိုင်းထားပြီး နှစ်ကုန်ပိုင်းမှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံအားလုံးတွင် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေသောကြောင့် အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ငါးလအတွင်း ကျင်းပရန်ရှိသည့် ပြိုင်ပွဲအချို့ကို ရွှေ့ဆိုင်းထားခြင်း ဖြစ်သည်။

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့်ပြိုင်ပွဲများအနက် အာဆီယံသဲသောင်ပြင်ဘောလုံးပြိုင်ပွဲမှလွဲ၍ ကျန်ပြိုင်ပွဲများတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အာဆီယံသဲသောင်ပြင်ဘောလုံးပြိုင်ပွဲကိုလည်း အခြေအနေအပေါ်မူတည်၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❑ *ကျော့ဖုံးမှ*

ကော်တင်ဟိုသည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့လာပြီးနောက် ၁၈ လ အကြာတွင် ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းသို့ အငှားချခြင်းခံထားရသည်။ ၎င်းသည် ဘာစီလိုနာအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၇၆ ပွဲ ကစားထားပြီး ၂၁ ဂိုးသွင်းယူပေးထားနိုင်သည်။

ယခုအခါတွင် ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းက ကော်တင်ဟို၏ ခြေစွမ်းအပေါ် နှစ်ခြိုက်မှုမရှိသည့်အတွက် အမြဲတမ်းခေါ်ယူစာချုပ်ရန် ပျက်ပြယ်သွားခဲ့ပြီဖြစ်သည်။ ကော်တင်ဟိုသည် အင်္ဂလန်တွင် ပြန်လည်ကစားရန် ဆန္ဒရှိနေအတွက် အဆိုပါ ကစားသမားကို ခေါ်ယူမည်ဆိုပါက ပေါင် ၅၂ သန်းနှင့် ပေါင်သန်း ၇၀ ကြားတွင် ခေါ်ယူနိုင်ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အင်္ဂလန်ကလပ် မန်ယူအသင်းကလည်း ကော်တင်ဟိုကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။ အခြားသတင်းတစ်ရပ်တွင်မူ ဘာစီလိုနာအသင်းသည် အင်္ဂလန်ကလပ် စပါးအသင်းမှ အင်န်ဒွန်ဘီလီခေါ်ယူနိုင်ရေးအတွက် ကော်တင်ဟိုကို အသုံးချဖွယ်ရှိနေကြောင်း ဖော်ပြထားသည်။ ရော်ဂျာ၏ လက်စတာအသင်းကလည်း ကော်တင်ဟိုကို ခေါ်ယူဖွယ်ရှိနေကြောင်း ဖော်ပြထားသည်။

ရော်ဂျာသည် လီဗာပူးအသင်းတွင် နည်းပြခဲ့စဉ်က ကော်တင်ဟိုကို စာချုပ်ခေါ်ယူခဲ့ကာ ကော်တင်ဟိုနှင့်အတူ ၂၀၁၅ ခုနှစ် အောက်တိုဘာလ အထိ လက်တွဲခဲ့သူလည်းဖြစ်သည်။

**အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၅ . ၄ . ၂၀၂၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆:၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်) |
| ၇:၀၀ | - | Breakfast News |
| ၈:၃၅ | - | "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ " (သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန) |
| ၉:၁၅ | - | တရုတ်ကာတွန်း " ငါးကြင်းလေးရဲ့ စွန့်စားခန်း" (အပိုင်း- ၅၀) |
| ၁၀:၀၀ | - | Sunday Talk |
| ၁၀:၃၀ | - | "Flowers and Butterflies" (Season- 2) (အပိုင်း- ၆၉ + ၇၀) |
| ၁၁:၅၀ | - | လှပစုံလင် အာဆီယံတစ်ခွင် |
| ၁၂:၃၀ | - | This Week's Special Interest |
| ၁၂:၄၅ | - | မြန်မာဂန္ထဝင်ရုပ်ရှင် "မွှေးလွန်းသည့်ပန်း " (ကောလိပ်ဂျင်နေဝင်း၊ ကြည်စိုး၊ ခင်ယုမေ) (ဒါရိုက်တာ - မောင်မောင်သောင်း) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၃၅ | - | "အမျိုးသမီးများစွမ်းရည်မြင့်မားရေးအသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေး " |
| ၁၈:၂၅ | - | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု "ကျစွာမင်း " |
| ၂၀:၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| | - | "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ" (ပညာရေးဝန်ကြီးဌာန) |
| | - | မြန်မာဗီဒီယိုဇာတ်လမ်း "ချိုလိမ် " |
| | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်) |

# ဖားကန့်၌ မြေစာပုံတွင် ကျောက်ရှာဖွေသူတစ်ဦး ကျောက်တုံးထိမှန်သေဆုံး

**ဖားကန့် မေ ၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ မေ ၄ ရက် နံနက်ပိုင်းက စွန့်ပစ်မြေစာပုံတွင် ကျောက်ရှာဖွေသူတစ်ဦး ကျောက်တုံးထိမှန်သေဆုံးခဲ့ကြောင်း ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီခန့်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု အောက်မက်လင်ချောင်ကျေးရွာအနီးရှိ စွန့်ပစ်မြေစာပုံ**(အောက်ပုံ)**တွင် အမြင့် ပေ နှစ်ရာခန့်မှ အလေးချိန် ပိဿာ ၃၀ ခန့်ရှိ ကျောက်တုံးတစ်တုံးပြုတ်ကျခဲ့ရာမှ မြေစာပုံ အောက်ခြေတွင် ရေမဆေးကျောက်ရှာဖွေသူ ဆိပ်မူကျေးရွာအုပ်စု ဖားပြင်ကျေးရွာနေ ဦးဝင်းမောင်(၄၀ နှစ်)ကို ထိမှန်ကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

သေဆုံးသူ၏အလောင်းကို မမုံကျေးရွာ လူမှုကူညီရေးအသင်းယာဉ်ဖြင့် ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ ဖားကန့်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# မြဝတီမြို့၌ အမျိုးသားသုံးဦး ရေတွင်းထဲဆင်းရာမှ အောက်စီဂျင်ပြတ်၍ သေဆုံး

**မြဝတီ မေ ၄**

မြဝတီမြို့တွင် မေ ၃ ရက် မွန်းလွဲ ၅ နာရီက မြဝတီမြို့ အမှတ် (၃) ရပ်ကွက် ပတ္တမြားစက်သုံးဆီဆိုင်အတွင်းရှိ ရေတွင်းထဲ၌ အမျိုးသားသုံးဦး ရေနစ်သေဆုံးကြောင်း သတင်းအရ မြဝတီမြို့မရဲစခန်းမှူး ဒုရဲမှူး အောင်ကျော်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ စက်သုံးဆီဆိုင်အတွင်းရှိ အချင်း သုံးပေ၊ အနက် ပေ ၂၀ ရှိ ရေတွင်းတစ်ခုအတွင်း အမျိုးသားသုံးဦး အောက်ဆီဂျင်ပြတ်၍ ရေနစ်သေဆုံးနေကြောင်း သိရသည်။

သေဆုံးသူများမှာ မေတ္တာလင်းမြိုင်ကျေးရွာနေ ရဲရင့်အောင်(၂၅ နှစ်)၊ ကိုထွန်းထွန်း(၄၅နှစ်)၊ ကိုထွန်းနိုင်(၄၆ နှစ်)တို့ဖြစ်ကြောင်း သိရပြီး ဝရိန်ဆော်ရာတွင် တပ်ဆင်သည့် မျက်နှာအုပ်ကာဗာ ရေတွင်းထဲကျသွားသဖြင့် ရဲရင့်အောင်က ဆင်းဆယ်ရာမှ ပြန်တက်လာခြင်းမရှိသဖြင့် ကိုထွန်းထွန်းပါ ဆင်းသွားခဲ့ကြောင်း၊ ထို့နောက် ပြန်တက်မလာကြသဖြင့် ကိုထွန်းနိုင်က ဆင်းသွားခဲ့ရာ သုံးဦးစလုံး ပြန်လည်တက်ရောက်နိုင်ခြင်းမရှိဘဲ ရေတွင်းထဲ၌ အောက်စီဂျင်ပြတ်ကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မေ ၃ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ၁၇၂၂ စီး၊ သွင်းကုန် ၁၇၇၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ သန်းတန်ဖိုးရှိ တိုယိုတာ ကလူဂျာ အမျိုးအစား တရားမဝင် လိုင်စင်မဲ့ယာဉ်တစ်စီးကို တွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို ကာကွယ်တားဆီးရန် စင်ကာပူနိုင်ငံတွင် တစ်လကြာအသွားအလာကန့်သတ်

**စင်ကာပူ မေ ၄**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို ကာကွယ်တားဆီးရန် စင်ကာပူနိုင်ငံတွင် မေ ၃ ရက်က တစ်လကြာ တစ်စိတ်တစ်ပိုင်းအသွားအလာကန့်သတ်လိုက်ကြောင်းနှင့် ပြည်သူများကို နေအိမ်များတွင်နေထိုင်ရန် တိုက်တွန်းပြောကြားလိုက်သလို အလုပ်များကိုလည်း ပိတ်ထားရန် အမိန့်ထုတ်ပြန်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

စင်ကာပူနိုင်ငံတွင် ပြည်တွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု ကွင်းဆက်မရှိဘဲ ရုတ်တရက် သတိထားရလောက်သည်အထိ မြင့်တက်လာပြီးနောက် ယခုလို တစ်လကြာ တစ်စိတ်တစ်ပိုင်း အသွားအလာကန့်သတ်လိုက်ခြင်းဖြစ်သည်။

စီးပွားရေးအတွက် အဓိကအရေးပါသော ကဏ္ဍနှင့် မလုပ်မနေရ အလုပ်များမှလွဲ၍ တခြားအလုပ်များကို ပိတ်မည်ဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားလိုက်သည်။ အလားတူ ကျောင်းများနှင့် တက္ကသိုလ်များအားလုံးကိုလည်း နေအိမ်အခြေစိုက်သင်ကြားမှုပုံစံဖြင့် အစပျိုးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။



ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို တားဆီးကာကွယ်ရန် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရမည့် သင်္ကေတအမှတ်အသားများကို စင်ကာပူနိုင်ငံရှိ အစားအစာရောင်းချနေသော ဆိုင်တစ်ဆိုင်တွင် ပြုလုပ်ထားသည်ကို မေ ၂ ရက်က တွေ့ရစဉ်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နေပြီဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် ဖြစ်နိုင်သည့် လမ်းကြောင်းများကို လေ့လာထားရမည်ဖြစ်ကြောင်း၊ နောက်ထပ်ဆောင်ရွက်ချက်များ မလုပ်ဆောင်နိုင်မည်ကို စိတ်ပူကြောင်း၊ အခြေအနေများ ပိုဆိုးလာနိုင်ကြောင်း စင်ကာပူဝန်ကြီးချုပ်က ဆက်လက်ပြောကြားလိုက်သည်။

လွန်ခဲ့သော ရက်သတ္တပတ်က စင်ကာပူနိုင်ငံတွင် ပြည်တွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုဖြစ်စဉ်များ ပိုမိုဖြစ်ပွားလာခဲ့သည်။ ၎င်းတို့ထဲက ထက်ဝက်ခန့်သည် နောက်ကြောင်းပြန် ခြေရာခံ၍ မရနိုင်ကြောင်း သတင်းရရှိသည်။ ထို့ကြောင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုပိုမိုဖြစ်ပွားနိုင်ခြေရှိသည်ဟု ယူဆရမည်ဖြစ်ကြောင်းနှင့် ရောဂါပိုးရှိမှန်းမသိသူများသည် အခြားသူများကို ၎င်းတို့ကိုယ်တိုင် ၎င်းတို့မသိလိုက်ဘဲ ရောဂါပိုးကူးစက်စေနိုင်ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ဆက်လက်ပြောကြားလိုက်သည်။

**ကျိုဒိုနယူးစ်**

# နယူးဒေလီတွင် ဒုက္ခသည် ကယ်ဆယ်ရေးစခန်းပေါင်း ၃၂၈ ခု ဖွင့်လှစ်

**နယူးဒေလီ မေ ၄**

ဒေလီအစိုးရသည် ဒုက္ခသည်ကယ်ဆယ်ရေးစခန်းပေါင်း ၃၂၈ ခုကို ဒေလီမြို့ထဲတွင် ဖွင့်လှစ်ထားကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၁ ရက် အသွားအလာကန့်သတ်လိုက်သည့်အမိန့်ကို ချမှတ်ထားစဉ်အတွင်း အဆိုပါစခန်းများ၌ လူပေါင်း ၅၇၀၀၀ ခန့် ခိုလှုံနေထိုင်နိုင်မည်ဖြစ်ကြောင်း နယူးဒေလီဝန်ကြီးချုပ် အာဗင့်ကာ့ဂျ်ရီဝယ်က ပြောကြားလိုက်သည်။

ဗီဒီယိုသတင်းစာရှင်းလင်းပွဲတွင် နယူးဒေလီဝန်ကြီးချုပ် အာဗင့်ကာ့ဂျ်ရီဝယ်က လူပေါင်း ၅၇၀၀၀ ကို လက်ခံနိုင်ရန် ဒုက္ခသည်စခန်းပေါင်း ၃၂၈ ခု ပြင်ဆင်ပေးထားကြောင်း ပြောကြားလိုက်သည်။

**ဂရုစိုက်သွားမည်ဖြစ်**

လူတိုင်း ယခုဖွင့်လှစ်ထားသည့် စခန်းများသို့ လာရောက်နေထိုင်နိုင်ကြောင်း နယူးဒေလီဝန်ကြီးချုပ် အာဗင့်ကာ့ဂျ်ရီဝယ်က ဆက်လက်ပြောကြားလိုက်သည်။ သူတို့ကို မိမိတို့အနေဖြင့် ဂရုစိုက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားလိုက်သည်။

**ဆက်လက်ပြောကြား**

နယူးဒေလီတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ၉၁ ဦးရှိခဲ့ပြီး စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်းသည် ၃၈၄ ဦးအထိရှိကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားလိုက်သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် နယူးဒေလီတွင် ငါးဦးသေဆုံးခဲ့ပြီး ဖြစ်သည်။

**အေအင်န်အိုင်**

# သင်္ဘောပေါင်းစုံပေါ်မှ လူများကို နိုင်ငံတွင်းသို့ ဝင်ခွင့်ပြုမည်မဟုတ်ဘဲ အိမ်ပြန်ကြရန် သြစတြေးလျအာဏာပိုင်များပြောကြား

**ကင်ဘာရာ မေ ၄**

သြစတြေးလျနိုင်ငံက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားလျက်ရှိသော သင်္ဘောပေါင်းစုံပေါ်မှ သင်္ဘောအမှုထမ်းများကို မိမိတို့နိုင်ငံအတွင်း ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း သြစတြေးလျအာဏာပိုင်များက ယမန်နေ့က အလေးအနက်ထား ပြောကြားလိုက်သည်။

သင်္ဘောပေါင်း တစ်ဒါဇင်ကျော်သည် သြစတြေးလျကမ်းလွန်တွင် ရှိနေမည်ဟု ယူဆရကြောင်း၊ ၎င်းသင်္ဘောများပေါ်တွင် သင်္ဘောအမှုထမ်းနှင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသူဟု ယူဆရမည့်သူများ ၁၅၀၀၀ ခန့် ပါရှိမည်ဟု ယုံကြည်ရကြောင်း သိရသည်။

သင်္ဘောများ အားလုံးကို သြစတြေးလျရေပိုင်နက်မှ ထွက်ခွာသွားရန် ညွှန်ကြားချက်များထုတ်ပြန်ထားပြီးဖြစ်ကြောင်း သြစတြေးလျနယ်စပ်တပ်ဖွဲ့ ရဲမင်းကြီး မိုက်ကယ်အောက်ထရမ်က ဒေသတွင်းမီဒီယာများကို ပြောကြားလိုက်သည်။

ထို့အပြင် သင်္ဘောများကို မိမိတို့ မှတ်ပုံတင်ထားရာ နေရာများဆီသို့ ပြန်သွားရန်၊ အထူးသဖြင့် ကမ္ဘာ့ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် ၎င်းတို့၏ မူလနေရာများသို့ပြန်ရန် ပိုလိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ယခုကိစ္စသည် ကမ္ဘာ့ပြဿနာတစ်ခုဖြစ်လာကြောင်း၊ သင်္ဘောများသည် ဖလော်ရီဒါမှ ယိုကိုဟားမားအထိ၊ ထိုမှတစ်ဖန် ပွါသ်မြို့အထိ လုံခြုံစိတ်ချရသော ဆိပ်ကမ်းများကို ဆိုက်ကပ်ရန် ရှာဖွေလျက်ရှိကြောင်း သိရသည်။

ဒေါသထွက်နေသော အာဏာပိုင်များကလည်း အမေရိကန်ဒေါ်လာ ဘီလီယံချီတန်ဖိုးရှိသည့် အပျော်စီးဇိမ်ခံသင်္ဘော လုပ်ငန်းများကို ဂရုတစိုက်မရှိ ပေါ့ဆသည်ဆိုကာ ပြစ်တင်လျက်ရှိကြောင်း သိရသည်။ သြစတြေးလျ အာဏာပိုင်များက ကျန်းမာရေးဝန်ဆောင်မှုတွင် ဝန်ပိနေသည့် မိမိတို့နိုင်ငံတွင်းသို့ နောက်ထပ် ကိုဗစ်-၁၉ လူနာများ ထပ်မံ အဝင်မခံနိုင်တော့ကြောင်း ပြောကြားလိုက်သည်။

သြစတြေးလျနိုင်ငံ၏ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအတော်များများနှင့် ကူးစက်ခံရသူပေါင်း ၅၀၀၀ ကျော်လာသည့်ကိစ္စတွင် အပျော်စီးဇိမ်ခံသင်္ဘောများသည် ၁၀ ရာခိုင်နှုန်း ထက်မနည်းသည့်နေရာမှ ပါဝင်လာသည်ဟု ဆိုရမည်ဖြစ်သည်။

**အေအက်ဖ်ပီ**



သြစတြေးလျကမ်းခြေတစ်နေရာတွင်ရှိသော အပျော်စီးဇိမ်ခံသင်္ဘောတစ်စင်းကို တွေ့ရစဉ်။ အေအက်ဖ်ပီ

# စပိန်နိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာများ ကြယ်ငါးပွင့်အဆင့်ဟိုတယ်တွင် အသွားအလာကန့်သတ်ခြင်းခံရ

**မက်ဒရစ် မေ ၄**

စပိန်နိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာများကို ကြယ်ငါးပွင့်အဆင့်ဟိုတယ်တွင် နေထိုင်ခိုင်းပြီး အသွားအလာကန့်သတ်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

တချို့လူနာများက ၎င်းတို့ကို ဆေးရုံမှ အပြင်သို့ ခေါ်လာသည့်အတွက် သေလူများအဖြစ် ထင်မိကြောင်းနှင့် အများစုက ထိတ်လန့်ကြောက်ရွံ့နေကြကြောင်း၊ ထို့နောက်တွင်မှ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်တွင် အသွားအလာကန့်သတ်ခြင်းပြုလုပ်ရန် ထိုသို့လုပ်ဆောင်ခြင်းကို သဘောပေါက်ကြောင်း ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူနာတချို့က ပြောကြားသည်။

**ပြောကြား**

လူနာများကို ၎င်းတို့ခံစားနေရသည့် ဒုက္ခများအားလုံးမေ့စေရန် ရည်ရွယ်၍ ယခုလို စီစဉ်ထားကြောင်း ကြယ်ငါးပွင့်ဟိုတယ်မှ တာဝန်ရှိသူများက ပြောကြားလိုက်သည်။

**ဆေးကုသမှုများပေး**

၎င်းတို့ကို ကျန်းမာရေးဝန်ထမ်းများက အပြုံးနှင့်ဆီးကြို၍ ဆေးကုသမှုများပေးလျက်ရှိကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ဗြိတိန်နိုင်ငံ၏ အဓိကအတိုက်အခံလေဘာပါတီခေါင်းဆောင်အဖြစ် ကားရ်စတာမာကို ရွေးချယ်

**လန်ဒန် မေ ၄**

ဗြိတိန်နိုင်ငံ၏ အဓိကအတိုက်အခံ လေဘာပါတီခေါင်းဆောင်အဖြစ် ကားရ်စတာမာကို ရွေးချယ်ခဲ့ကြောင်း လေဘာပါတီက မေ ၄ ရက်က ကြေညာလိုက်သည်။ ဂျရယ်မီကော်ဗျန်းနေရာတွင် ကားရ်စတာမာကို လေဘာပါတီ ခေါင်းဆောင်သစ်အဖြစ် အစားထိုးခဲ့ကြောင်း သတင်းရရှိသည်။

အသက် ၅၇ နှစ်အရွယ် ယခင် နိုင်ငံတော်အစိုးရရှေ့နေချုပ်သည် ထိပ်တန်းရာထူးအတွက် ကော်ဗျန်းသစ္စာခံ ရေဗက္ကာလောင်ဘေလီနှင့် အောက်လွှတ်တော်အဖွဲ့ဝင် လီဆာနန်ဒီတို့ကို အနိုင်ရရှိခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် အထူးတွေ့ဆုံပွဲကို ဖျက်သိမ်းခဲ့ရသည့် အန်ဂျလာရေးနားသည် ဒုတိယခေါင်းဆောင်ဖြစ်ကြောင်း လေဘာပါတီက တွစ်တာတွင် ကြေညာခဲ့သည်။

လေဘာပါတီ၏ ဘရက်ဇစ်ပြောရေးဆိုခွင့်ရှိသူ စတာမာက သုံးလကြာ မဲဆွယ်စည်းရုံးပွဲတွင် ၎င်းကို ထောက်ခံခဲ့သူများနှင့် အတိုက်အခံများကို ကျေးဇူးတင်ကြောင်း ပြောကြားလိုက်သည်။

စတာမာက လေဘာပါတီကို ယုံကြည်ချက်နှင့် မျှော်လင့်ချက်များဖြင့် ခေတ်သစ်ကို ဦးဆောင်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားလိုက်သည်။ **အေအက်ဖ်ပီ**



လေဘာခေါင်းဆောင်အဖြစ်ဝင်ရောက်အရွေးခံသူများဖြစ်ကြသည့် (ဝဲမှယာ) လီဆာနန်ဒီ၊ ကားရ်စတာမာနှင့် ရေဗက္ကာလောင်ဘေလီတို့ကို တွေ့ရစဉ်။

# ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးအတွက် တစ်ကမ္ဘာလုံး အပစ်အခတ်ရပ်စဲကြရန် ကုလသမဂ္ဂအကြီးအကဲပြော



ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်။

**ဂျီနီဗာ မေ ၄**

ကမ္ဘာတစ်ဝန်း၌ ပဋိပက္ခဖြစ်ပွားနေမှုများကို ချက်ချင်းရပ်နားပစ်မှသာ တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေသည့် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကို တိုက်ဖျက်ရန် အလေးပေးလုပ်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်စဲကြရန် ကုလသမဂ္ဂအကြီးအကဲ အန်တို နီယိုဂူတာရက်စ်က ဗီဒီယို သတင်းစာရှင်းလင်းပွဲမှတစ်ဆင့် မေတ္တာရပ်ခံတိုက်တွန်းလိုက်ကြောင်း သိရသည်။

အပစ်အခတ်ရပ်စဲရေး တောင်းဆိုချက်ကို စစ်ပွဲဖြစ်ပွားနေသည့် ယီမင်၊ လစ်ဗျား၊ ဆီးရီးယားနှင့် အခြားနိုင်ငံများရှိ စစ်မက်ဖြစ်ပွားနေသည့်အဖွဲ့အစည်းများက လက်ခံခဲ့ကြောင်း၊ သို့ရာတွင် ၎င်းတို့၏ ကြေညာချက်များနှင့် အမှန်တကယ်လုပ်ဆောင်ချက်များအကြား ကြီးမားသည့် ကွာဟမှုရှိနေကြောင်း ဂူတာရက်စ်ကပြောသည်။

ယီမင်၌ ဖြစ်ပွားနေသည့် ပဋိပက္ခအခြေအနေသည် ကပ်ရောဂါကို ရင်ဆိုင်ရာတွင် ဆူးငြောင့်ခလုတ်တစ်ခုအနေဖြင့်ရှိနေပြီး လစ်ဗျားရှိ အခြေအနေများမှာလည်း ပိုမိုတင်းမာလျက်ရှိသည်ဟု ၎င်းကဆိုသည်။

သို့ဖြစ်ရာ ပဋိပက္ခဖြစ်ပွားနေသည့် နိုင်ငံများတွင် အပစ်အခတ်ရပ်စဲရေး တောင်းဆိုမှုမှသည် လက်တွေ့လိုက်နာဆောင်ရွက်မှုသို့ဦးတည်လာစေရန် အထူးသံတမန်များက စစ်မက်ဖြစ်နေသည့် အဖွဲ့အစည်းများအကြား ကြားဝင်ဆောင်ရွက်ပေးရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် လက်ရှိဖြစ်ပွားနေသည့် အခြေအနေအရပ်ရပ်အပေါ် အကြမ်းဖက်အဖွဲ့အစည်းများနှင့် အစွန်းရောက်စစ်သွေးကြွများက အခွင့်ကောင်းယူသွားမည်ကို စိုးရိမ်မိကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ငါးဦးရှိလာ

**ကိုလံဘို မေ ၄**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ဖြစ်ပွားနေသည့် သီရိလင်္ကာနိုင်ငံ၌ မေ ၄ ရက်က အသက် ၄၄ နှစ်ရှိ အမျိုးသားတစ်ဦး ရောဂါကူးစက်မှုကြောင့် သေဆုံးသွားခဲ့ပြီးနောက်တွင် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက် ငါးဦးအထိရှိလာခဲ့ကြောင်း အစိုးရ သတင်းထုတ်ပြန်ရေးဌာနက ထုတ်ပြန်ချက်တွင်ဖော်ပြခဲ့သည်။

အဆိုပါလူနာသည် မကြာသေးမီကအီတလီမှပြန်ရောက်လာပြီးနောက် ရောဂါလက္ခဏာအချို့ ခံစားလာရသည့်အတွက် ဝီလီကန်ဒါဆေးရုံသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ ၎င်းသည် မတ် ၂၃ ရက်တွင် အီတလီနိုင်ငံမှ သီရိလင်္ကာသို့ ပြန်ရောက်လာခဲ့သည်။

သီရိလင်္ကာ ကျန်းမာရေးဝန်ကြီးက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသည့် အတည်ပြုလူနာ ၁၅၉ ဦးရှိပြီး ၎င်းတို့အနက် ၂၅ ဦးမှာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံမှဆင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း၊ အခြား ၁၂၉ ဦးကို နိုင်ငံတစ်ဝန်းရှိ သတ်မှတ်ဆေးရုံများတွင် ကန့်သတ်စောင့်ကြည့်မှုများ ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။



သီရိလင်္ကာ၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရန် ဆေးဖျန်းနေစဉ်။

ပြီးခဲ့သည့် မတ် ၂၀ ရက်မှစတင်ကာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန်အတွက်သီရိလင်္ကာအစိုးရက တစ်နိုင်ငံလုံး အပြင်မထွက်ရ အမိန့်ထုတ်ပြန်ခဲ့သည်။ မြို့တော်ကိုလံဘို အပါအဝင် ဒေသပေါင်း ငါးခုတို့ကို အန္တရာယ်အရှိဆုံး ဧရိယာများအဖြစ် သတ်မှတ်ကာ ရဲတပ်ဖွဲ့ကစောင့်ကြည့်လျက်ရှိသည်။

သီရိလင်္ကာနိုင်ငံအတွင်း ရောဂါကူးစက်မှုကို တိုက်ဖျက်ရာတွင် တရုတ်နိုင်ငံက နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန် လူသားချင်း စာနာထောက်ထားမှု အကူအညီများနှင့် ဆေးဝါးအထောက်အကူပြုပစ္စည်းများကို သီရိလင်္ကာသို့ ပေးပို့ခဲ့သည်။ အထောက်အပံ့ပစ္စည်းများတွင် ဆေးရုံသုံးနှာခေါင်းစည်း အခုရေငါးသောင်းနှင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ် ရှိမရှိ စစ်ဆေးစမ်းသပ်သည့် ကိရိယာ ၁၀၀၈ ခု တို့ကို တရုတ်သံရုံးတာဝန်ရှိသူတစ်ဦးက သီရိလင်္ကာဝန်ကြီးချုပ် မဟင်ဒါ ရာဂျာပက်ဆာသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ကိုရိုနာဗိုင်းရပ်စ် ရင်ဆိုင်တိုက်ခိုက်ရာတွင် ငွေကြေးဆိုင်ရာ အခက်အခဲအဆီးအတားများကို ဖယ်ရှားနိုင်ရေး ကြိုးပမ်းကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တိုက်တွန်း

**ဂျီနီဗာ မေ ၄**

ကမ္ဘာတစ်ဝန်း၌ ကူးစက်ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကို ရင်ဆိုင်ရာတွင် ငွေကြေးဆိုင်ရာ အခက်အခဲအဆီးအတားများကို ကျော်လွှားနိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းလိုက်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲတက်ဒရိုစ် အက်ဒဟာနွန် ဂီဘရီယက်ဆပ်စ် က မေ ၃ ရက်တွင် ဂျီနီဗာရှိ သတင်းထောက်များသို့ ပြောကြားခဲ့သည်။

အကယ်၍ ငွေကြေးဆိုင်ရာ အခက်အခဲကြောင့် မတတ်နိုင်သည့်ပြည်သူများက ကျန်းမာရေးစောင့်ရှောက်မှုကို လက်လွှတ်ခဲ့လျှင် ၎င်းတို့ကိုယ်တိုင်ထိခိုက်စေရုံသာမက ကပ်ရောဂါထိန်းချုပ်ရေး ပိုမိုခက်ခဲသွားပြီး လူမှုအဖွဲ့အစည်းတစ်ရပ်လုံး အန္တရာယ်ကျရောက်သွားနိုင်ကြောင်း ၎င်းကထောက်ပြခဲ့သည်။

သို့ဖြစ်ရာ ပြည်သူများအား ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးရန် အခမဲ့ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်ပေးကြရန်၊ ရောဂါကူးစက်ခံရသည့် လူနာများအား ဂရုစိုက်မှုပေးကြရန်နှင့် ကျန်းမာရေးဆိုင်ရာ အားနည်းသူများကို အကူအညီပေးနိုင်ရေးအစီအမံများ ချမှတ်ဆောင်ရွက်ပေးကြရန် မစ္စတာဂူတာရက်စ်က ကမ္ဘာတစ်ဝန်းရှိ တာဝန်ရှိပြည်သူများအား တိုက်တွန်းခဲ့သည်။

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အမှုဆောင် ဒါရိုက်တာ မစ်ချယ်ရန်က လက်ဆေးခြင်း၊ လူအများနှင့်ရောနှောဆက်ဆံခြင်းကို ရှောင်ကြဉ်ခြင်းကမည်မျှအရေးကြီးကြောင်းကို ထပ်မံပြောကြားခဲ့သည်။ ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်မှာ တစ်သန်းကျော်သွားပြီဖြစ်ပြီး ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ ငါးသောင်းကျော်ရှိသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မေ ၂ ရက်တွင် ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အာဆီယံလေကြောင်းလိုင်းများက လေကြောင်းခရီးစဉ်များ ထပ်မံလျှော့ချမည်

**ဟောင်ကောင် မေ ၄**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်သည့် အနေဖြင့် ပြည်သူလူထု၏ သွားလာလှုပ်ရှားမှုများအပေါ် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကန့်သတ်မှုများ ဆောင်ရွက်လျက်ရှိသောကြောင့် အာဆီယံ လေကြောင်းလိုင်းများက ၎င်းတို့၏ လေကြောင်းခရီးစဉ် ပျံသန်းပြေးဆွဲမှု အများစုကို မဖြစ်မနေ ဖျက်သိမ်းခဲ့ရသည်။

ဟောင်ကောင်ရှိ ကာသေးပစိဖိတ် (Cathay Pacific Airways) လေကြောင်းလိုင်းက ဧပြီလတွင် ပြေးဆွဲရန် စီစဉ်ထားသည့် လေကြောင်းခရီးစဉ်များ၏ ၉၇ ရာခိုင်နှုန်းကို ပယ်ဖျက်မည်ဖြစ်ကြောင်း ဧပြီ ၃ ရက်တွင် ကြေညာခဲ့သည်။ ကာသေးပစိဖိတ်လေကြောင်းလိုင်းသည် ကမ္ဘာတစ်ဝန်းရှိ မြို့ပေါင်း ၁၀၀ ကျော်ကို လေကြောင်း ချိတ်ဆက်ပြေးဆွဲမှုများ ပြုလုပ်ထားသည်။

သို့ရာတွင် လန်ဒန်နှင့် ဂျပန် နိုင်ငံ တိုကျိုမြို့အနီး နာရီတာလေဆိပ်များ အပါအဝင် မြို့ပေါင်း ၁၅ ခုသို့ တစ်ပတ်လျှင် နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်သာ လေကြောင်းခရီးစဉ် ပျံသန်းမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း ကာသေးပစိဖိတ်လေကြောင်းကုမ္ပဏီက ပြောကြားခဲ့သည်။

ဟောင်ကောင် နိုင်ငံတကာလေဆိပ်၌ လာမည့် ဧပြီ၈ရက်မှ စတင်ကာ ၎င်း၏လေယာဉ်ပြေးလမ်း နှစ်ခုအနက် တစ်ခုကို ယာယီပိတ်ထားရန် စီစဉ်နေကြောင်း သိရသည်။ ဟောင်ကောင် နိုင်ငံတကာလေဆိပ်သည် အာရှရှိ အချက်အချာအကျဆုံး လေဆိပ်ဖြစ်ပြီး တစ်ရက်လျှင် လေကြောင်းခရီးစဉ် ပျံသန်းမှုနှင့် ဆင်းသက်ရပ်နားမှုပေါင်း ၁၀၀၀ ကျော်ရှိသည်။ သို့ရာတွင် ခရီးစဉ်ပျံသန်းပြေးဆွဲမှု အရေအတွက်သည် ပြီးခဲ့သည့်လမှစတင်ကာ သိသိသာသာ လျော့ကျခဲ့သည်။

ထိုင်းနိုင်ငံအစိုးရက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန်အတွက် လေကြောင်းခရီးစဉ်ပျံသန်းမှုများ ဧပြီ ၄ ရက်မှ ဧပြီ ၆ ရက်အထိ သုံးရက်ကြာရပ်နားထားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထိုင်းအဲဝေးအင်တာနေရှင်နယ် လေကြောင်းလိုင်းကလည်း နိုင်ငံတကာ လေကြောင်းခရီးစဉ်များ အားလုံးကို မေ ၃၁ ရက်အထိ ရပ်နားထားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ဟောင်ကောင်နိုင်ငံတကာလေဆိပ် လေယာဉ်ပြေးလမ်းပေါ်မှ ထွက်ခွာနေသည့် လေယာဉ်တစ်စင်းကိုတွေ့ရစဉ်။

**နိုင်ငံတကာ သတင်းတိုထွာ**

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် အမေရိကန်၏ ဂျီဒီပီ စံချိန်တင်ကျဆင်းဖွယ်ရှိ

**နယူးယောက် မေ ၄**
ကမ္ဘာ့စီးပွားရေးအင်အား အကြီးဆုံးဖြစ်သည့် အမေရိကန်၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ဆက်လက်မြင့်တက်နေသည့်အတွက် နိုင်ငံ၏ ဂျီဒီပီ စံချိန်တင်ကျဆင်းမှု ဖြစ်လာနိုင်ကြောင်း အမေရိကန်ကွန်ဂရက်ဘတ်ဂျက်ရုံးက ဖော်ပြခဲ့သည်။

တစ်နှစ်ပတ်လုံးဂျီဒီပီနှင့် နှိုင်းယှဉ်လျှင် လက်ရှိသုံးလပတ်ကာလ၏ ဂျီဒီပီမှာ အနုတ် ၂၈ ရာခိုင်နှုန်းရှိနိုင်ကြောင်း သိရသည်။ ထို့ပြင် ဂျီဒီပီ ကျဆင်းမှုသည် ပိုမိုကြီးမားလာဖွယ်ရှိနေကြောင်း အာဏာပိုင်များက သတိပေးခဲ့သည်။ အလုပ်လက်မဲ့ရာခိုင်နှုန်းမှာလည်း ၁၀ ရာခိုင်နှုန်းမက တိုးလာနိုင်ကြောင်း ဖော်ပြထားသည်။ အမေရိကန်၌ လက်ရှိ အလုပ်လက်မဲ့ရာခိုင်နှုန်းမှာ ၁၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ အရေအတွက်မြင့်တက်

**နယူးဒေလီ မေ ၄**
အိန္ဒိယနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ဆက်လက် မြင့်တက်လျက်ရှိပြီး သေဆုံးသူအရေအတွက်မှာ ၆၈ ဦး အထိတိုးပွားလာကာ ကူးစက်ဖြစ်ပွားသူ ၂၉၁၁ ဦး ဖြစ်လာကြောင်း အိန္ဒိယ ဖက်ဒရယ်ကျန်းမာရေးဝန်ကြီးဌာနက မေ ၄ ရက် နံနက်ပိုင်းတွင် ဖော်ပြသည်။

ယင်းပမာဏသည် မေ ၃ ရက် ညနေပိုင်းတွင် ရောဂါကူးစက်ခံရသူ အရေအတွက် ၃၅၅ ဦးထပ်မံတိုးပွားလာပြီး သေဆုံးသူအရေအတွက် ထပ်မံခုန်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မေ ၃ ရက်က အိန္ဒိယနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၂၅၄၇ ဦးဖြစ်ပြီး သေဆုံးသူအရေအတွက် ၆၂ ဦးဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအာဏာပိုင်များ၏ ပြောပြချက်အရ ရောဂါကူးစက်ခံရသည့် လူနာ ၁၈၄ ဦးကို ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံမှပြန်ဆင်းခွင့်ပြုလိုက်ကြောင်း သိရသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားရဲ့ ရောဂါကူးစက်ပျံ့နှံ့ရာ ဗဟိုချက်မဖြစ်လာတဲ့ မြို့တော်ဂျကာတာ

*ကလျာမိုးမြင့်*

ကမ္ဘာ့လူဦးရေအထူထပ်ဆုံး နိုင်ငံတွေထဲကတစ်ခုဖြစ်တဲ့ အင်ဒိုနီးရှားဟာ တခြားသောအရှေ့တောင်အာရှနိုင်ငံတွေလိုပဲ မဖိတ်ခေါ်ဘဲ ကျရောက်လာတဲ့ ကပ်ရောဂါဧည့်သည်ဆိုးကို နှင်ထုတ်ဖို့ ရင်ဆိုင်ကြိုးပမ်းနေရပါတယ်။ အင်ဒိုနီးရှားနိုင်ငံက ရောဂါထိန်းချုပ်နိုင်ဖို့အတွက် ၎င်းရဲ့နယ်စပ်တွေကို ပိတ်ထားပြီးပြီဖြစ်ပေမယ့် ကျွမ်းကျင်သူတွေက အင်ဒိုနီးရှားရဲ့ လုပ်ဆောင်ချက်သိပ်ကိုနောက်ကျသွားပြီလားဆိုပြီး စိုးထိတ်နေကြတဲ့အချိန်ပါ။



ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာများအား ပြုစုကုသပေးနေသည့်ဆေးရုံသို့ သမ္မတဂျိုကိုဝီဒိုဒို လာရောက်စစ်ဆေးနေစဉ်။

### သတင်းအချက်အလက် ဖုံးကွယ်မှု ရှိသလား

နိုင်ငံအတွင်းမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက်နဲ့ပတ်သက်ပြီး တရားဝင်ထုတ်ပြန်ဖော်ပြနေတဲ့ အချက်အလက်တွေဟာ အမှန်တကယ်ဖြစ်ပွားနေတဲ့ အရေအတွက်ပမာဏကို ဖုံးကွယ်လိမ်ညာမှုရှိတယ်ဆိုတဲ့ သတိပေးစကားသံတွေလည်း ထွက်ပေါ်နေတာကြောင့် နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်က ရောဂါဖြစ်ပွားတဲ့ ပမာဏအားလုံးကို လွှမ်းခြုံရောက်ရှိအောင် မစွမ်းဆောင်နိုင်မှာကိုလည်း စိတ်ပူနေရပါတယ်။

အင်ဒိုနီးရှားနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ပထမဆုံး ကူးစက်ဖြစ်ပွားမှုကို ပြီးခဲ့တဲ့ မတ်လက စတင်ထုတ်ပြန်ခဲ့တာဖြစ်ပေမယ့် အခုလက်ရှိမှာတော့ အာရှဒေသတစ်ခုလုံးမှာ တရုတ်နိုင်ငံပြီးရင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက် အများဆုံးနိုင်ငံ အနေနဲ့ ဒုတိယနေရာလိုက်နေပါတယ်။ ဗိုင်းရပ်စ်ကြောင့် အသက်ဆုံးရှုံးရသူတွေထဲမှာ လူနာတွေနဲ့ အနီးကပ်ထိတွေ့ရတဲ့ အသက် ၃၀အရွယ် ဆရာဝန်နှစ်ဦး အပါအဝင် ကျန်းမာရေးလုပ်သား ၁၂ ဦးထက် မနည်း ပါဝင်ပါတယ်။

### ကျန်းမာရေးဝန်ထမ်းတွေကို ခြိမ်းခြောက်နေ

အနောက်ဂျာဗားရှိ လူထုကျန်းမာရေးဌာနတစ်ခုမှာ တာဝန်ဆောင်ရွက်နေတဲ့ ကျန်းမာရေးဝန်ထမ်း အမျိုးသမီး နိုဗစ်တာ ပါဝန်တီနဲ့ ၎င်းရဲ့သူနာပြုအဖွဲ့ဟာ ကျန်းမာရေးဝန်ထမ်းတွေကို ခြိမ်းခြောက်နေတဲ့ အခြေအနေတွေအပေါ်မှာ အထူးသတိပြု နေကြရပါတယ်။

လုပ်ငန်းဆောင်ရွက်ချိန်မှာ ဝတ်ဆင်ရမယ့် မိုးကာတွေနဲ့ ဆေးကုသရာမှာသုံးတဲ့ မျက်မှန်တွေ ဝေငှပေးဖို့ ၎င်းတို့ကရန်ပုံငွေစုဆောင်းမှုလုပ်ဆောင်နေကြပါတယ်။ မိုးကာတွေကို ပိုးသတ်ထားတဲ့အတွက် ဒါတွေကို ကျွန်မတို့ ပြန်သုံးလို့ရတယ်။ ကျန်းမာရေးအေဂျင်စီတွေဆီကနေ အကာအကွယ်ဝတ်စုံတွေ ရောက်ရှိမလာခင်၊ ဒါကိုအသုံးပြုထားမှာဖြစ်တယ်။ N95 နှာခေါင်းစည်းတွေက ဈေးသိပ်ကြီးပြီး ရှာရခက်လို့ ကျွန်မတို့ အဲဒါကို ဝယ်သုံးဖို့ မတတ်နိုင်ဘူးလို့ နိုဗစ်တာက ပြောပြခဲ့ပါတယ်။

### ကိန်းဂဏန်းအတိအကျရဖို့ခက်ခဲ

အာရှတစ်လွှားမှာ ကျယ်ကျယ်ပြန့်ပြန့် ကူးစက်ဖြစ်ပွားနေပြီး မျက်ခြည်ပြတ်ခံလို့မရအောင် အထူးသတိထားစောင့်ကြည့်နေရတဲ့ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဆိုးကို ရင်ဆိုင်တိုက်ခိုက်တဲ့နေရာမှာ နိုဗစ်တာဟာ ရှေ့တန်းစစ်မျက်နှာတစ်ခုကနေ တိုက်ပွဲဝင်နေရပါတယ်။ ကျွန်မမှာ စိတ်ဖိစီးမှုတွေသိပ်များနေလို့ ညဘက်ရောက်တိုင်း ကောင်းကောင်းမအိပ်စက်နိုင်ခဲ့ဘူး။ ဗိုင်းရပ်စ်ရှိနေတဲ့လူနာတွေလား၊ မရှိတဲ့လူနာတွေလား ကွဲကွဲပြားပြားမသိရဘဲ နေ့စဉ်နေ့တိုင်း သူတို့နဲ့ အနီးကပ်ထိတွေ့ဆက်ဆံရတယ်လို့ ၎င်းကပြောပြခဲ့ပါတယ်။

လန်ဒန်မှာအခြေစိုက်ထားတဲ့ ကူးစက်ရောဂါဆိုင်ရာ ကိန်းဂဏန်းပုံစံဖော်ပြမှု ဌာနရဲ့ လေ့လာမှုအရ အင်ဒိုနီးရှားနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်ရဲ့ ၂ ရာခိုင်နှုန်းလောက်ကိုသာ သတင်းဖော်ပြထားတယ်လို့ ပြီးခဲ့တဲ့ရက်သတ္တပတ်က ခန့်မှန်းချက်ထုတ် ပြန်ခဲ့ပါတယ်။ ဒီဖော်ပြချက်အရ အမှန်တကယ် ရောဂါကူးစက်ခံရသူအရေအတွက်ဟာ ၉၈၀၀၀ ကျော်လောက်ရှိသွားနိုင်ပါတယ်။ သို့သော်လည်း ကျန်းမာရေးစစ်ဆေးမှုလိုအပ်ချက်တွေကြောင့် တခြားနိုင်ငံတွေမှာလိုပဲ ကိန်းဂဏန်းအတိအကျကို ရရှိနိုင်ဖို့ မသေချာဘူးလို့ သိရပါတယ်။

**“အင်ဒိုနီးရှားနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ပထမဆုံး ကူးစက်ဖြစ်ပွားမှုကို ပြီးခဲ့တဲ့မတ်လက စတင်ထုတ်ပြန်ခဲ့တာဖြစ်ပေမယ့် အခုလက်ရှိမှာတော့ အာရှဒေသတစ်ခုလုံးမှာ တရုတ်နိုင်ငံပြီးရင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက် အများဆုံးနိုင်ငံ အနေနဲ့ ဒုတိယနေရာလိုက်နေပါတယ်။ ဗိုင်းရပ်စ်ကြောင့် အသက်ဆုံးရှုံးရသူတွေထဲမှာ လူနာတွေနဲ့ အနီးကပ်ထိတွေ့ရတဲ့ အသက် ၃၀အရွယ် ဆရာဝန်နှစ်ဦးအပါအဝင် ကျန်းမာရေးလုပ်သား ၁၂ ဦးထက်မနည်း ပါဝင်”**

### ကလေးငယ်တွေလည်းအန္တရာယ်ရှိ

ကပ်ရောဂါကို ကြောက်နေရတဲ့ ခုလိုအချိန်မျိုးမှာ လူတွေသေဆုံးခဲ့ရင် အဲဒီလူက ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေတာမဟုတ်ဘူး။ ဗိုင်းရပ်စ်ပိုးမတွေ့ဘူးဆိုရင်တောင် ၎င်းတို့ရဲ့ အလောင်းတွေကို ပလတ်စတစ်အိတ်နဲ့ ထုပ်ပိုးပြီးမှ မြေမြှုပ်သင့်တယ်လို့ ဂျကာတာ အုပ်ချုပ်ရေးမှူး အာနီစ်ဘာဆာဝီဒင်က ပြောပြခဲ့ပါတယ်။ သေတဲ့သူတွေထဲက တချို့မှာ ဗိုင်းရပ်စ်ရှိကောင်းရှိနိုင်တယ်။ တချို့လည်း ရှိချင်မှရှိမယ်။ ဒါပေမယ့် စစ်ဆေးထားတဲ့ ရလဒ်ကတော့ ပြန်ရောက်မလာတော့ဘူးလို့ ၎င်းကဆိုပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ သေဆုံးမှု ပိုမြင့်လာတဲ့အထဲ ကလေးငယ်တွေလည်းပါဝင်နေတယ်လို့ သိရပါတယ်။ ကိုယ့်ကိုယ်ကိုယ် သတိထားစောင့်ကြည့်နေရတဲ့ အခြေအနေတစ်ခုလည်း ဖြစ်တယ်။ လက်ရှိမှာ ကလေးငယ်လေးဦးထက်မနည်း သေဆုံးခဲ့ပြီဖြစ်ပြီး ၎င်းတို့ထဲမှာ သုံးနှစ်အရွယ်ကလေးငယ်ဟာ အငယ်ဆုံးပဲလို့ ဒေါက်တာ အာမန် ပူလန်ဂန်က ပြောပါတယ်။

### အာဏာပိုင်တွေငြင်းဆန်

ပြီးခဲ့တဲ့ ရက်သတ္တပတ်တွေအတွင်း အင်ဒိုနီးရှားနိုင်ငံထဲမှာ ရောဂါကူးစက်မှုဟာ အဆီးအတားမဲ့ ပျံ့နှံ့နေတဲ့အတွက် ကျန်းမာရေးစစ်ဆေးမှုလုံလောက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိဘူးဆိုတဲ့ သတင်းစကားတွေကို အင်ဒိုနီးရှားအာဏာပိုင်တွေက ငြင်းဆန်ခဲ့ပါတယ်။ အစိုးရက တရုတ်နိုင်ငံ ဝူဟန်မြို့နဲ့ ဘာလီကျွန်းဆီ တိုက်ရိုက်လေကြောင်းခရီးစဉ်တွေကို အကုန်ရပ်နားထားခဲ့ပြီးပါပြီ။

ပြီးခဲ့တဲ့လအတွင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက အစိုးရဟာ ဗိုင်းရပ်စ်ပျံ့နှံ့မှုနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို စိစစ်ဖော်ပြခဲ့တာက ပြည်သူလူထုအတွင်း အထိတ်တလန့်ဖြစ်စေမှာကို မလိုလားတဲ့အတွက်ဖြစ်ကြောင်း၊ လူမှုအဖွဲ့အစည်းအတွင်း ဆူပူအုံကြွမှုတွေ ပေါ်ပေါက်မလာစေချင်တဲ့အတွက်ကြောင့် အစိုးရက ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့ပါတယ်။ အခုဆိုရင် နယ်စပ်တွေကိုလည်း ပိတ်ထားပြီ။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တွေကိုလည်း အဝင်အထွက်ပိတ်ဆို့မှုတွေ ချမှတ်ဆောင်ရွက်ဖို့ အမိန့်ပေးထားပြီဖြစ်ပါတယ်။

### အန္တရာယ်ပိုများလာ

အခုလက်ရှိအချိန်မှာ ဆိုရင်တော့ဖြင့် မြို့တော်ဂျကာတာဟာ အင်ဒိုနီးရှားတစ်နိုင်ငံလုံးရဲ့ ကပ်ရောဂါကူးစက်မှု ဗဟိုချက်မတစ်ခုဖြစ်နေတာကို တွေ့ရပါတယ်။ သို့သော်လည်းပဲ မကြာသေးခင် ရက်သတ္တပတ်တွေအတွင်း ထောင်နဲ့ချီတဲ့ လူတွေဟာ မြို့တော်ဂျကာတာကနေ တခြားနိုင်ငံတွေဆီက ၎င်းတို့ရဲ့ မိဘနေရပ်ထံကို ပြန်သွားကြတာကြောင့် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု အဆပေါင်းများစွာ တိုးပွားလာနိုင်တဲ့ အန္တရာယ်က နိုင်ငံတစ်ဝန်းလုံးကို ခြိမ်းခြောက်နေပါတယ်။

ဒီလိုအချိန်မှာ သမ္မတ ဂျိုကိုဝီဒိုဒိုကတော့ လူအများနဲ့ထိတွေ့ဆက်ဆံခြင်းကိုရှောင်ရှားပြီး နေအိမ်အတွင်းမှာသာ နေထိုင်ခြင်းကို ခိုင်ခိုင်မာမာလိုက်နာဆောင်ရွက်ကြဖို့ ရုပ်မြင်သံကြားကနေ ထုတ်လွှင့်ခဲ့တဲ့မိန့်ခွန်းကတစ်ဆင့် ပြည်သူတွေကို တိုက်တွန်းလျက်ရှိပါတယ်။

### စည်ကားနေဆဲ

စီးပွားရေးဆိုင်ရာ လည်ပတ်စီးဆင်းမှုတွေကို ကျွန်ုပ်တို့ကဆက်လက်ထိန်းထားချင်တယ်။ ဒါပေမယ့် လူတိုင်းလူတိုင်း ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရာမှာ အဓိကအရေးအကြီးဆုံးအချက်ဖြစ်တဲ့ လူအများနဲ့ ထိတွေ့မှုကနေရှောင်ရှားခြင်းကို လက်တွေ့လိုက်နာဆောင်ရွက်ဖို့မဖြစ်မနေလိုအပ်တယ်လို့သတိပေးတိုက်တွန်းခဲ့ပါတယ်။ မြို့တော်ဂျကာတာမှာ ကျောင်းတွေနဲ့ ပျော်ပွဲရွှင်ပွဲကျင်းပတဲ့နေရာတွေ၊ ရုပ်ရှင်ရုံတွေ အားလုံးကို ပိတ်ထားပြီးပြီဖြစ်ပေမယ့် လူအများစုဟာ နေအိမ်ကနေ လုပ်ငန်းဆောင်ရွက်ဖို့ အခက်အခဲရှိတဲ့အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်တွေကတော့ စည်ကားနေတုန်းပါပဲ။ ။ **ကိုးကား-ဆင်ဟွာ၊ဘီဘီစီ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါ ဖြစ်ပွားမှုနှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါရှာဖွေ၍ ထိရောက်စွာကုသမှုပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ လိုအပ်ပါက ဆေးရုံတက်ရောက်ကုသမှု ခံယူနိုင်စေရေး ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍သတင်းရယူခြင်း၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်များ ရရှိနိုင်ရေးအတွက် နေ့စဉ်သတင်းထုတ်ပြန်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၃-၅-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီမှ (၄-၅-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီအထိ စောင့်ကြည့်လူနာအသစ် (၅၈) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၄-၅-၂၀၂၀) ရက်နေ့၊ ည (၅:၃၀) နာရီ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံ/ အိမ်/ ဟိုတယ်တွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသောသူ (၈၄) ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (ဇယား-၁) တွင်ဖော်ပြထားရှိသောသူ (၁)ဦး၏ ဓာတ်ခွဲအဖြေတွင် COVID-19 ရောဂါ ပိုးတွေ့ရှိ (တွေ့ရှိ)ရပြီး ကျန် (၈၃) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိ ကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

ဇယား -၁

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | ယခုဆေးကုသမှုခံယူလျက်ရှိသည့်ဆေးရုံ | အသွားအလာ ကန့်သတ်သည့်/ ဆေးရုံတက်ရောက်သည့်ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 21 | ၂၄ နှစ် | မ | အမေရိကန် - ကိုရီးယား သမ္မတနိုင်ငံ - ထိုင်း | ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး | ၂၆-၃-၂၀၂၀ | တွေ့ရှိ |

- ကျန်လူနာ (၈၃) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိပါ။

၄။ COVID-19 ဓာတ်ခွဲအတည်ပြုလူနာ (Case-21) သည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်သည့် အသက် (၂၄) နှစ်အရွယ် အမျိုးသမီး (၁)ဦးဖြစ်ပြီး မိခင်နှင့် မောင်တော်စပ်သူတို့နှင့်အတူ (၂၄-၃-၂၀၂၀) ရက်နေ့တွင် အမေရိကန်နိုင်ငံမှ ကိုရီးယားသမ္မတနိုင်ငံသို့ လေကြောင်းလိုင်းဖြင့်ထွက်ခွာခဲ့ကာ ကိုရီးယားသမ္မတနိုင်ငံမှတစ်ဆင့် ထိုင်းနိုင်ငံသို့ (၂၅-၃-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် ရောက်ရှိခဲ့ပါသည်။ ထိုင်းနိုင်ငံမှတစ်ဆင့် (၂၆-၃-၂၀၂၀) ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့ရာ ဗိုလ်တထောင်မြို့နယ်ရှိ ဟိုတယ်တစ်ခုတွင် အသွားအလာကန့်သတ်ခြင်းပြုလုပ်ရန် ညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာသည် (၂-၄-၂၀၂၀) ရက်နေ့မှစ၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း စသည့်ရောဂါလက္ခဏာများ ခံစားခဲ့ရသဖြင့် ယင်းနေ့တွင်ပင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးသို့ ထပ်မံညွှန်းပို့ခဲ့ရာ စောင့်ကြည့်လူနာအဖြစ် သီးသန့်ထားရှိပြီး ဓာတ်ခွဲနမူနာအား ပေးပို့စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါလူနာအား ဝေဘာဂီအထူးကုဆေးရုံကြီးသို့ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိပြီး လတ်တလော ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၅။ COVID-19 ဓာတ်ခွဲအတည်ပြုလူနာ (၂၀) ဦးအနက် ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် လူနာ (၁) ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၁၀) ဦး နှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင် လူနာ (၁) ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁) ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံမှ ပြောင်းရွှေ့လူနာ (၁) ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့တွင် ပြည်သူ့ဆေးရုံ၊ ပေါက်ခေါင်းမြို့မှ ပြောင်းရွှေ့လူနာ (၄)ဦး၊ စုစုပေါင်း (၁၈) ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ (၂) ဦးအား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။

၆။ ယခုအခါ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၄-၅-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာ (၂၁) ဦး တွေ့ရှိလာရပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေး အချက်အလက်များအား တိကျစွာလိုက်နာ ဆောင်ရွက်ခြင်းဖြင့် မိမိသာမက မိမိ၏ မိသားစုနှင့်ပတ်ဝန်းကျင်မှ လူများအတွက်ပါ ရောဂါကူးစက်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ဖားကန့်၌ ကိုဗစ်-၁၉ စောင့်ကြည့်ခံရသူများအား သီးသန့်ခွဲထားရန် ၁၅ နေရာအထိ ပြင်ဆင်တိုးမြှင့်ထား

**ဖားကန့် မေ ၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးနှင့် အချိန်မီကုသမှုများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ အား ၁၄ ရက် အသွားအလာကန့်သတ် စောင့်ကြည့်မှုများ ဆောင်ရွက်လျက်ရှိရာ ယခင် ခုနစ်နေရာ ပြင်ဆင်ထားရာမှ ယခု ၁၅ နေရာအထိ တိုးမြှင့်ပြင်ဆင်ထားပြီဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။



အသွားအလာကန့်သတ် စောင့်ကြည့်မည့် သံသယလူနာများ ထားရှိရန် ယခင်က နေရာခုနစ်ခုတွင် လူဦးရေ ၂၃၅ ဦးစာ ပြင်ဆင်ထားခဲ့သော်လည်း ပြည်ပနှင့်နယ်စပ်ဒေသများမှ မြို့နယ်တွင်း ဝင်ရောက်လာသူ တစ်နေ့တခြား များပြားလာနေသည့်အတွက် နေရာ ၁၅ခုတွင် လူဦးရေ ၉၃၉ ဦးစာအတွက် သီးသန့်ခွဲထားနိုင်ရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ကျန်းမာရေးအထောက်အကူပြုကော်မတီတို့ ညှိနှိုင်းတိုင်ပင်ကာ ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်သည်။

အသင့် ကြိုတင်ပြင်ဆင်ထားသည့်နေရာများအဖြစ် မနကျေးရွာ မူလွန်ကျောင်းတွင် ၆၄ ခုတင်၊ မျောက်ဖြူကျေးရွာ မူလတန်းကျောင်းတွင် ၄၈ ခုတင်၊ မရိုကထောင် အ.လ.ကတွင် ၄၅ ခုတင်၊ အ.ထ.က (ဖားကန့်)တွင် ခုတင် ၁၀၀၊ မော်ဝမ်း အ.ထ.က(ခွဲ)တွင် ခုတင် ၅၀၊ သီတဂူ စက္ကုဒါနဆေးရုံတွင် ခုတင် ၅၀၊ နမ္မဖြစ်ကျေးရွာ ဓမ္မပါလဓမ္မာရုံတွင် ၁၄ ခုတင်၊ ဖန်းခါးဆောင်ရိပ်သာတွင် ခုတင် ၁၂၀၊ အိုးအိမ်ဝန်ထမ်းအိမ်ရာတွင် ၉၆ ခုတင်၊ အ.ထ.က (တာမခံ) တွင် ခုတင် ၁၅၀၊ အ.ထ.က (ကာမိုင်း) တွင် ၄၈ ခုတင်၊ အ.ထ.က(နန့်ယား) တွင် ခုတင် ၄၀၊ အ.လ.က(ဂေါ်ရီ) တွင် ခုတင် ၂၀၊ အ.ထ.က(လဝါး)တွင် ခုတင် ၄၀ နှင့် ဝါရာဇွပ် အ.လ.က(ခွဲ)တွင် ခုတင် ၅၀ စုစုပေါင်း နေရာ ၁၅ ခုတွင် လူဦးရေ ၉၃၉ ဦးအား သီးသန့်ထားရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

မတ် ၂၉ ရက်အထိ ၁၄ ရက် စောင့်ကြည့်ခံရသည့် ပြည်ပမှပြန်လာသူနှင့် နယ်စပ်မှ ပြန်လည်ရောက်ရှိလာသူဦးရေ ၁၇၅ ဦးရှိခဲ့ရာမှ ယနေ့တွင် ၃၁၁ ဦးအထိ ရှိသွားပြီဖြစ်ပြီး နေအိမ်၌ အသွားအလာ ကန့်သတ်နေထိုင်သူ ၁၉၈ ဦး၊ စာသင်ကျောင်းများတွင် အသွားအလာကန့်သတ်ထားသူ ၁၀၂ ဦးနှင့် ဘာသာရေးအဆောက်အဦတွင် ၁၀ ဦး၊ မိသားစုနှင့်မနေထိုင်လိုဘဲ မိမိသဘောဖြင့် ဖားကန့်ပြည်သူ့ဆေးရုံတွင် စောင့်ကြည့် ခံနေသူတစ်ဦးတို့ ဖြစ်သည်။

ဖားကန့်မြို့နယ်၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ရောဂါပိုးတွေ့ရှိသူများနှင့် ဆက်စပ်ထိတွေ့ခဲ့ပြီး သံသယဖြင့် စောင့်ကြည့်ရမည့်လူနာ မတွေ့ရှိရသေးကြောင်း ကိုဗစ်-၁၉ရောဂါ စောင့်ကြည့်လူနာများနှင့်ပတ်သက်၍ ဖွဲ့စည်းထားသည့် OSS(One Stop Service) ရုံးအခြေစိုက် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ထံမှ သိရသည်။

**တာလင်းမောင်**

**(ပြန်/ဆက်)**

## ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများ ဝိုင်းဝန်းဆောင်ရွက်

**လှည်းကူး မေ ၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများကို မေ ၃ ရက် နံနက် ၇ နာရီက စတင်ကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်ထိန်းချုပ်ခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ရောဂါလက္ခဏာပေါ်ပေါက်လာပါက အချိန်မီကုသနိုင်ရေး၊ ရောဂါဆက်လက်ပြန့်ပွားမှုမရှိစေရေးတို့အတွက် ကိုယ်အပူချိန်တိုင်းတာခြင်း စက်ကိရိယာများဖြင့် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**နိုင်လင်း(လှည်းကူး)**



# ကမ္ဘာ့စီးပွားရေးကပ်နဲ့ မြန်မာ့စီးပွားရေးစိန်ခေါ်မှုများ

ရဲမြင့်ကျော်

**ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုဟာ လူသားသမိုင်းမှာ အကြီးမားဆုံးကြုံတွေ့ရတဲ့ အကျပ်အတည်းတစ်ခုလို့ နိုင်ငံတကာပညာရှင်တွေက တညီတညွတ်တည်း ပြောလာပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ဒုတိယကမ္ဘာစစ်ပြီးနောက် အကြီးမားဆုံးအကျပ်အတည်းလို့ပြောပြီး တစ်ကမ္ဘာလုံးရှိ လက်နက်ကိုင်အဖွဲ့များ အပစ်ရပ်စဲထားဖို့ ကြေညာချက်ထုတ်ပါတယ်။ ကိုဗစ်ဟာလက်ရှိ မျိုးဆက်တွေအတွက် အကြီးမားဆုံး အကျပ်အတည်းဖြစ်သလို ရှေ့လာမယ့် ရက်သတ္တပတ်တွေအတွင်း အစိုးရတွေရဲ့ကိုင်တွယ်မှုက ကမ္ဘာကြီးအတွက် အရေးကြီးနေပါတယ်။ ဒီဆောင်ရွက်မှုတွေက နောင်လာမယ့် နှစ်တွေမှာပါ ပုံပေါ်နေမှာဖြစ်ပြီး ကျန်းမာရေးစနစ်တွေမှာသာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအားလုံးမှာ ထင်ဟပ်နေမယ်လို့ သုံးသပ်ကြပါတယ်။**

ကိုရိုနာဗိုင်းရပ်စ်က တစ်နေ့ထက်တစ်နေ့ ဆတိုးမြှောက်ကိန်းနဲ့ သွားနေတဲ့အခါ နိုင်ငံတွေအနေနဲ့ ဆုံးဖြတ်ချက်အမြန်ချဖို့နဲ့ အားချင်းဆောင်ရွက်ဖို့ အရေးကြီးလာပါတယ်။ လက်ငင်းရင်ဆိုင်နေရတဲ့အန္တရာယ်ကို ကျော်လွှားဖို့နဲ့ ရှေ့မှာ ကြုံတွေ့သက်ရောက်လာဦးမယ့် မုန်တိုင်းတွေကိုပါ ဖြေရှင်းဖို့ နည်းလမ်းတွေကို ထိုးထွင်းစဉ်းစားရမယ့်အချိန်လည်း ဖြစ်ပါတယ်။ အခုအခါ ကမ္ဘာအရပ်ရပ် တောမီးလောင်သလို တောပြိုလဲသလို တုန်ခါရမ်းနေတယ်။ ကမ္ဘာ့နိုင်ငံပေါင်း သုံးပုံတစ်ပုံနီးပါးမှာ သွားလာမှုအားလုံးကန့်သတ် မြို့ပိတ်ခြေချုပ်တွေ လုပ်ထားတယ်။ ကိုရိုနာဗိုင်းရပ်စ်က ကမ္ဘာလုံးဆိုင်ရာညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ သတင်းနဲ့နည်းပညာဖလှယ်မှု၊ နိုင်ငံအလိုက် အစိုးရနဲ့ပြည်သူ လက်တွဲဆောင်ရွက်နိုင်မှု၊ စည်းကမ်းလိုက်နာမှု၊ လူ့အသိုင်းအဝိုင်းအပေါ် အလေးထားမှုတွေရှိဖို့ တောင်းဆိုနေပါတယ်။

## ဖွံ့ဖြိုးပြီးတို့ရဲ့ ကပ်

ဗိုင်းရပ်စ်နတ်ဆိုးက သယ်လာတဲ့ ပထမတစ်ခုက ကျန်းမာရေးစောင့်ရှောက်မှု ပြဿနာ။ နောက်တစ်ဆင့်ကတော့ ကမ္ဘာ့စီးပွားရေး လေသင်တုန်း ဖြတ်ခံရခြင်းပါ။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF) က ၂၀၀၈ ဘဏ္ဍာရေး အကျပ်အတည်းထက် အခြေအနေအများကြီးဆိုးသွားပြီး ကမ္ဘာ့စီးပွားရေး အကျကာလ ဝင်နေပြီလို့ ကြေညာပါတယ်။ ဝင်ငွေနိမ့် နိုင်ငံ ၈၀ လောက်ဟာ အိုင်အမ်အက်ဖ်ရဲ့ အရေးပေါ်အကူညီ လိုအပ်နေပါတယ်။ ဈေးကွက်ထွန်းသစ်စ နိုင်ငံတွေကို ကယ်တင်ဖို့ ငွေကြေး ၂ ဒသမ ၅ ထရီလီယံ ထည့်ဝင်ပေးဖို့ လိုနေပြီး အိုင်အမ်အက်ဖ်အနေနဲ့ တစ်ထရီလီယံဒေါ်လာ ချေးပေးဖို့ ရှိပါတယ်။ ကမ္ဘာ့ဘဏ်ကလည်း မတ်လ ၃၁ ရက်နေ့က ဗိုင်းရပ်စ်ကြောင့် တရုတ်နဲ့ အရှေ့အာရှမှာ စီးပွားရေးတိုးတက်မှုကျဆင်းပြီး လူသန်းပေါင်းများစွာ ဆင်းရဲမှုကြုံလိမ့်မယ်လို့ ကြေညာပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ အရှေ့အာရှ ပစိဖိတ်ရဲ့ စီးပွားရေးတိုးတက်မှုနှုန်း ၀ ဒသမ ၅ အထိ ကျုံ့သွားမယ်။ ၂၀၁၉ ခုနှစ်မှာ အဲဒီဒေသကြီးရဲ့ စီးပွားရေးတိုးတက်မှု ၅ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့ရာက လက်ရှိ ၂၀၂၀ ပြည့်နှစ်ရဲ့ ကျန်တဲ့လတွေမှာ တိုးတက်မှုနှုန်း ၂ ဒသမ ၁ ရာခိုင်နှုန်းထိ ကျသွားမယ်။ ဒီဒေသမှာ လူ ၃၅ သန်း ဆင်းရဲမှုကြုံကြရပြီး တရုတ်တစ်နိုင်ငံတည်းက ၂၅ သန်း ရှိလိမ့်မယ်လို့ ခန့်မှန်းပါတယ်။

ပြီးခဲ့တဲ့နှစ်ပတ်အတွင်း အမေရိကန်မှာတော့ လူ ၁၀ သန်းကျော် အလုပ်လက်မဲ့ ဖြစ်သွားပါတယ်။ ၂၀၀၈-၂၀၁၀ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း ကာလက အလုပ်လက်မဲ့ ၈ ဒသမ ၈ သန်းကျော်ထက်ကို ပိုလွန်သွားပါပြီ၊ ဒါဟာ ပြဿနာအစပဲရှိပါသေးတယ်။ အီတလီဟာ ဥရောပဇုန်တိုင်းပြည်တွေအနက် တိုင်းပြည်ကြွေးမြီအများဆုံး၊ ကမ္ဘာမှာ တတိယကြွေးမြီအများဆုံး ဖြစ်သွားပါတယ်။ ကြွေးမြီမိုးထိုးသွားရတဲ့အကြောင်းက ကိုဗစ်ဝင်နေချိန် စီးပွားရေးမပြိုလဲအောင် အစိုးရက နင်းသုံးရလို့ပါပဲ။ အီတလီက ဥရောပရဲ့ တတိယစီးပွားရေးအကြီးမားဆုံးကနေ ဥရောပနိုင်ငံများစွာအနက် နေ့ချင်းညချင်း ဘဏ္ဍာရေးပြိုလဲသွားတဲ့ တစ်ခုတည်းသောနိုင်ငံပါ။ အခြား ဥရောပ စီးပွားရေးအင်အားကြီးတွေလည်း စီးပွားရေးယန္တရား ဆက်လည်ပတ်နိုင်ဖို့ ဘဏ်ထဲရှိသမျှထုတ်ပြီး ကယ်တင်ရေး bailout အစီအစဉ်တွေ လုပ်နေရပါတယ်။ ဂျာမနီက ဗိုင်းရပ်စ်ကူးစက်မှု ကာကွယ်ရာမှာ တောင်ကိုရီးယား၊ စင်ကာပူနဲ့ ထိုင်ဝမ်တို့လို အောင်မြင်ပေါက်မြောက်သွားတယ်။ တစ်ကိုယ်ကောင်းဆန်စွာ ကာကွယ်သွားတယ်လို့ ဥရောပနိုင်ငံတချို့ ပြောတာခံရတယ်။ ဆယ်စုနှစ်လေးခုလောက်အတွင်း ဘဏ္ဍာရေးအကျပ်အတည်း မကြုံခဲ့ဖူးတဲ့ ဂျာမနီဟာ အခု ၂၀၂၀ ပြည့်နှစ်မှာ စီးပွားရေး ၅ ရာခိုင်နှုန်း ကျုံ့သွားပါတယ်။

## ဖွံ့ဖြိုးဆဲကမ္ဘာရဲ့ကပ်

နောက်ထပ် အကြီးအကျယ် စီးပွားရေးပြိုလဲဖို့ရှိနေတာက ဖွံ့ဖြိုးဆဲကမ္ဘာလို့ ခန့်မှန်းကြပါတယ်။ အခုထိတော့ အိန္ဒိယ၊ ဘရာဇီး၊ နိုင်ဂျီးရီးယား၊ အင်ဒိုနီးရှားတို့လို နိုင်ငံတွေမှာ ရောဂါကူးစက်မှု နည်းပါသေးတယ်။ အကြောင်းက ဖွံ့ဖြိုးပြီးကမ္ဘာထက် ကုန်သွယ်မှုနဲ့ လေကြောင်းခရီးသွားလာမှုနည်းလို့ပါပဲ။ နောက် ဒီနိုင်ငံတွေမှာ လူအနည်းငယ်ကိုပဲ ရောဂါစမ်းသပ်နိုင်မှု လုပ်နိုင်သေးတာကြောင့် ကူးစက်သူအရေအတွက် နည်းသေးတာလည်း ဖြစ်ချင်ဖြစ်မယ်။ တကယ်လို့ အပူဒဏ်က ဗိုင်းရပ်စ်ကို တားဆီးမပေးနိုင်ခဲ့ရင် သို့မဟုတ် ကံမကောင်းခဲ့ရင် မြင်တွေ့ရမယ့်ဘေးက မတွေးဝံ့စရာပါ။ ရနေတဲ့ အခွန်ဘဏ္ဍာအားလုံး ဆုံးရှုံးကုန်မှာဖြစ်သလို အစိုးရစိုက်ထုတ် ကူညီရမှာတွေကလည်း ထည့်မလောက်ပါပဲ။ ဖွံ့ဖြိုးဆဲကမ္ဘာအတွက် မဟာစီးပွားရေးကပ် (Great Depression) ဗားရှင်းအသစ် ဖြစ်သွားပါမယ်။

ရေနံနိုင်ငံတွေမှာလည်း သူတို့ပြဿနာနဲ့ပါပဲ။ ဆော်ဒီအာရေဗီယားနဲ့ ရုရှားနိုင်ငံတို့အကြား လတ်တလောအငြင်းပွားမှုတွေ ပြေလည်သွားရင်တောင် ရေနံဝယ်လိုအားက အဝီစိထိထိုးဆင်းနေပြီး ပုံမှန်ဈေး ချက်ချင်းပြန်ရောက်ဖို့ မလွယ်လှပါဘူး။ ခန့်မှန်းချက်တွေက တစ်စည် ၁၀ ဒေါ်လာအထိ ကျဖို့ ရှိနေပါတယ်။ ဒီဈေးနှုန်းနဲ့ဆို လစ်ဗျား၊ နိုင်ဂျီးရီးယား၊ အီရန်၊ အီရတ်၊ ဗင်နီဇွဲလား စတဲ့ နိုင်ငံတွေအခြေအနေ စဉ်းစားကြည့်ပါ။ ဒီအစိုးရတွေဟာ ရေနံတစ်စည် ဒေါ်လာ ၆၀ ကျော်ကနေရတဲ့ အခွန်ဘဏ္ဍာနဲ့ ရပ်တည်နေကြတာဖြစ်တယ်။ တစ်စည် ၁၀ ဒေါ်လာက ဆိုဗီယက်ပြည်ထောင်စုပြိုလဲတုန်းက ဈေးဖြစ်ပြီး နောက်ပိုင်းမတွေ့ရပါ။ ဒီအတိုင်းဆို အာရပ်ကမ္ဘာမှာ နိုင်ငံရေး ကသောင်းကနင်းတွေ၊ ဒုက္ခသည်တွေ၊ တော်လှန်ရေးတွေ မကြာခင် ပြန်ကြွလာဦးမလားပဲ။

စီအင်န်အင်န်သတင်းဌာနက ဝေဖန်သုံးသပ်သူ ဖာရိဒ်ဇာခါရီယာကတော့ ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုက အစိုးရတွေနဲ့ ပုဂ္ဂလိကလုပ်ငန်းတွေကို ကြွေးမြီလွှမ်းသွားစေတယ်လို့ ဆိုပါတယ်။ ကမ္ဘာ့ထုတ်လုပ်မှုဂျီဒီပီ စုစုပေါင်း တန်ဖိုးက ဒေါ်လာ ထရီလီယံ ၉၀ ရှိပြီး အစိုးရနဲ့ပုဂ္ဂလိက နှစ်ခုပေါင်းကြွေးမြီ ဒေါ်လာ ထရီလီယံ ၂၆၀ အထိ တက်သွားတယ်။ ကမ္ဘာ့စီးပွားရေးအင်အားကြီးနှစ်နိုင်ငံ အမေရိကန်နဲ့ တရုတ်တို့ရဲ့ ကြွေးမြီက ဂျီဒီပီအချိုးအစားရဲ့ ၂၁၀ ရာခိုင်နှုန်းနဲ့ ၃၁၀ ရာခိုင်နှုန်း အသီးသီးရှိနေတယ်။ နိုင်ငံကြီးနှစ်နိုင်ငံက ပူးပေါင်းဆောင်ရွက်နိုင်မှုမရှိခဲ့ရင်၊ အခြားနိုင်ငံတွေကို ဦးဆောင်မှုမပေးနိုင်ခဲ့ရင် စီးပွားရေး အလုံးစုံပျက်သုဉ်းမှုကပ်ဘေးကို ရင်ဆိုင်ရလိမ့်မယ်လို့ တွက်ချက်ပြပါတယ်။

## မြန်မာ့ထွက်ရပ်လမ်း

အခြားကမ္ဘာ့နိုင်ငံတွေလိုပဲ မြန်မာမှာလည်း ကိုရိုနာဗိုင်းရပ်စ်ရဲ့ အကျိုးသက်ရောက်မှုတွေက မသေးလှပါဘူး။ မြန်မာဟာ ဝူဟန်မြို့ရောက် ကျောင်းသားတွေကို ပြန်ခေါ်တာကစလို့ ဗိုင်းရပ်စ်ကာကွယ်ရေးမှာ ရှိသမျှစွမ်းအင်နဲ့ တက်တက်ကြွကြွကာကွယ်နေတဲ့ နိုင်ငံပါပဲ။ အထူးသဖြင့် ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနက ဆေးရုံတွေ အစိုးရဝန်ထမ်းတွေကြားမှာ ကြိုတင်ပြင်ဆင်မှုတွေ၊ အသိပညာပေးမှုတွေ လုပ်ထားပါတယ်။ အင်္ဂါမိသွားတာက အိမ်နီးချင်း ထိုင်းနိုင်ငံက ရုတ်တရက် စက်ရုံအားလုံးပိတ် နိုင်ငံခြားသားတွေ ပြန်လွှတ်လိုက်တဲ့အခါ မဲဆောက်-မြဝတီနယ်စပ်ကနေ ပြည်တွင်းပြန်ဝင်လာတဲ့ ရွှေ့ပြောင်းလုပ်သားလှိုင်းလုံးကြီးကို ထိန်းမနိုင်ဖြစ်ခဲ့ရတာပါ။

ကမ္ဘာ့ဘဏ်ရဲ့ ခန့်မှန်းချက်အရ မြန်မာ့စီးပွားရေးဟာ ကမ္ဘာ့စီးပွားရေးရဲ့ ၀ ဒသမ ၀၆ ရာခိုင်နှုန်း ပမာဏရှိပြီး ဒီနှစ် ၂၀၂၀ ပြည့်နှစ်မှာ ဂျီဒီပီ ဒေါ်လာ ဘီလီယံ ၈၀ နီးပါး အမြင့်ဆုံးခန့်မှန်းထားပါတယ်။ ဒါပေမယ့် အခုကပ်ဘေးကြောင့် ခရီးသွားလုပ်ငန်းတွေ၊ လေကြောင်းလိုင်းတွေ၊ အထည်ချုပ်စက်ရုံတွေ၊ စက်မှုဇုန်တွေ၊ စားသောက်ဆိုင်တွေ အကုန်ပိတ်ထားရတယ်။ ၁၄ ရက် အသွားအလာကန့်သတ်မှု (Quarantine) လုပ်ထားပြီး ကြာလာရင် စီးပွားရေးမှာ အကျိုးသက်ရောက်မှု ကြုံရမှာမလွဲပါပဲ။ ဒီအတွက် နိုင်ငံစီးပွား ပုံမှန်လည်ပတ်နိုင်ရေး၊ ပုဂ္ဂလိကလုပ်ငန်းများ ကျားကန်ပေးရေး၊ အလုပ်လက်မဲ့ ထောက်ပံ့ရေးတို့အတွက် အခြားနိုင်ငံတွေရဲ့ အရေးပေါ်ဆောင်ရွက်မှုတွေအတိုင်း အစိုးရဘဏ္ဍာတိုးမြှင့်သုံးစွဲမှု အစီအစဉ်တွေကို ထိထိရောက်ရောက် ဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။

ထူးခြားတဲ့ အခုလို ကပ်ဘေးကာလ နယ်စပ်ကတစ်ဆင့် ပြန်ရောက်လာသူတွေနဲ့ လေကြောင်းလိုင်းတွေက ပြန်လာသူတွေအပေါ် ပြည်တွင်းနေထိုင်သူတွေ စိုးရိမ်စိတ်ရှိတာလည်း သဘာဝကျပါတယ်။ သို့သော် သူတို့ဟာ ပြည်ပမှာ အလည်လွန်နေသူများ မဟုတ်ပါ။ အိမ်နီးချင်းနိုင်ငံတွေရဲ့ နေရာပေါင်းစုံမှာ ဝင်ရောက်လုပ်ကိုင် ချွေးနဲ့စာစုဆောင်း၊ ပြည်တွင်းကျေးလက်တောရွာအသီးသီးကို ငွေပြန်ပို့ပြီး မြန်မာ့စီးပွားရေးကို တစ်ဖက်တစ်လမ်းက ထမ်းပေးထားကြသူတွေပါ။ ကမ္ဘာ့ဘဏ်ရဲ့ ၂၀၁၇ ခုနှစ် မြန်မာငွေလွှဲပို့မှု (remittances) အစီရင်ခံစာအရ မြန်မာလုပ်သား ၃ ဒသမ ၁ သန်းဟာ အိမ်နီးချင်းနိုင်ငံတွေမှာ လုပ်ငန်းစုံလုပ်ကိုင်ကြပြီး ပြည်တွင်းကို တစ်နှစ် ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ ပြန်ပို့နိုင်ပါတယ်။ အခုနောက်ပိုင်း ဒီထက် ပမာဏနှစ်ဆ ပိုများပါတယ်။ ကူးစက်ရောဂါကျရောက်ချိန် ပြင်ပက လုပ်ငန်းတွေပိတ်လို့ဖြစ်ဖြစ်၊ ပြန်လွှတ်လိုက်လို့ဖြစ်ဖြစ် သူတို့ ပြည်တွင်းပြန်ရောက်လာချိန်မှာ အားလုံးက နွေးနွေးထွေးထွေး ကြိုဆိုနှစ်သိမ့်ဖို့လိုသလို သူတို့ဘက်ကလည်း လူ့အဖွဲ့အစည်း အန္တရာယ်မကျရောက်ရေး ခဏတာ ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုပါမယ်။

တကယ်တော့ ကိုဗစ်-၁၉ က နိုင်ငံတွေရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူဝင်မှုကြီးကြပ်ရေး၊ နိုင်ငံတကာအခင်းအကျင်း အစစအရာရာကို ပြောင်းလဲစေခဲ့ပါပြီ။ နိုင်ငံကိုယ်စီဟာ ပြည်ပက ဝင်ရောက်လာတဲ့သူစိမ်းကို ကျန်းမာရေးမစစ်ဘဲ သူ့နိုင်ငံထဲ လွယ်လွယ်လက်ခံထားဖို့ မဖြစ်နိုင်တော့ပါဘူး။ အလားတူ မြန်မာရွှေ့ပြောင်းလုပ်သားတွေဟာလည်း ပြည်ပနိုင်ငံ တစ်နိုင်ငံဆီ သွားရောက်လုပ်ကိုင်ဖို့ လွယ်လွယ်ကူကူ မဟုတ်တော့ပါဘူး။ ကိုဗစ်က အရာရာကို တားဆီးစေခဲ့ပြီ။ ဒါဆို ကျေးလက်မိသားစုတွေကို တစ်ဖက်တစ်လမ်းက စားဝတ်နေရေး စောင့်ရှောက်ပေးနေတဲ့ ပြည်တော်ပြန်တွေအတွက် ဘယ်လိုစဉ်းစားကြမလဲ။

ဖောက်ထွက်စဉ်းစားရင် သူတို့ရဲ့လုပ်နိုင်စွမ်းရည်နဲ့ အတွေ့အကြုံတွေဟာ မြန်မာ့စီးပွားရေး ဦးမော့လာစေဖို့ အင်အားသစ်တွေပဲ ဖြစ်ပါတယ်။ အစိုးရနဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေက သူတို့အင်အားကို ကျယ်ပြောတဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ ၊ တီထွင်ဆန်းသစ်တဲ့ စက်မှုလယ်ယာလုပ်ငန်းတွေမှာ နေရာပေးဖို့၊ ရင်းနှီးမြှုပ်နှံဖို့ လိုပါမယ်။ ကိုဗစ်ကပ်ရောဂါ တည်ငြိမ်သွားတဲ့အခါ ပြည်တွင်းလုပ်သားအင်အားစုတွေနဲ့အတူ နေရာချထားပေးဖို့ ပြင်ရပါမယ်။ မိုးဦးမကျခင် မြန်မာတွေ စိတ်ကူးစိတ်သန်းအသစ်တွေနဲ့ ဂရိဒဏ္ဍာရီလာ ဖီးနစ်ငှက်လို ပြန်လည်လန်းဆန်း ရှင်သန်ကြရဦးမှာပဲ ဖြစ်ပါတယ်။ ။

**ကိုရိုနာဗိုင်းရပ်စ်က တစ်နေ့ထက်တစ်နေ့ ဆတိုးမြှောက်ကိန်းနဲ့ သွားနေတဲ့အခါ နိုင်ငံတွေအနေနဲ့ ဆုံးဖြတ်ချက်အမြန်ချဖို့နဲ့ အားချင်းဆောင်ရွက်ဖို့ အရေးကြီးလာပါတယ်။ လက်ငင်းရင်ဆိုင်နေရတဲ့အန္တရာယ်ကို ကျော်လွှားဖို့နဲ့ ရှေ့မှာ ကြုံတွေ့သက်ရောက်လာဦးမယ့် မုန်တိုင်းတွေကိုပါ ဖြေရှင်းဖို့နည်းလမ်းတွေကို ထိုးထွင်းစဉ်းစားရမယ့်အချိန်လည်း ဖြစ်ပါတယ်**

---

# မကွေးမြို့ သိင်္ဂါရပ်ကွက်တွင် တစ်အိမ်တက်ဆင်း ဆေးဖျန်းခြင်းနှင့် အပူချိန်တိုင်းတာခြင်းများ လုပ်ဆောင်မည်

**မကွေး မေ ၄**

လူဦးရေ ၇၇၀၀ ကျော်နှင့် အိမ်ထောင်စု ၁၉၀၀ ရှိသည့် မကွေးမြို့နယ် သိင်္ဂါရပ်ကွက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် တစ်အိမ်တက်ဆင်း ဆေးဖျန်းခြင်းလုပ်ငန်း နှင့် မိသားစုဝင်များအား အပူချိန်တိုင်းတာ မှတ်တမ်းတင်ခြင်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။

"ရန်ကုန်က အဖွဲ့အစည်းတစ်ခုကလည်း နေအိမ်မှာဖျန်းတဲ့ဆေးတွေ ဒါနပြုချင်တယ်၊ ဖော်မြူလာတွေရော၊ ဆေးရော ကျွန်တော်တို့ရပ်ကွက်ကို လှူမယ်။ ရပ်ကွက်အတွက် ဆေးဖျန်းပုံး လှူတဲ့သူတွေလည်းရှိတယ်။ အပူချိန်တိုင်းကိရိယာ လှူတဲ့သူလည်းရှိတယ်။ ရပ်ကွက်ကလည်း ဝယ်ထားတယ်။ အဲဒါကြောင့် ဆေးလိုက်ဖျန်းရင်းနဲ့ ကိုယ်အပူချိန်တိုင်းတာတွေ လုပ်ပါမယ်"ဟု သိင်္ဂါရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးခန့်က ပြောသည်။

အဆိုပါလုပ်ငန်းကို မေ ၈ ရက်မှစတင်ကာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ စေတနာရှင် ပရဟိတများ၊ ပြည်သူများ၏ ပါဝင်မှုတို့ဖြင့် လုပ်ဆောင်သွားမည်ဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးထံ သတင်းပို့တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ရပ်ကွက်ထဲတွင် နိုင်ငံခြားမှ ပြန်လာသူခြောက်ဦးရှိပြီး တိုင်းဒေသကြီးအစိုးရက စီစဉ်ပေးထားသည့် အသွားအလာကန့်သတ်နေရာတွင်ပို့ထားကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် အသွားအလာ ကန့်သတ်ဆောင်ရွက်ထားသူ ၁၃၅၈၉ ဦးရှိပြီး မကွေးမြို့ရှိ အသွားအလာကန့်သတ်မည့်နေရာ ကွန်ပျူတာတက္ကသိုလ်၊ ကျန်းမာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်တို့တွင် နိုင်ငံခြားပြန် စောင့်ကြည့်ထားသူ ၂၉၇ ဦးရှိကြောင်း အုပ်ချုပ်ရေးဆိုင်ရာ သတင်းအချက်အလက်များအရ သိရှိရသည်။

**ဇေယျာတု(မကွေး)**

# ရန်ကုန်မြို့ရှိ အသွားအလာကန့်သတ်ထားသည့် စင်တာများနှင့် ဆေးရုံ၊ဆေးခန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်အမှိုက်များအား စနစ်တကျ မီးရှို့ဖျက်ဆီး

ရန်ကုန် မေ ၄

ရန်ကုန်မြို့ရှိ အသွားအလာကန့်သတ်ထားသည့် စင်တာများနှင့် ဆေးရုံ၊ ဆေးခန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်အမှိုက်များအား ပတ်ဝန်းကျင်ရှိ ပြည်သူများ ရောဂါကူးစက်မှုမရှိစေရန် အတွက်စနစ်တကျ သိမ်းဆည်းကာ မီးရှို့ဖျက်ဆီးလျက် ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

**စနစ်တကျသိမ်းဆည်းပေး**

"ဒီဟာတွေက တစ်ရက်တည်း လုပ်ရမှာ မဟုတ်ဘူး။ ရက်ရှည် သိမ်းဆည်းရမှာ ဖြစ်တဲ့အတွက် တာဝန်ထမ်းဆောင်မယ့် ဝန်ထမ်း တွေကို သီးသန့်ထားရှိထားပါတယ်။ အမှိုက်သိမ်းယာဉ် ခြောက်စီးမှာ ယာဉ်မောင်းတစ်ယောက်၊ အကူက တော့ တချို့ယာဉ်တွေမှာ နှစ်ယောက်၊ တချို့ယာဉ်တွေမှာ သုံးယောက်ထား ပေးတယ်။ သန့်ရှင်းရေး ဆောင်ရွက် မယ့် ဝန်ထမ်းတွေကို PPE ဝတ်စုံတွေ ဝတ်ပေးထားတယ်။ လှိုင်သာယာ ထိန်ပင်မှာ သူတို့ကို သီးခြားနေထိုင် စေပြီး မနက်မိုးလင်းတာနဲ့ အသွား အလာကန့်သတ်ထားသည့် နေရာ တွေက အမှိုက်တွေ သွားသိမ်းပါတယ်။ သီးသန့်ယာဉ်၊ သီးသန့်လူနဲ့ သီးသန့် အဖွဲ့ဖွဲ့ပြီး အမှိုက်တွေကို စနစ်တကျ သိမ်းဆည်းပေးနေပါတယ်"ပတ်ဝန်း ကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး ဌာနမှ ညွှန်ကြားရေးမှူး ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က ပြော သည်။

အဆိုပါ အသွားအလာကန့်သတ် ထားသည့်စင်တာများမှ ထွက်ရှိလာ သည့် စွန့်ပစ်အမှိုက်များအား စနစ် တကျ သိမ်းဆည်းနိုင်ရန်အတွက် အမှိုက်သိမ်းယာဉ်များကို သီးသန့်စီစဉ် ထားပြီး တာဝန်ထမ်းဆောင်မည့် ယာဉ်မောင်းနှင့် သန့်ရှင်းရေးဝန်ထမ်း များကိုလည်း သီးသန့်အဖွဲ့ဖွဲ့ကာ ဆောင်ရွက်ပေးထားကြောင်း ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး ဌာနမှ သိရသည်။

ရန်ကုန်မြို့ရှိ အသွားအလာ ကန့်သတ်ထားသည့် စင်တာများနှင့် ဆေးရုံ၊ ဆေးခန်းများမှ ထွက်ရှိသည့် စွန့်ပစ်အမှိုက်များကိုလည်း နေ့စဉ် အမှိုက်သိမ်းယာဉ် ၁၈ စီးစာခန့် သိမ်းဆည်းရကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

"အသွားအလာကန့်သတ်ထား သည့်နေရာတွေကထွက်တဲ့ စွန့်ပစ် အမှိုက်တွေအပြင် ဆေးရုံ၊ ဆေးခန်း တွေက စွန့်ပစ်တဲ့အမှိုက်တွေကိုလည်း သိမ်းဆည်းပေးရပါတယ်။ ထိန်ပင် သုသာန်မှာရှိတဲ့ အမှိုက်မီးရှို့စက်မှာပဲ ပေါင်းပြီး မီးရှို့ဖျက်ဆီးပါတယ်။ တစ်ရက်ကို ဆေးရုံ၊ ဆေးခန်းက ထွက်တဲ့ စွန့်ပစ်အမှိုက်တွေက ကားကိုးစီးလောက် သိမ်းရတယ်။ အသွားအလာ ကန့်သတ်ထားသည့် နေရာတွေ က စွန့်ပစ်တဲ့အမှိုက်တွေက တစ်နေ့ကို ကားကိုးစီးလောက် သိမ်းရ တယ်။ မီးရှို့တဲ့နေရာ ရောက်ရင်လည်း ကားတံခါးဖွင့် သိမ်းဆည်းလာတဲ့ အမှိုက်တွေကို ဆေးပြန်ဖျန်း အမှိုက်မီးရှို့ပါတယ်။ အမှိုက်သိမ်းယာဉ် တွေကိုလည်း ဆေးဖျန်းတာတွေ ကားရေဆေးတာတွေ ပြန်လုပ်တယ်။ PPE ဝတ်စုံတွေကိုလည်း စနစ်တကျ ချွတ်ပြီး မီးရှို့ဖျက်ဆီးတယ်။ တစ်ကိုယ် ရေသန့်ရှင်းရေး လုပ်ခိုင်းတယ်။ ကိုယ်အပူချိန်တိုင်းတာတွေ လုပ်ပေး တယ် " ဟု ဒေါက်တာအောင်မြင့်မော် က ပြောသည်။



စွန့်ပစ်အမှိုက်များ စနစ်တကျ သယ်ဆောင်လာစဉ်။

**မီးရှို့ဖျက်ဆီး**

ရန်ကုန်မြို့ရှိ အသွားအလာ ကန့်သတ်ထားသည့် နေရာများနှင့် ဆေးရုံ၊ ဆေးခန်းများမှ သိမ်းဆည်း လာသည့် စွန့်ပစ်အမှိုက်များကို လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်၌ တည်ဆောက်ထားသည့် တစ်ရက် လျှင် တန်ချိန် ၂၀ ကျ မီးရှို့ဖျက်ဆီး နိုင်သည့် အပူချိန် ၁၂၀၀ ဒီဂရီစင်တီ ဂရိတ်ရှိ အမှိုက်မီးရှို့စက်တွင် ထည့် ကာ မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်း ရေးဌာနမှ သိရသည်။ **မင်းသစ်(MNA)**

**ဓာတ်ပုံ-အောင်မြင့်မော်**




အမှိုက်ပုံးများနှင့် အမှိုက်ကားများကို ပိုးသတ်ဆေးဖျန်းစဉ်။



အမှိုက်များအား အမှိုက်မီးရှို့စက်ဖြင့် မီးရှို့ဖျက်ဆီးစဉ်။

## သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက် ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိ အခြားသူများက ကျန်းမာရေးပညာပေးညွှန်ကြား ချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက် ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင် သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကို မကြာခဏ စနစ် တကျ ဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုး ခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့ တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော် အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများ အနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်း ကူညီစောင့်ရှောက်ပေးမှု ဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာ ကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine) ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက် ကြပါ။
- ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင် ရောဂါဖြစ်ပွားပါက ထိရောက် စွာကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာ အတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ် ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က မန္တလေးခရိုင်အတွင်းရှိ ရဟန်းသာမဏေနှင့်သီလရှင် စုစုပေါင်း ၄၄၈၅၉၂ ပါးတို့အား ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆား ဆက်ကပ်လှူဒါန်းခြင်း ရေစက်ချအလှူတော်မင်္ဂလာကျင်းပ



မန္တလေး မေ ၄

အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ရဟန်းတော်များ ဆွမ်းခဲဖွယ်ဘောဇဉ်တို့အတွက် ပင်ပန်းခြင်းမဖြစ်စေရန်အလို့ငှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က မန္တလေးခရိုင်အတွင်းရှိ ရဟန်းသာမဏေနှင့် သီလရှင် စုစုပေါင်း ၄၄၈၅၉၂ ပါးတို့အား ဆွမ်းဆန်တော် ဆီ၊ ပဲ၊ ဆား ဆက်ကပ်လှူဒါန်းခြင်း ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ကျုံးတောင်ဘက်ရှိ မန္တလေးမြို့တော်ခန်းမဦး ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်နှင့် ဝန်ကြီးများ၊ တိုင်း ဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပူဇော်၍ ဖွင့်လှစ်ပြီး တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းက မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသကျောင်းဆရာတော်ဘဒ္ဒန္တဝိစိတ္တာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်သံဃာတော် အရှင်သူမြတ်တို့မှ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူကမ္ဘာသားများ ကပ်ရောဂါအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးစေရန်အတွက် ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို ရိုသေစွာ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး(ဓါတ်ပုံ) တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသကျောင်းဆရာတော်ထံမှ အနုမောဒနာ ရေစက်ချတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

အဆိုပါ မန္တလေးခရိုင်အတွင်းရှိ ဝါဆိုရဟန်း၊ သာမဏေနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆန်၊ ဆီ၊ ပဲ လှူဒါန်းပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် ၁၃၀၃၆၈၀၀၀ တန်ဖိုးရှိ ဆန် ၄၀၇၄ အိတ်၊ ငွေကျပ် ၇၇၇၄၇၂၀၀ တန်ဖိုးရှိ ကုလားပဲ ၄၈၅၉၂ ပိဿာ၊ အမရပူရ မြို့ပြစီမံကိန်း MBCCD Company မှ ငွေကျပ် ၅၆၇၂၇၆၀၀ တန်ဖိုးရှိ ဆီ ၂၄၂၉၆ ပိဿာနှင့် ဆီပုံးခွံ၊ ဆား ၆၀၇၄ ပိဿာနှင့် MAB မြန်မာ့ရှေ့ဆောင်ဘဏ်မှ ငွေကျပ် ၉၂၀၀၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၂၀၀၀ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၃၅၆၈၄၂၈၀၀ လှူဒါန်းပူဇော်ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID–19 ကူးစက်မြန်ရောဂါကို ကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့–

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာ ရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကို မထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့်ပါးစပ်တို့ကို တစ်ရှူးဖြင့်အုပ်၍ ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျ ပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေး ပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID–19 ကူးစက်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် အများပြည်သူ လိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်း မပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ဖားကန့်၌ လမ်းထွက်လျှောက်နေသော နိုင်ငံခြားသားတစ်ဦးအား စောင့်ကြည့်စခန်းပို့

ဖားကန့် မေ ၄

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ ရပ်ကွက်(၂) လမ်းဆုံတွင် ယနေ့ နံနက်ပိုင်းက ခြေကျင်လမ်းလျှောက်နေသော တရုတ်နိုင်ငံသား အမျိုးသားတစ်ဦးကို ရပ်ကွက်နေပြည်သူများက တွေ့ရှိပြီး ကိုဗစ်-၁၉ စောင့်ကြည့်ခံရသူများအား သတ်မှတ်ထားသည့်နေရာတွင် အသွားအလာကန့်သတ်ခြင်းဖြင့် ၁၄ ရက် သီးသန့်နေရာချထားသည့် လယ်ပြင်ကျေးရွာ ဖန်းခါးဆောင် စောင့်ကြပ်ကြည့်ရှုစခန်းသို့ ပို့ဆောင်လိုက်ကြောင်း သိရသည်။

မြို့နယ် ဒုတိယလဝကမှူးများဖြစ်သည့် ဦးလွင်မြင့်နှင့် ဦးကူရှင်ထင်ရမ်တို့က အဆိုပါအမျိုးသားကို စစ်ဆေးရာ ချိန်ရှီ (၃၃ နှစ်)၊ တရုတ်နိုင်ငံ ကွမ်ရှီပြည်နယ် ထင်တဲန်ရဲခရိုင်၊ ထန်တန်ရှဲမြို့၊ ထောင်ခန်းရှန်းကျေးရွာတွင် နေထိုင်သူဖြစ်ကြောင်း၊ ကြယ်ဂေါင်မှ မူဆယ်၊ မူဆယ်မှ မန္တလေး၊ မန္တလေးမှ ဖားကန့်(ဝှေခါ)သို့ မတ် ၂၂ ရက်တွင် ရောက်ရှိနေထိုင်ပြီး လုံးခင်းကျေးရွာသို့ လာရောက်စဉ် စောင့်ကြည့်စခန်းသို့ ပို့ဆောင်ခြင်း ခံရကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါ တရုတ်နိုင်ငံသားအား ၎င်းသွားလာခဲ့သည့် နေရာများနှင့် ဆက်စပ်လျက်ရှိသူများအား စုံစမ်းစစ်ဆေးနိုင်ရန် မြို့နယ်လဝကသို့ လွှဲပြောင်းပေးထားကြောင်း ဖန်းခါးဆောင် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်စခန်းတာဝန်ခံ ကိုနေမျိုးဇော်ထံမှ သိရသည်။

တာလင်းမောင်(ပြန်/ဆက်)




## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၄

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် မြင်းမူမြို့၊ ညောင်ဦးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်ငူမြို့နှင့်ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၂၀ လက်မ၊ ရမ်ကလောင်းတွင် ၀ ဒသမ ၁၆ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ မြေပဲသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၄**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဆီထွက်သီးနှံသုတေသနဌာနခွဲ အနေဖြင့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းနှင့် ဆူးပန်း အစရှိသော ဆီထွက်သီးနှံများအား သုတေသနပြု ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်း၌ စားသုံးဆီဖူလုံရေးအတွက် ရေ၊ မြေ၊ ဒေသ၊ ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းခြင်း၊ ရောဂါပိုးမွှားဒဏ်ခံနိုင်ခြင်း၊ အရည်အသွေးကောင်းမွန်ခြင်း စသည့် အရည်အချင်း လက္ခဏာများနှင့် ပြည့်စုံသော မျိုးကောင်း၊ မျိုးသန့်များအား သုတေသနပြု မွေးမြူရွေးချယ် ထုတ်လုပ်ရေးလုပ်ငန်းများကို ဆီထွက်သီးနှံသုတေသနဌာနခွဲမှ အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြေပဲသီးနှံ သုတေသနအနေဖြင့် သက်လျင်မျိုး (ဆင်းပဒေသာ- ၇ ကဲ့သို့ သက်တမ်း ၉၀- ၉၅ ရက်ရှိ မြေပဲမျိုး)၊ အထွက်ကောင်းမျိုး (ဆင်းပဒေသာ- ၁၁ ကဲ့သို့ အထွက်ကောင်းမျိုး)၊ ရောဂါဒဏ်ခံနိုင်ရည်ရှိသောမျိုး၊ ရေငတ်ဒဏ် ခံနိုင်ရည်ရှိသောမျိုး (ဆင်းပဒေသာ-၁၂ ကဲ့သို့သော ရေငတ်ဒဏ်ခံနိုင်ရည်ရှိသည့်မျိုး)၊ ဈေးကွက်အလားအလာကောင်းသည့် အစေ့စားမျိုးများ မွေးမြူထုတ်လုပ်ရန်အတွက် မျိုးကူးစပ်ခြင်း၊ မွေးမြူရွေးချယ်ခြင်းနှင့် အထွက်ယှဉ်ပြိုင်စမ်းသပ်ခြင်း သုတေသနလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ပြောသည်။



မြေပဲစိုက်ခင်းများတွင် တာဝန်ရှိသူတို့ ကွင်းဆင်းစစ်ဆေးစဉ်။

ထိုသို့ဆောင်ရွက်ရာတွင် ပဏာမအထွက်ယှဉ်ပြိုင်ခြင်း (PYT)၊ ဒုတိယအဆင့် အထွက်ယှဉ်ပြိုင်ခြင်း (SYT)၊ အဆင့်မြင့် အထွက်ယှဉ်ပြိုင်ခြင်း (AYT)၊ ဒေသအလိုက် အထွက်ယှဉ်ပြိုင်ခြင်း (RYT)၊ အလားအလာကောင်းသောမျိုးများ သရုပ်ပြစမ်းသပ်ခြင်း၊ အကွက်ကျယ်သရုပ်ပြစမ်းသပ်ခြင်း စသည်ဖြင့် အဆင့်ဆင့်ဆောင်ရွက်ပြီးမှသာလျှင် ရရှိလာသည့် မြေပဲမျိုးသစ်အား မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ (TSC) နှင့် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (NSC) တို့တွင် မှတ်ပုံတင်၍ မျိုးသစ်အဖြစ်အတည်ပြုထုတ်ဝေခြင်းဖြစ်ကြောင်း၊ ဒေသအလိုက် သင့်တော်သည့် မြေပဲမျိုးများ မွေးမြူထုတ်လုပ်ခြင်း သုတေသနများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

# သကြင်္ကန်ကာလအထူးရထားများ ပြေးဆွဲနိုင်ရန် မြန်မာ့မီးရထားလုပ်ငန်းမှ အသင့်ပြင်ဆင်ထားရှိ

**ရန်ကုန် မေ ၄**

အများပြည်သူရုံးပိတ်ရက်ဖြစ်သည့် သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် အထူးရထားများပြေးဆွဲနိုင်ရန်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းမှ အသင့်ပြင်ဆင်ထားကြောင်း သိရသည် ။

မေ ၉ ရက်မှစတင်ကာ နေပြည်တော်-ရန်ကုန် ရထားတစ်စင်း ၊ မန္တလေး-ရန်ကုန် အမြန်ရထားတစ်စင်း၊ ရန်ကုန်-မော်လမြိုင် အမြန်ရထားတစ်စင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းအတွက် အမြန်ရထားတစ်စင်းတို့ကို ပြေးဆွဲပေးမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကြောင့်ခရီးသွားများနည်းပါးလျက်ရှိပြီး ခရီးသည်ရရှိမှုအပေါ်မူတည်ကာ ဆောင်ရွက်သွားမည်ဖြစ်သည်။ ခရီးသည်မရှိပါက ပြေးဆွဲမှုမရှိနိုင်ကြောင်းနှင့် လိုအပ်ပါကပြေးဆွဲနိုင်ရန် အဆင်သင့်ပြုလုပ်ထားကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်စိုးလင်း၏ ပြောကြားချက်အရသိရသည်။

အဆိုပါအထူးရထားများပြေးဆွဲဖြစ်ပါက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရထားတွဲဆိုင်းများကို ပိုးသတ်ဆေးပက်ဖျန်းခြင်း၊ လိုက်ပါမည့် ခရီးသည်များအား ရထားပေါ်မတက်မီ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ ရထားပေါ်တွင် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ မထိုင်စေရေးတို့ကို ပညာပေးဆောင်ရွက်သွားမည် ဖြစ်သည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါကြောင့် ရထားစီးခရီးသည်နည်းပါးပြီး ရထားခရီးစဉ်များ ဖျက်သိမ်းခြင်း၊ ရက်လျှော့ပြေးဆွဲခြင်းများရှိကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ တာဝန်ရှိသူတို့၏ ပြောကြားချက်အရ သိရသည်။

**အောင်သူရ**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၄ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၀ | ကျပ် | ၅၃၀/၅၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ | ကျပ် | ၅၄၅/၅၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၄၀၀ | ကျပ် | ၄၃၀/၄၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ | ကျပ် | ၆၀၅/၆၁၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၈ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၇ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၈ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၆ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၃ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၅၃ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၀၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၉၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၀ . ၆၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၄၂၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၇၀၀ | ၃၈၂၁ | ၃၅၂၈၈၂၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၂၉၄၇ | ၁၀၁၆၈၁၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၇ | ၅၆၀၀၀ |
| FPB | ၂၁၀၀၀ | ၂၁၅၀၀ | ၁၃၉ | ၂၉၂၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၉၈ | ၂၆၄၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

# လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

ယနေ့အချိန်တွင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများကို အမျိုးသားအဆင့် ဆောင်ရွက်လျက်ရှိရာတွင် တောင်သူလယ်သမားဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများ အချိန်မီဆောင်ရွက်ရန် အခက်အခဲများတွေ့ကြုံ တွေ့လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများ၏ လယ်ယာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရန်နှင့် လယ်ယာကုန်ထုတ်လုပ်မှု မထိခိုက်စေရန်တို့အတွက် လူအင်အား အနည်းဆုံးဖြင့် စက်ကိရိယာများအသုံးပြု၍ ထွန်ယက်ရေး၊ စိုက်ပျိုးရေးနှင့် ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြရန်အလို့ငှာ စက်မှုလယ်ယာဦးစီးဌာနက စွမ်းအားရှိသရွေ့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ရာ တောင်သူဦးကြီးများနှင့် စိုက်ပျိုးလုပ်ကိုင်သူများအနေဖြင့် နီးစပ်ရာစက်မှုလယ်ယာစခန်းများတွင်လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များသို့လည်းကောင်း ဆက်သွယ်အကူအညီ ရယူနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | - ၀၉-၅၀၀၇၅၇၆<br>၀၆၇-၃၄၃၁၂၁၀ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | - ၀၉-၂၅၀ ၂၈၉ ၂၉၉<br>၀၆၇-၃၄၃၁၂၁၂ |
| ညွှန်ကြားရေးမှူး(လုပ်ငန်း) | - ၀၉-၄၂၂ ၀၀၀ ၂၂၀ |
| ညွှန်ကြားရေးမှူးချုပ်ရုံး | - ၀၆၇-၃၄၃၁၂၃၄ |
| စက်မှုလယ်ယာဦးစီးဌာန(လုပ်ငန်းဌာနခွဲ) | - ၀၆၇-၃၄၃၁၂၁၈ |

တိုင်းဒေသကြီးနှင့် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနရုံးများ

မြို့နယ်စက်မှုလယ်ယာစခန်းများ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ဝန်းသိုမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**ဝန်းသို မေ ၄**

ဝန်းသိုမြို့နယ်ရှိ ကျေးရွာ ရှစ်ရွာတွင် လမ်းလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်းနှင့် မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် တာဝန်ရှိသူများက ယမန်နေ့က စစ်ဆေးသည်။ ထိုသို့ စစ်ဆေးရာတွင် လမ်းလုပ်ငန်းများဖြစ်သည့် VDP စီမံချက်ထောက်ပံ့ ငွေကျပ် သိန်း ၁၀၀ ဖြင့် ဆောင်ရွက်သော ပေါက်ကုန်ကျေးရွာ၊ အနောက်စက်ကျေးရွာ၊ လယ်ကျင်းကျေးရွာလမ်း ကျောက်ရောမြေခင်းခြင်း၊ သက္ကယ်ကျင်းကျေးရွာလမ်း ကွန်ကရစ်လမ်းခင်းခြင်း တို့ကို စစ်ဆေးခဲ့သည်။

ဆက်လက်၍ စကြော်မောင်ကျေးရွာ လျှပ်စစ်မီးလိုင်းများသွယ်တန်းခြင်းလုပ်ငန်းများအပြင် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ခွင့်ပြုငွေကျပ်သိန်း ၅၀ ဖြင့် ထန်းတပင်ကျေးရွာလမ်း ကျောက်ရောမြေခင်းခြင်း၊ အနောက်စက်ကျေးရွာ စက်ရေတွင်းတူးခြင်းနှင့် မြောက်ရွာကျေးရွာတွင် စိမ့်စမ်းရေလိုဏ်ခေါင်းအား ကျောက်ရိုးစီခြင်းလုပ်ငန်းကို ငွေကျပ် ၃၅ သိန်းဖြင့်လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုငွေကျပ် ၂၈၃ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်နေသော နမ်းခမ်း-ပန်းညို-ဗန်းနောက်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**မွေးကြူဇင်**


မြန်မာ့အလင်း


စာတည်းမှူးချုပ် - အောင်နိုင်ဦး
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


HTOO
ကိုဗစ် နိုင်တင်း ရောဂါ က လင်းနို့တွေကတစ်ဆင့် ကူးစက်တာ ဆိုပဲ...
ဟဲ့.. ငါကြား တာအဲ့လိုမဟုတ် ဘူး.. ဒီမှာကြည့်..
ခင်ဗျားတို့ ဘာလုပ်နေ ကြတာလဲ...
ကိုဗစ်အကြောင်း ဆွေးနွေးနေကြ တာတော်ရေ့
ကိုတင် ကကွယ်ခြင်းဟာကုသ ခြင်းထက် ပိုကောင်းတယ်ဆိုတာ သဘောပေါက်လား
ပေါက်ပါ တော်...
တမာရွက် ပြုတ်နဲ့ ရ တယ်...
ညွှန်ကြားချက်အတိုင်း အိမ် ကအထွက် လက်ဆေးခဲ့တယ်.. နှာခေါင်းစည်း.. လက်သန့်ဆေး ရည် အကုန်ပါတယ်...
အိမ်တွင်းအောင်းနေတာကြာ တော့ အိမ်ပြင် ထွက်ချင်တာနဲ့ ထွက်လာခဲ့တာ ဦးတင့်ရဲ့
ကာပြောတယ်..
တစ်ယောက်နဲ့ တစ်ယောက် သုံးပေ ခွာပြီး နေရမယ်ဆိုတဲ့ အ ချက် ဖောက်ဖျက်တဲ့ အပြင်...
အကြောင်းကိစ္စမရှိဘဲ အိမ်ထဲက အိမ် ပြင်မထွက်ကြဖို့ ညွှန်ကြားထားတယ်မို့ လား... သွား.. ကိုယ့်အိမ်ကိုယ်ပြန်ကြ...
ဟဲ့.. သွားပြီအေ တာ.. တာ
ဟုတ်ကဲ့ရှင့်


စမ်းချောင်းကိုကိုအောင်
ပလာတူး၊ စာမေး ပွဲဖြေနိုင်တယ် မဟုတ်လား၊
ကြိုးစားပြီးဖြေခဲ့ တာပဲမေမေ၊
အောင်ရင်သားကြိုက် တဲ့နာရီဝယ်ပေးမယ်၊
ကျရင်တုတ်စာမယ်ပြို သာမှတ်၊
ဖျန်း ဖျန်း
နှစ်မျိုးစလုံး မကောင်းပါဘူး မေမေ၊
ဘယ်လို?
ကျရင်မေမေ့တုတ် ကျိုးမယ်၊
အောင်ရင်မေမေ ပိုက်ဆံကုန်မှာပေါ့၊


ကာတွန်း ဆွေချစ်
ဟေး.. ငါ့ဦးလေးအလုပ် က.. ပလတ်တက်ပြီး ပြန်လာပြီကွ..
ပလတ်တက်လာပြီဆိုတော့ ငါ့တူက ဘာလုပ်ချင်ဦးမ လို့လဲ..
ဟို...
ရုပ်ရှင်ကြည့်လိုက်ချင်းမ လို့လား.. မရဘူးနော်.. ကိုဗစ်-၁၉ ရောဂါ ကြောင့်ရုပ်ရှင်ရုံတွေ ပိတ်ထားရတယ်..
ကစားကွင်းလား.. ဒီး.. ဒီး....
ဟွန့်
မြို့ထဲက လူ စည်ကားတဲ့ နေရာ.. လူစုလူ ဝေးရှိတဲ့နေရာ..
အဲဒီနေရာတွေကို ရောဂါကြောက်လို့ ကာကွယ် တဲ့အနေနဲ့ လိုက်မပို့ ဘူးနော်..
အဲဒီကိုဗစ်..ဘူ ကြောင့်.. ပါး...
ဟုတ်ကဲ့ပါကွာ.. ဒါနဲ့ ဦးလေး အလုပ် ကပြန်လာပြီး လက် ဆေးပြီးပြီလား..
အေးကွ.. မဆေး ရသေးဘူး.. ဆေးဦးမှ.. ပိုး..
တဲ့.. ရောဂါပိုးအလွယ်တကူမ ဝင်အောင်.. ငါ့တူကို အားရှိတဲ့ အစားအစာတွေ ချက်ကျွေး မယ်.. ပြီးရင် အိပ်ရေးဝဝ အိပ်.. ဟုတ်ပြီလား..
ဒါလည်း ကောင်းတာပဲ


ပေါက်စန်


ဇော်နီ
သင်္ကြန် ကျဖို့ တစ်ပတ် လောက်ပဲ လိုတော့ တယ်၊၊
ဇော်နီရေ...ပိတောက်တွေ ပွင့်နေပြီ၊ ခူးရအောင်ဟေ့...
ငါတို့က သင်္ကြန်ကို မိုးမလင်းခင်ကတည်းက ကြိုနေတာ အိပ်ပုတ်ရဲ့၊
ပိတောက်ပန်း ခူးပေးပါ၊ အခက်လှလှတွေက အပင်ပေါ် တက်ခူးမှရမယ်...
ရှေ့နည်းနည်းတိုးဦး၊ တိုး... တိုး တိုး
ဝုန်း
အိပ်မက်မို့တော်...တော် ဟယ်၊ တကယ် ဖြစ်တော့မယ်၊၊
ဇော်နီရေ ပိတောက်တွေ ပွင့်နေပြီဟ၊ ခူးရအောင်၊၊


သားရေ...လမ်းထိပ်က ပန်းခြံမှာ "ဒရုန်း" သွားလွှတ်မယ် ဟေ့...
ဟင်... "ဒရုန်း"... ဟုတ်လားဖေဖေ...
ဖေဖေ "ဒရုန်း" ဝယ်လာတယ် ပြောလေ...။ဟေး...မိုက်တယ်ကွ...
ဟင်...
ဒါ...ဒါ...စက္ကူ လေယာဉ်ပျံကြီးပဲ ဖေဖေရဲ့ "ဒရုန်း" မှမဟုတ်တာ...
ဒါ..."ပထမဆုံး မျိုးဆက် ဒရုန်း" လို့ခေါ်တယ်...သားရဲ့...
ဓာတ်ခဲတောင် ထည့်စရာ မလိုဘူး...တွေ့လား...






**ကလေးလေးတို့ အိမ်ထဲမှာဘာတွေအလုပ်ရှုပ်နေကြသလဲ။ အိမ်ထဲမှာနေရင်းက ဘဝအတွက် မမေ့နိုင်တဲ့ အမှတ်တရလေးတွေကို ဖန်တီးနိုင်ပါတယ်တဲ့။ အခုအချိန်က ကိုဗစ်-နိုင်တင်းရောဂါကြောင့် ကမ္ဘာကြီးပေါ်က နိုင်ငံအများစုမှာ ကာကွယ်မှုတွေပြုလုပ်နေကြတာပေါ့။ အကောင်းဆုံးအကာအကွယ်ကတော့ အိမ်မှာနေတာ၊ လက်ဆေးတာနဲ့ ကိုယ်ခံအားကောင်းအောင် ဂရုစိုက်ကြဖို့ပဲပေါ့။ အိမ်မှာ အချိန်တစ်ခုအထိ ဘယ်မှမသွားဘဲနေကြရတာ ပျင်းစရာတော့ကောင်းပေမယ့် ကိုယ့်အတွက်ရော အားလုံးအတွက်ပါ အိမ်မှာနေတာက အကောင်းဆုံးပဲလေ ကလေးတို့ရဲ့။ အိမ်မှာနေရင်း ကလေးတို့ စိတ်လှုပ်ရှားစေမယ့် လှုပ်ရှားမှုတွေထဲက သုံးခုကို ဒီတစ်ပတ်မှာပြောပြပေးမယ်။ အမြန်ဆုံးစလုပ်ကြည့်ကြစို့နော်။**

### အချိန်ဇယားနှစ်ပတ်စာ ရေးဆွဲပါ

နေ့အလိုက် ဘာလုပ်မယ်ဆိုတာကို ကလေးတို့က ပြင်ဆင်ရပါမယ်။ လွတ်လွတ်လပ်လပ်ကစားချိန်ပါမယ်၊ မုန့်စားချိန်ပါမယ်၊ တီဗွီကြည့်တဲ့အချိန်ပါမယ်၊ စာဖတ်တဲ့အချိန်ပါမယ်၊ လက်မှုပညာလေးတွေ ဥပမာပြောရရင် ဘင်ဂိုဆက်တာ၊ အတုံးလေးတွေနဲ့ အိမ်ဆောက်တာ၊ သဲတွေ ဂျုံတွေနဲ့ အရုပ်လေးတွေလုပ်တဲ့ အချိန်ပါမယ်၊ ထမင်းစားတဲ့အချိန်၊ ရေချိုးတဲ့အချိန်၊ မိဘတွေကို ကူညီတဲ့အချိန် စသည်ဖြင့် အချိန်တွေကို ခွဲခြမ်းပြီး အချိန်စာရင်းလေးလုပ်မယ်။ ပြီးရင် လိုက်နာကျင့်သုံးပြီး နေကြည့်ပါ။ ပျော်စရာ ပိုကောင်းသွားစေရမယ်။

### ကိုဗစ်-နိုင်တင်းနဲ့ကိုယ်ပိုင်စာအုပ်

ကိုဗစ်-နိုင်တင်းကာကွယ်မှုစာအုပ်လေးကို ကလေးတို့ကိုယ်တိုင်ဖန်တီးလိုက်ပါ။ ပထမစာမျက်နှာမှာ ကလေးတို့ အမည်လေးရေးထိုးပြီး ကိုဗစ်-နိုင်တင်းအကြောင်းကို ကလေးတို့သိသလောက် ပုံဆွဲတာဖြစ်ဖြစ်၊ စာရေးတာဖြစ်ဖြစ် ဒီဇိုင်းမိုက်မိုက်လေးနဲ့ လုပ်လိုက်ပေ့ါ။ ဒုတိယစာမျက်နှာမှာတော့ သတင်းစာထဲကဖြစ်ဖြစ်၊ လက်ကမ်းစာစောင်ထဲကဖြစ်ဖြစ် ကိုဗစ်-နိုင်တင်းနဲ့ပတ်သက်တဲ့ အကြောင်းတွေကို ကတ်ကြေးလေးနဲ့ဖြတ်ပြီး ကော်လေးတွေနဲ့ ကပ်ထားကြမယ်။ တတိယစာမျက်နှာမှာတော့ ကလေးတို့အကြောင်းလေး အမည်၊ အသက်၊ ကိုယ်အလေးချိန်၊ အရပ်၊ ဖိနပ်ဆိုက်နဲ့ အကြိုက်ဆုံးဖြစ်တဲ့ အစားအစာ၊ အရောင်၊ ဇာတ်ကား၊ သီချင်းစတာတွေရဲ့ အမည်တွေ၊ ကလေးတို့အချစ်ဆုံးသူငယ်ချင်းအမည်နဲ့ ကလေးတို့ကြီးလာရင် ဖြစ်ချင်တဲ့အရာတွေကို သပ်သပ်ရပ်ရပ်ရေးထားကြည့်ပါ။ လေးရွက်မြောက်မှာတော့ အိမ်ပုံလေးဆွဲပြီး မိသားစုဝင်တွေရဲ့ တစ်ဦးချင်းအကြောင်းတွေထည့်လို့ရသလို ငါးရွက်မြောက်မှာ အိမ်မှာနေရချိန် ကလေးတို့



## သိမှတ်စရာအဖြာဖြာ (General Knowledge)

## အိမ်ထဲမှာနေရင်း အမှတ်တရနေ့ရက်လေးတွေဖန်တီးကြမယ်

ကေ - ဂျူဝယ်လ်

လုပ်တဲ့အရာတွေထဲက အကြိုက်ဆုံးအလုပ်တွေကို ပုံလေးတွေဆွဲပြတာ၊ စာရေးပြတာတွေလုပ်ကြမယ်။ နောက်တစ်ရွက်မှာတော့ ကလေးတို့ရဲ့ သန့်ရှင်းနေတဲ့ လက်ဖဝါးလေးတွေကို စာရွက်ပေါ်မှာ ရေးဆွဲကြည့်မယ်။ နောက်ဆုံးတစ်ရွက်မှာတော့ အတူနေမိသားစုဝင်တွေရဲ့ ပုံတူလေးတွေ၊ သူတို့တွေအိမ်မှာနေရင်း လုပ်နေကြတဲ့အလုပ်တွေနဲ့ ရောဂါတွေပျောက်သွားတဲ့အခါ ဘယ်ကိုသွားချင်ကြသလဲဆိုတာတွေကို မေးပြီး အဖြေလေးတွေထည့်ရေးထားမယ် စသည်ဖြင့် စိတ်ကူးရှိသလို လုပ်ကြည့်ပါဦးနော်။ ကိုဗစ်-နိုင်တင်းကြောင့် အိမ်မှာနေနေတဲ့ကာလမှာ ကလေးတို့ကိုယ်တိုင်လုပ်ထားတဲ့ အမှတ်တရစာအုပ်လေးက ကလေးတို့ကြီးလာတဲ့အခါ အမှတ်တရဖြစ်စေမှာမို့ နေ့စွဲကလေးတွေတပ်ပေးဖို့ မမေ့နဲ့နော်။

### ဓာတ်ပုံဆရာတွေ၊ ပန်းချီဆရာတွေ

အိမ်မှာနေတဲ့အချိန် ကလေးတို့လုပ်နိုင်တာက မိသားစုဝင်တွေကို အမှတ်တရဖြစ်စေမယ့် ဓာတ်ပုံလေးတွေနဲ့ ပန်းချီလေးတွေ ဖန်တီးပေးဖို့ဖြစ်ပါတယ်။ အခုအချိန်မှာ အိမ်တိုင်းမှာ ဖုန်းတွေရှိကြမှာပါ။ ဖုန်းကင်မရာကနေ ကလေးတို့က ကောင်းကင်ကြီးကို ရိုက်မယ်၊ ငှက်ကလေးတွေ၊ သစ်ပင်တွေနဲ့ အရာဝတ္ထုတွေကို ရိုက်လို့ရပါတယ်။ မေမေတို့ ဖေဖေတို့ရဲ့ ဟင်းချက်နေတဲ့ပုံ၊ သန့်ရှင်းရေးလုပ်နေတဲ့ပုံတွေရိုက်လို့ရသလို ကလေးတို့ ကစားစရာတွေကို လှလှပပစီပြီး ရိုက်လို့ရတယ်။ ဖုန်းမကိုင်ရရင်တောင် ပုံတူပန်းချီလေးတွေ ကြိုးစားပြီး ဆွဲလို့ရနိုင်ပါတယ်။ ပြီးတော့ အိမ်နားက သူငယ်ချင်းတွေနဲ့ အပြန်အလှန်ပုံလေးတွေ ခပ်လှမ်းလှမ်းကနေ ပေးပို့ရင်း ဘယ်သူအလှဆုံး ရိုက်နိုင်သလဲဆိုတာ ပြိုင်လို့ရပါသေးတယ်။ ဓာတ်ပုံလေးတွေ၊ ပန်းချီလေးတွေဟာလည်း နောင်တစ်ချိန်မှာ အမှတ်တရအဖြစ် ကလေးတို့ဆီမှာ ကျန်ရစ်နေမှာပါ။ ကဲ ကလေးတို့ရေ ကိုဗစ်-နိုင်တင်းကြောင့် အိမ်မှာနေတဲ့ နေ့ရက်တွေကို ပျော်ရွှင်စွာနဲ့ ဖြတ်သန်းကြမယ်နော်။ ။




## လောကဝတ် (Etiquette)

## ဒီလိုအချိန်မှာ ဈေးဝယ်ထွက်မယ်ဆိုရင်

မမမေ

**မင်္ဂလာပါကလေးတို့ရေ။ အားလုံးအိမ်မှာပဲ မိသားစုတွေနဲ့အတူ နေနေကြမှာပေ့ါနော်။ မမလည်း ကလေးတို့လိုပဲ အိမ်မှာပဲနေနေတာပေ့ါ။ အိမ်မှာနေနေပေမယ့် မဖြစ်မနေ ဝယ်စရာတွေရှိလာတဲ့အခါ အပြင်သွားရတယ်။ ဒီတစ်ပတ်မှာ မမက မောင်လေးတို့၊ ညီမလေးတို့ မဖြစ်မနေ အပြင်ထွက်ပြီးဈေးဝယ်ကြမယ်ဆိုရင် လိုက်နာသင့်တဲ့ လောကဝတ်ကလေးတွေကို ပြောပြပေးသွားမှာပါ။ ကိုဗစ်-နိုင်တင်းကပ်ရောဂါကနေ ကိုယ့်ကိုယ်ကိုယ်လည်း ကာကွယ်ပါ။ သူတစ်ပါးကိုလည်း ကိုယ့်ကြောင့် ရောဂါမကူးစက်အောင် ကာကွယ်ခြင်းတွေကို လိုက်နာသင့်ပါတယ်။**

### လိုတာထက် ပိုမစုပါနဲ့

မေမေတို့ဖေဖေတို့က ဆန်တွေ၊ ဆီတွေကို ဝယ်ကြသလို ကလေးတို့ကလည်း ရောင်စုံခဲတံလေးတွေ၊ ကြိုက်တတ်တဲ့မုန့်တွေ ကြိုဝယ်ထားဖို့လိုတာပေ့ါ။ သောက်နေကျအားဆေးတွေ၊ နို့နဲ့အချိုရည်တွေကို အများကြီး မနိုင်မနင်း မဟုတ်ဘဲ နှစ်ပတ်စာလောက် ချင့်ချိန်ပြီး ဝယ်ထားပါနော်။ ကိုယ်က မကုန်နိုင်ဘဲ အများကြီးဝယ်ထားမယ်ဆိုရင် စတိုးဆိုင်မှာ အမှန်တကယ်လိုအပ်လို့ လာဝယ်တဲ့သူတွေအတွက် မကျန်ခဲ့တော့တာမျိုး ဖြစ်တတ်ပါတယ်။ လိုတာတွေထဲက တစ်ရက်ကို ဘယ်လောက်ကုန်သလဲဆိုတာ တွက်ချက်ပြီး တစ်ပတ်စာ သို့မဟုတ် နှစ်ပတ်စာလောက် သာဝယ်ပါနော်။



### ဝေးလေကောင်းလေ

စတိုးဆိုင်က လိုချင်တဲ့ကောင်တာရှေ့မှာ အခြားလူတွေရှိနေရင် လက်တစ်ကမ်းအကျော်ကနေ စောင့်လိုက်ပါ။ သူတို့ပြီးမှ ကောင်တာဆီကိုသွားပါ။ ပိုက်ဆံပေးတဲ့အခါ ခပ်လှမ်းလှမ်းက လှမ်းပေးတာမျိုးလုပ်ပါ။ ပိုက်ဆံနဲ့ ဝယ်ထားတာတွေကိုင်ပြီး အိမ်ပြန်ရောက်တာနဲ့ ဆပ်ပြာနဲ့ လက်ဆေးဖို့ လုံးဝမမေ့ရဘူးနော်။ နှာခေါင်းစည်းမျက်နှာဖုံးကိုလည်း သေသေချာချာ စွန့်ပစ်ဖို့လိုပါတယ်။

### အကူအညီပေးပါ

မဖြစ်မနေ ဈေးဝယ်ကြရတဲ့အခါ လိုချင်တဲ့ပစ္စည်းတွေ ရှာလို့မတွေ့ဖြစ်နေသူတွေ၊ ပိုက်ဆံရှင်းဖို့ စောင့်နေရတဲ့နေရာမှာ အသက်ကြီးသူတွေနဲ့ မသန်စွမ်းသူတွေ၊ ကိုယ်ဝန်ဆောင်တွေ တွေ့မယ်ဆိုရင် ဦးစားပေးလိုက်ပါနော်။ သူတို့အရင် ပိုက်ဆံရှင်းပါစေ။ ကိုဗစ်-နိုင်တင်း အကြောင်းကို သိပ်မသိသေးတဲ့သူငယ်ချင်းတွေက ဆိုင်မှာအခြားသူအနားတိုးကပ်နေတာမျိုးဆိုရင်လည်း တစ်ဦးနဲ့တစ်ဦး ဝေးဝေးနေသင့်တာကို သတိပေးရမယ်နော်။

### ကြည့်ပါ မထိပါနဲ့

ဈေးဝယ်တဲ့အခါ ဘယ်အရာကိုမှ လိုက်ကိုင်ကြည့်တာမျိုး လုံးဝမလုပ်မိဖို့လိုပါတယ်။ ရောဂါပိုးက ဘယ်နေရာမှာရှိတယ်ဆိုတာ ကလေးတို့မသိနိုင်တဲ့အတွက် ဘာကိုမှ မကိုင်ဖို့လိုပါတယ်။ ကိုယ်ဝယ်မယ့်အရာတစ်ခုကိုပဲ ကိုင်ပါ။ ဆိုင်တွေရဲ့ တံခါးတွေ၊ လှေကားလက်ရန်းတွေနဲ့ မုန့်ထုပ်တွေ၊ စားပွဲတွေပေါ်မှာ ရောဂါပိုးတွေ ကပ်နေတတ်တယ်ဆိုတာကို လုံးဝမမေ့ပါနဲ့နော်။

### ကြင်နာစွာပြုံးပြလိုက်ပါ

မမတို့အားလုံးကို ရောဂါပိုးတွေရန်ကနေ ကင်းဝေးအောင် ဆေးကုသပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ မီးတွေမပျက်အောင်၊ လမ်းတွေမပျက်အောင်၊ ရေပေးဝေတာတွေမရပ်အောင် ဝန်ဆောင်မှုပေးတဲ့ဝန်ထမ်းတွေ၊ လမ်းပေါ်မှာ ဈေးရောင်းထွက်နေရတဲ့သူတွေ အားလုံးကို မြင်တဲ့အခါမှာလည်း ကြင်ကြင်နာနာနဲ့ ပြုံးပြလိုက်ဖို့ မမေ့ပါနဲ့နော်။ ကလေးတို့အပြုံးလေးတွေဟာ သူတို့အတွက် ခွန်အားတွေ ဖြစ်စေမှာပါ။

### အိမ်နီးချင်းတွေကိုမေးကြည့်ပါ

ဈေးသွားရမယ်ဆိုရင် ကိုယ့်အိမ်နီးနားချင်းတွေအတွက်ပါ ပိုဝယ်ပေးနိုင်တာကလည်း အခုအချိန်မှာ အကောင်းဆုံးသော လောကဝတ်လေးတစ်ခုပါ။ မဖြစ်မနေ ကိုယ်သွားရတဲ့အခါ သူများအတွက် လမ်းကြုံဝယ်လာခဲ့ပေးတာက အပန်းလည်းမကြီးသလို ကူညီရာရောက်တဲ့အပြင် ကုသိုလ်လည်းရပါတယ်လို့ မမက အကြံပြုလိုက်ပါရစေနော်။ ။



# မြန်မာ့ရိုးရာမဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အထူးအစီအစဉ်များအဖြစ် ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားကောင်းများ ပြသမည်

နေပြည်တော် ဧပြီ ၄

၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ ရက် မှ ၁၉ ရက်အထိ မြန်မာ့ရိုးရာမဟာသင်္ကြန်ရုံးပိတ်ရက် ကာလအတွင်း မူလပြသနေသည့် ရုပ်သံဇာတ်လမ်းတွဲများအပြင် မိသားစုနှင့်အတူ အပန်းဖြေအနားယူကြမည့် မိဘပြည်သူများအတွက် အထူးအစီအစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထင်ရှားကျော်ကြားသည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများ၊ သင်္ကြန်နှင့် ပတ်သက်သည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားကောင်းများကို နေ့စဉ် မွန်းလွဲပိုင်းနှင့် ညပိုင်းတွင်လည်းကောင်း၊ ရုပ်သံဇာတ်လမ်းတွဲများကို နံနက်ပိုင်းနှင့် ညနေပိုင်းများတွင်လည်းကောင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

အဆိုပါ သင်္ကြန်ကာလအတွင်း မွန်းလွဲ ၁ နာရီခွဲ နှင့် ည ၉ နာရီခွဲတို့တွင် ပြသမည့် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် ဗီဒီယိုဇာတ်ကားများမှ ဇာတ်လမ်းအကျဉ်းတို့ကို ဖော်ပြပေးလိုက်ရပါသည် -

*ယမန်နေ့မှ အဆက်*




၁၃-၄-၂၀၂၀ (တနင်္လာနေ့)
နေ့လယ်
မောင်တို့ ချယ်ရီမြေ
( ဖြူမည်း ရုပ်ရှင် )
ဝင်းဦး၊ ခင်သန်းနု
ဒါရိုက်တာ - ဦးတင်ယု

ချယ်ရီမြေ လယ်တောကို ပြန်လာသော နိုင်ငံခြားပြန် **"ကိုဦး"** တစ်ယောက် သူငယ်ချင်းများနှင့်အတူ မန်းသင်္ကြန်ကိုလည်ဖို့ ထွက်ခဲ့သည်။ ပင်လယ်ဓားပြ အလှပြယာဉ်ကားနှင့် သင်္ကြန်ထွက်လာသော မင်းသမီး ခင်သန်းနုကို သူငယ်ချင်းများက တွေ့ချင်၍ ကိုဦးပါ လိုက်ပါခဲ့ရသည်။ လွတ်လွတ်လပ်လပ် သင်္ကြန်လည်ချင်သော မင်းသမီး ခင်သန်းနုနှင့် ကိုဦးတို့ ဆုံတွေ့သွားပြီး သင်္ကြန်လည်ပတ်ခဲ့ကြသော်လည်း နိုင်ငံခြားပြန် ကိုဦးက ခင်သန်းနုမှန်း မသိခဲ့ပေ။ ချစ်သူများဖြစ်ခဲ့ပြီးမှ သိခဲ့ရပြီး မီဒီယာများ၏ ဝေဖန်ရေးသားမှုများကြောင့် ခင်သန်းနုကို ချစ်လျက်နှင့် လမ်းခွဲကာ ချယ်ရီမြေ ပြန်လာခဲ့သည်။ ရုပ်ရှင်မင်းသမီးနှင့် လယ်တော၌ ခြေချမည့်သူတွေကြား ရှေ့ဆက်မည့်ခရီး ဘယ်လိုရှိမလဲဆိုတာကို စောင့်မျှော်ကြည့်ရှုရမည့် ဖြူမည်းရုပ်ရှင် ဇာတ်လမ်း ဖြစ်ပါသည်။

၁၃-၄-၂၀၂၀
(တနင်္လာနေ့) ည
နတ်ဖြစ်ရတဲ့ဒုက္ခ
(ဆေးရောင်စုံ ရုပ်ရှင်)
ရန်အောင်၊ ခန့်စည်သူ၊
ထွန်းထွန်း၊
စိုးမြတ်သူဇာ၊
အေးမြတ်သူ
ဒါရိုက်တာ -
ညွှန့်မြန်မာညီညီအောင်




လူ့ဘဝ သေဆုံးပြီး နတ်ဖြစ်သွားတဲ့ **"ရွှေအိုး"**နတ်ဘဝနှင့် လူ့ပြည် ဆင်းလာသည့်အခါ မောင်ရိုးက ချောပိုကို ကြိုက်နှစ်သက်လို့ ပိုးပန်းနေပုံ၊ ချောပို အစ်မ **"မသိန်းကြွယ်"**နှင့် **"ကိုမှတ်"**တို့ လင်မယားအကြောင်း မြင်နေတွေ့နေရသည်။ မသိန်းကြွယ်က အပြောဆိုးလို့ ခလုတ်တိုက်လဲအောင် **"နတ်ရွှေအိုး"** လုပ်ခဲ့ရာမှ ခလုတ်တိုက်လဲမိတဲ့ ကျောက်က ကျောက်စိမ်းတုံး ဖြစ်သွားလို့ ရွာသားများက**"နတ်ရွှေအိုး"**ကိုပူဇော်ပြီး ကျောက်စိမ်းတုံး တောင်းကြသည်။ မိန်းကလေးများက ဗေဒင် လာမေးကြပြီး မှန်လွန်းလို့ သူတို့ယောကျ်ားများက လိုက်ရိုက်၍ ထွက်ပြေးကြရင်း **"နတ်ရွှေအိုး"** သူ့ရုပ်အလောင်းကို မြင်တွေ့ရကာ "နတ်ရွှေအိုး" လူ့ဘဝ ပြန်အသက်ရှင်သွားမလား၊ နတ်ဘဝနဲ့ပဲ အဆုံးသတ်မလား ဆိုတာကို စောင့်မျှော်ကြည့်ရှုရမည့် ဆေးရောင်စုံ ရုပ်ရှင် ဟာသဇာတ်လမ်း ဖြစ်ပါသည်။



၁၄-၄-၂၀၂၀ (အင်္ဂါနေ့) နေ့လယ်
{သင်္ကြန်အကြတ်နေ့ }
သင်္ကြန်မိုး
( အကယ်ဒမီ ဆေးရောင်စုံရုပ်ရှင် )
နေအောင်၊ ဇော်ဝမ်း၊ ဇင်ဝိုင်း၊ ခင်သန်းနု၊
မေသန်းနု၊ သီတာသိမ့် ဒါရိုက်တာ - မောင်တင်ဦး

မတူညီသော အခြေခံဘဝကြောင့် မြို့မတေးဂီတ အဖွဲ့၏ စန္ဒရားဆရာ **ကိုငြိမ်းမောင်**နှင့် သူဌေးသမီး **ခင်ခင်ထား**တို့ ဆုံစည်းခွင့်မရ ဝေးကွာခဲ့ရသည်။ **ထား**က မိဘသဘောတူသူနှင့် လက်ဆက်ခဲ့သလို ကိုငြိမ်းမောင်ကလည်း သူ့ကို မှီခိုအားကိုးနေရသည့် **မြခက်**နှင့် တစ်အိုးတစ်အိမ် ထူထောင်ခဲ့သည်။ ကိုငြိမ်းမောင် သား **သက်ထွေး**နှင့် ထား၏ သမီး **နွယ်နွယ်** တို့နှစ်ယောက် ဂီတကိုအခြေခံပြီး သင်္ကြန်မှာဆုံတွေ့ခဲ့ကြသည်။ သားနှင့် သမီးကို အကြောင်းပြုပြီး ချစ်သူဟောင်းနှစ်ဦး ပြန်လည် ဆုံတွေ့ကြသောအခါ တစ်ဦးနှင့်တစ်ဦးအကြား အထင်အမြင် လွဲမှားမှုတွေကြောင့် သားနှင့် သမီးတို့၏ ချစ်ခြင်းကို သဘောတူကြည်ဖြူပါ့မလား ......။ {သင်္ကြန်ကာလ ရောက်ပြီဆိုရင် "သင်္ကြန်မိုး" မကြည့်လိုက်ရရင် မပြည့်စုံတဲ့ ဇာတ်ကားအဖြစ် **"သင်္ကြန်မိုး"** ဇာတ်ကား စောင့်မျှော်ကြည့်ရှုနိုင်ပါသည်။}



၁၄-၄-၂၀၂၀ (အင်္ဂါနေ့) ည
{သင်္ကြန်အကြတ်နေ့ }
ယောက္ခမဆိုတာ တစ်ခါတုန်းက
သမက်ပါပဲ
( အကယ်ဒမီ ဆေးရောင်စုံရုပ်ရှင် )
ကျော်သူ၊ ရန်အောင်၊ လွင်မိုး၊
မို့မို့မြင့်အောင်၊ မေသဉ္ဇာဦး၊ ခိုင်သင်းကြည်
ဒါရိုက်တာ -မောင်မျိုးမင်း(ရင်တွင်းဖြစ်)

**ချစ်ဦးမောင်**နှင့် **မေဖြူဇော်** တို့ **ချစ်သူ နှစ်ဦး** လက်ထပ်ကြဖို့ နှစ်ဖက်မိဘများနှင့် တွေ့ဆုံပေးခဲ့ရာမှ **ချစ်ဦးမောင်**နှင့် **မေဖြူဇော်** တို့၏ ဖခင်များဖြစ်ကြသော ဦးမောင်မောင်နှင့် ဦးနေလင်းဇော်တို့ ပြန်ဆုံခဲ့ကြသည်။ ဦးမောင်မောင်နှင့် ဦးနေလင်းဇော်တို့မှာ တစ်ချိန်က ရည်းစားလုဘက်များ ဖြစ်ခဲ့ကြသည့်အတွက် တစ်ဦးနှင့်တစ်ဦး အမြင်မကြည်ကြသဖြင့် သားသမီးများကို သဘောမတူချင်ပေမယ့်လည်း နောက်ဆုံး လက်ထပ်ဖို့ သဘောတူခဲ့ကြသည်။ သမီးကို ချစ်သည့်စိတ်ကြောင့် သမက်ကို အိမ်ခေါ်ထားရသော ဦးနေလင်းဇော်တစ်ယောက် သမက်နဲ့ အဆင်ပြေပါ့မလား၊ ချစ်ဦးမောင်ကရော ယောက္ခမနှင့် အဆင်ပြေပြေ နေနိုင်ပါ့မလားဆိုတာကို စောင့်ကြည့်ရမည့် ဟာသနှောရိုက်ကူးထားသော ဆေးရောင်စုံ အကယ်ဒမီရုပ်ရှင် ဇာတ်ကား ဖြစ်ပါသည်။

၁၅-၄-၂၀၂၀
(ဗုဒ္ဓဟူးနေ့) နေ့လယ်
{ သင်္ကြန်အကြတ်နေ့}
ကညာပျို့နဲ့ ဇရာအို
( ဖြူမည်း ရုပ်ရှင် )
ကောလိပ်ဂျင်နေဝင်း၊
ကျော်ဟိန်း၊
စံရှားတင်၊ ခင်သန်းနု
ဒါရိုက်တာ-
ဘိတ်ကလာတဲ့
ငံပြာရည်




ဆရာဝန်ကြီး **"ကိုအောင်"**နှင့် ဇနီး **"ထား"**တို့ သူငယ်ချင်း၏သား **"ကျော်ကျော်"**ကို သားအရင်းလို ချစ်ခင်စောင့်ရှောက်ခဲ့သည်။ ကျော်ကျော်က ရုပ်ရှင်မင်းသမီး **ဝင်းပပ**နှင့် ချစ်သူများဖြစ်နေကြ၍ သဘောမတူနိုင်ကြောင်း ပြောဆိုလမ်းခွဲစေခဲ့သည်။ ထို့ကြောင့် ကျော်ကျော်နှင့် ဝင်းပပ တိုင်ပင်ပြီး ဆရာဝန်ကြီး ကိုအောင်ကို ဝင်းပပ ချဉ်းကပ်ခဲ့သည်။ ကိုအောင်က ဇနီး ထား မသိအောင် ဝင်းပပဆီ သွားရောက်တွေ့ဆုံခဲ့သည်ကို ကြာလာတော့လည်း ရိပ်မိလာခဲ့သည်။ ဆရာဝန်ကြီး ကိုအောင်တစ်ယောက် ကျော်ကျော်နှင့် ဝင်းပပတို့ အကွက်ချ စီစဉ်ထားတာကို ဘယ်လို သိသွားမလဲဆိုတာကို စောင့်မျှော်ကြည့်ရှုနိုင်မည့် ဖြူမည်းရုပ်ရှင်ဇာတ်ကား ဖြစ်ပါသည်။




၁၅-၄-၂၀၂၀
(ဗုဒ္ဓဟူးနေ့) ည
{သင်္ကြန်အကြတ်နေ့ }
အကယ်ဒမီရှော့
(အကယ်ဒမီ
ဆေးရောင်စုံရုပ်ရှင်)
နေတိုး၊ ရဲအောင်၊ ထွန်းထွန်း၊
အိန္ဒြာကျော်ဇင်၊
ချောရတနာ၊
သင်ဇာဝင့်ကျော်
ဒါရိုက်တာ-
ညီညီထွန်းလွင်

**ဝဏ္ဏ**နှင့် **ပပ**တို့ လင်မယားစုံတွဲ၊ **ခန့်ပိုင်**နှင့် **ခင်သန္တာ**တို့ လင်မယားစုံတွဲ၊ မိန်းမများနောက်ကွယ်မှာ ဝဏ္ဏနှင့် ခန့်ပိုင်တို့ ပွေကြရှုပ်ကြပုံ၊ အိမ်ထိရောက်လာသော ဒေဝီကို သူငယ်ချင်းလူပျိုသူရ၏ ဇနီးဟု လိမ်ညာပြောကြပုံ၊ သူရက သူ့ချစ်သူ ယုဇနနှင့် လက်ထပ်သည့် မင်္ဂလာပွဲကို စုံတွဲလိုက် တက်ရောက်ရန် သွားခဲ့ရာမှ မိန်းမများ နောက်ကွယ် ပွေရှုပ်ကြပုံတို့ကို အကယ်ဒမီရှော့များသုံးပြီး သရုပ်ဆောင်လိမ်ညာကြပုံ ဟာသဇာတ်လမ်းအဖြစ် စောင့်မျှော်ကြည့်ရှုရမည့် ဆေးရောင်စုံ အကယ်ဒမီရုပ်ရှင် ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ဒေါ့ဖုန်းယန်မြို့၌ ကိုဗစ်-၁၉ စောင့်ကြည့်လူနာထားရှိမည့်ခန်းမဆောင်ကို သန့်ရှင်းရေးဆောင်ရွက်

**ဒေါ့ဖုန်းယန် ဧပြီ ၄**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့အတွင်း ကိုဗစ်-၁၉ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် စောင့်ကြည့်လူနာများ ထားရှိနိုင်ရေး အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းရှိ ပေ (၁၂၀ x ၄၀) ခန်းမဆောင်၌ ယမန်နေ့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။



စောင့်ကြည့်လူနာများထားရန် စီစဉ်ထားသည့်နေရာများကို စေတနာရှင်များ စုပေါင်းသန့်ရှင်းကြစဉ်။

အဆိုပါခန်းမတွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးအတွက် စောင့်ကြည့်လူနာ ခုတင်ကို ၁၅ ဦးစာထားရှိမည်ဖြစ်သည်။ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် နယ်မြေခံတပ်ရင်းနှင့် မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ နယ်မြေခံစခန်းမှူး ရဲအုပ် ကျော်လှိုင်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်း၍ ခန်းမဆောင်ကို ဆပ်ပြာဖြင့် ရေဆေးခြင်း၊ ခုတင်များ၊ ခုံများ ရေဆေးခြင်း၊ ခန်းမဆောင်ဘေးပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ရေ၊ မီး ရရှိရေးတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြသက်(ပြန်/ဆက်)

## ဒီးမော့ဆိုမြို့မဈေးနှင့် စောင့်ကြည့်လူနာများ ထားရှိသည့် နေရာများအား ပိုးသတ်ဆေးဖျန်း

**ဒီးမော့ဆို ဧပြီ ၄**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် အပတ်စဉ် ဈေးနေ့များ၌ လူဝင်လူထွက်များပြားပြီး စည်ကားလျက်ရှိသော ဒီးမော့ဆိုမြို့မဈေးနှင့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသော ပြည်သူများအား ၁၄ ရက်ကြာ စောင့်ကြပ်ကြည့်ရှုသည့် နေရာများကို ယမန်နေ့က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဒီးမော့ဆို မြို့မဈေးအတွင်းရှိ ဈေးဆိုင်တန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးကြည်စိုးဟန်နှင့် တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

ဒီးမော့ဆိုမြို့မဈေးသည် အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တို့တွင် ပုံမှန်ဈေးများ ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဈေးဖွင့်လှစ်သည့်နေ့များတွင် လူဝင်လူထွက် များပြားသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ဈေးဖွင့်လှစ်ရောင်းချခြင်း မရှိသောနေ့များတွင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

ထို့နောက် မြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များက စောင့်ကြည့်လူနာများထားရှိသည့် မိုးလုံလေလုံအားကစားခန်းမ၊ အခြေခံပညာအထက်တန်းကျောင်း (ဒီးမော့ဆို) နှင့် ကျောင်းအတွင်း၌ မြဝတီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၁၁ ဦး သီးခြားထားရှိမည့် စာသင်ခန်းနေရာတို့အား ပိုးသတ်ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

ရီရယ်(ဒီးမော့ဆို)



စောင့်ကြည့်လူနာများထားရှိသည့် ပတ်ဝန်းကျင်ကို ဆေးဖျန်းပေးစဉ်။

## ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အများနှင့်သက်ဆိုင်သောနေရာများ၌ ပိုးသတ်ဆေးဖျန်း

**ပြင်ဦးလွင် ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ကိုဗစ် -၁၉ ကာကွယ်ထိန်းချုပ်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းကို တပ်နယ်အစီအစဉ်ဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။



အများပြည်သူသွားလာဝင်ထွက်ရာ နေရာများတွင် ပိုးသတ်ဆေးဖျန်းကြစဉ်။

ယမန်နေ့က ခန္တီးဘုန်းကြီးကျောင်း၊ ရွှေစင်မင်းသီလရှင်ကျောင်း၊ ယူနန်ဘုံကျောင်း၊ မြဝတီဘဏ်နှင့် Ruby Mart – POL စသည်တို့၌ ပိုးသတ်ဆေးဖျန်းခြင်းနှင့် အခြား လိုအပ်သည်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်မျိုးထိုက် ( ပြန်/ဆက်)




ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် (၁)ရပ်ကွက်၊ (၃)ရပ်ကွက်၊ (၉) ရပ်ကွက်အတွင်းရှိ စာသင်ကျောင်း၊ ဈေး၊ လမ်းများအတွင်းသို့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆေးဖျန်းခြင်းလုပ်ငန်းများကို ဧပြီ ၃ ရက်က ဆောင်ရွက်စဉ်။

(ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ တိုင်းဒေသကြီးမီးသတ်ဦးစီး မှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း၊ အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ် ဦးစီးမှူးများ၊ စခန်းတာဝန်ခံများ ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၆၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ ပရဟိတ အဖွဲ့ဝင် ၂၀ တို့ဖြင့် အဖွဲ့ခွဲ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။)

မျိုးမင်းသိန်း(မရမ်းကုန်း)

## တရုတ်ပြည်မှပြန်လာသည့် နေရပ်ပြန်ပြည်သူခြောက်ဦးအား စောင့်ကြည့်ရေးစင်တာ၌ ကျန်းမာရေးစစ်ဆေး

**ချင်းရွှေဟော် ဧပြီ ၄**

ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူခြောက်ဦးအား ချင်းရွှေဟော်မြို့ မြို့တော်ခန်းမ၌ ဖွင့်လှစ်ထားသည့် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေး စင်တာတွင် ၁၄ ရက် ကျန်းမာရေးစောင့်ကြည့်ခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းကို ဧပြီ ၂ ရက်က စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးမှုတွင် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအဖွဲ့ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်၊ ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ ဆေးရုံတာဝန်ခံ ဒေါက်တာသီဟနှင့် အဖွဲ့သည် နေရပ်ပြန် ပြည်သူ ခြောက်ဦးအား အသွားအလာ ကန့်သတ်စောင့်ကြည့်ရေး စင်တာတွင် ချမှတ်ထားသော စည်းကမ်းများကို တိတိကျကျလိုက်နာကြရန်၊ ကျန်းမာရေးအခြေအနေတစ်ခုခုဖြစ်လာပါက တာဝန်ရှိသူများအား အကြောင်းကြားပေးရန် ပြောကြားကာ ကျန်းမားရေးဌာနမှ ကိုယ်ပူချိန်တိုင်းတာခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းရှိ မရှိ၊ အသက်ရှူကျပ်ခြင်းရှိ မရှိ စစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## ကျိုင်းတောင်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ကျိုင်းတောင်း ဧပြီ ၄**

ရှမ်းပြည်နယ်တောင်ပိုင်း ကျိုင်းတောင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ပွားသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကြိုတင်ကာကွယ်ရေးအနေဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဧပြီ ၂ ရက်က ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့များ၊ တပ်ရင်းတပ်ဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့တို့ ပူးပေါင်း၍ ကျိုင်းတောင်းမြို့အတွင်းရှိ ဈေးများ၊ ကားဂိတ်များနှင့် လူသွား လူလာများသော နေရာများ၊ စောင့်ကြည့်နေရာများတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျိုင်းတောင်းမြို့တွင် ကိုဗစ်-၁၉ သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းအဖြစ် ကျန်းမာရေးကြီးကြပ်စောင့်ကြည့်နိုင်ရန်အတွက် ကျိုင်းတောင်းတိုက်နယ်ဆေးရုံ အမျိုးသားဆောင်၊ အထက(တုန်ဟုန်း)ကျောင်းနှင့် မွေတော်မြို့နံ့ဓမ္မာရုံတို့တွင် ပြင်ဆင်ထားရှိပြီး ကျိုင်းတောင်းမြို့တွင် ကိုဗစ်-၁၉ သံသယလူနာ မရှိသေးကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ရန်ကုန် ဧပြီ ၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ပြည်သူများနေထိုင်ရာ ရပ်ကွက်များအတွင်း လမ်းများအလိုက် ပိုးသတ်ဆေးများ ဖျန်းခြင်းနှင့် ဆပ်ပြာရည်များဖြင့် ဆေးကြောခြင်းတို့ကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် တာဝန်ရှိသူများက ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ယမန်နေ့က ဖို့မြေရပ်ကွက် ၁၀၁ လမ်းတွင် မြို့နယ်မီးသတ်ဦးစီးဌာန၊ ဖို့မြေပရဟိတအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းကာ ပိုးသတ်ဆေးများဖျန်းခြင်းနှင့် ဆပ်ပြာရည်များဖြင့်ဆေးကြောခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ရပ်ကွက်နေပြည်သူများက ကိုဗစ်-၁၉ ပိုးကူးစက်ခံရခြင်းမှ လျှော့ချပေးနိုင်ပြီး စိုးရိမ်ပူပန်မှုများလည်း လျော့နည်းလာသည့်အတွက် ဆောင်ရွက်ပေးသော သက်ဆိုင်ရာအဖွဲ့အစည်းများအား ကျေးဇူးတင်ရှိကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

## မြဝတီမြို့ လူထုအခြေပြုဗဟိုဌာန၌ ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**မြဝတီ ဧပြီ ၄**

ကရင်ပြည်နယ် မြဝတီမြို့ လူထုအခြေပြုဗဟိုဌာနတွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ဧပြီ ၂ ရက်က ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြဝတီမြို့ Z-RESUCE အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးမောင်ဇော်၊ အဖွဲ့ဝင် ဦးထွန်းထွန်းဦးနှင့် အဖွဲ့များက လာရောက်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ရုံးဧရိယာအတွင်းနှင့် ရုံးမြေညီထပ်၊ ပြည်သူ့စာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၊ ပထမထပ်ရှိ ရုံးခန်း၊ လူထုအခြေပြုဗဟိုဌာနခန်းမများကို ပက်ဖျန်းပေးသည်။

အလားတူ မြဝတီမြို့နယ် စုပေါင်းရုံး၊ အခြား လူစည်ကားရာနှင့် လူအများ သွားလာသည့် နေရာများတွင်လည်း ပက်ဖျန်းပေးလျက်ရှိကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

# ရှမ်းပြည်နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အလှူငွေများလှူဒါန်း

**ကျောက်တလုံး မေ ၄**

ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ရည်ရွယ်၍ ပြည်နယ်အစိုးရအဖွဲ့ ထံသို့ မေ ၂ ရက်က တောင်ကြီးမြို့ ပြည်နယ်အစိုးရရုံး ညှိနှိုင်းခန်းမ၌ အလှူရှင်များက လှူဒါန်းသည်။

အဆိုပါလှူဒါန်းပွဲတွင် ကလောမြို့နယ် ရွှေမင်းဘုန်းဒေသ အာရှကမ္ဘာမြေ စက်မှုလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၅၀၊ ဦးလှအောင်-ဒေါ်မီမီသန့် (Inle Resort Hotel) တို့က အလှူငွေကျပ်သိန်း ၅၀၊ တောင်ကြီးမြို့နယ် သမဝါယမအသင်းစုနှင့် အသင်းများမှ အလှူငွေ



ကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်နှင့် အဖွဲ့ဝင်များက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

**မောင်မောင်သန်း(တောင်ကြီး)**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**မင်းလှ မေ ၄**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယမန်နေ့က ပြုလုပ်သည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဦးအောင်ဇော်နိုင်က ပြည်ပနိုင်ငံများမှ ထပ်မံပြန်လည်ရောက်ရှိလာသူများအား စောင့်ကြည့်ရေးစင်တာများတွင် ထားရှိနိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အထွေထွေလုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းကမ်းတကျရှိရှိ လုပ်ဆောင်ရန်၊ လုပ်ငန်းများနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ညွှန်ကြားချက်များအတိုင်းဆောင်ရွက်ရေးနှင့် လူစုလူဝေးဖြစ်ပေါ်နိုင်သည့် အလှူပွဲ၊ မင်္ဂလာဆောင်ပွဲများအား မပြုလုပ်စေရန်၊ ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ကော်မတီဝင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုသာ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးညွန့်က မြို့နယ်အတွင်း ကိုဗစ် -၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်အောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များနှင့် စောင့်ကြည့်ရေးစင်တာ ရှစ်ခုမှ အုပ်ချုပ်ရေးမှူးတို့က လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ ရှစ်ခု၊ ပိုးသတ်ဆေးဖျန်းပုံး ရှစ်ခု၊ လက်သန့်ဆေးရည် ၂၇၀၊ နှာခေါင်းစည်း ခုနစ်ထုပ်၊ ပေါင်ဒါဆေးမှုန့်တို့ကို ဝန်ကြီးဦးအောင်ဇော်နိုင်က မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပေါက်စ - မင်းလှ**



တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဦးအောင်ဇော်နိုင်က ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

# ထားဝယ်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ထားဝယ် မေ ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ငွေနှင့် ကာကွယ်ရေးပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့က ထားဝယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့် အနေဖြင့်သတ်မှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံတွင် အလုပ်သွားရောက် လုပ်ကိုင်သည့် နိုင်ငံသားများ နေရပ်ပြန်ဝင်ရောက်လာသူများအား နေအိမ်အတွင်း ကန့်သတ်စောင့်ကြည့်ခြင်း ထားရှိဆောင်ရွက်ခဲ့ရာမှ ယခုအခါ ပြည်သူလူထု၏ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အအုံများတွင်ထားရှိပေးထားကြောင်း၊ ထားဝယ်ခရိုင်အတွင်း သက်ဆိုင်ရာမြို့နယ်များ၌ ၂၀၉ နေရာအမြန်ဆုံး ဖွင့်လှစ်ပြီး အပြည့်အဝစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေနှင့် ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ရေးပစ္စည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ကျော်က တိုင်းဒေသကြီးအတွင်း ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း (ဝဲပုံ)၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းနှင့် အတွင်းရေးမှူး ဦးခင်မောင်ကျော်တို့က ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။



**ခရိုင် (ပြန်/ဆက်)**

# ကိုဗစ် – ၁၉ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများလှူဒါန်း

**တံတားဦး မေ ၄**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သော လှူဒါန်းပစ္စည်းများနှင့် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားခန်းမ၌ ပြုလုပ်သည်။

အဆိုပါ လှူဒါန်းပွဲတွင် တံတားဦးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏအောင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သော လှူဒါန်းပစ္စည်းများနှင့် ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သော ပစ္စည်းများကိုလည်းကောင်း၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကိုလည်းကောင်း ပေးအပ်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ယာပုံ)**

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာဦးမြင့်ဦးက ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော လှူဒါန်းပစ္စည်းများမှာ နှာခေါင်းစည်း အခု ၂၀၀၀၊ သာမိုမီတာ တစ်ခုနှင့် အခြားအလှူပစ္စည်းများဖြစ်ပြီး ယနေ့အထိ လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၇၅ သိန်းကျော် ရရှိပြီဖြစ်ကြောင်း သိရသည်။

**ရဲတင့်**



# မိုးညှင်းမြို့နယ်ရှိ မြို့မဈေးကြီး အချိန်ပိုင်းဖြင့် ဖွင့်လှစ်ပေး

**မိုးညှင်း မေ ၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ မြို့နယ်စည်ပင်သာယာအဖွဲ့ပိုင် မြို့မဈေးဖွင့်ချိန်ကို မတ် ၃၁ ရက်မှစ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် နံနက် ၅ နာရီမှ ၁၀ နာရီအထိနှင့် ညနေ ၄ နာရီမှ ၆ နာရီ အထိ တစ်ရက်လျှင် အချိန် နှစ်ချိန်ခွဲ၍ ဖွင့်လှစ်မည်ဖြစ်သည်။

ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ အဆိုပါဈေးဖွင့်ချိန်များတွင်လည်း အသား ငါးများ၊ ဟင်းသီးဟင်းရွက်များနှင့် အခြေခံစားသောက်ကုန်များကိုသာ ရောင်းချခွင့်ပြုမည်ဖြစ်ပြီး ပန်းထိမ်လုပ်ငန်းဆိုင်များ၊ အပ်ချုပ်ဆိုင်များ၊ အထည်အလိပ်ရောင်းချသည့် ဆိုင်များနှင့် လူ့အသုံးအဆောင်ပစ္စည်းရောင်းချသည့် ဆိုင်များကို ယခုလကုန်အထိရောင်းချခွင့်ပြုမည် မဟုတ်ကြောင်း ဗီနိုင်းပိုစတာများဖြင့် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဈေးတွင် ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် လက်ဆေးရေကန်များနှင့် လက်သန့်ဆေးရည်များကိုလည်း ဆောင်ရွက်ထားရှိသည်။

**ကျော်ကျော်ထွေး (ပြန်/ဆက်)**

# ကသာမြို့အနီး၌ ရေဝတီမြစ် ရေလမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ကသာ မေ ၄**

ကသာမြို့နယ်အနီး ရေဝတီမြစ်အတွင်း၌ သဲသောင်များ ထွန်းကာ ရေလမ်းကြောင်း ပြောင်းလဲမှုများ ဖြစ်ပေါ်လျက် ရှိသဖြင့် မြစ်ကြောင်းအတွင်း ရေလမ်းပြုပြင်ထိန်းသိမ်းရေး နည်းစနစ်များဖြစ်သည့် မြစ်ကြမ်းပြင် ပြုပြင်ထိန်းသိမ်း နည်းစနစ်၊ ရေမျက်နှာပြင် ထိန်းသိမ်းနည်းစနစ်နှင့် ရေထုထည် စီးဆင်းနှုန်းထိန်းသိမ်းသည့် နည်းစနစ်များဖြင့် ရေလမ်းကြောင်းထိန်းသိမ်းရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် ရေကာဆောက်လုပ်မှုများ ဆောင်ရွက်နေစဉ်

သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာမှုများကြောင့် ကသာမြို့အနီး ရေဝတီမြစ်အတွင်း၌ ရေထုစီးဆင်းမှု ပမာဏ လျော့နည်းလာခဲ့ပြီး သဲနုန်းအနည်ထိုင်မှုများ ဖြစ်လာလျက်ရှိရာ နှစ်စဉ် ပျမ်းမျှကျဆင်းနေသော သဲနုန်း ပမာဏမှာ တန်ချိန် ၂၇၈ သန်းခန့်ရှိကြောင်း၊ သဲနုန်း သောင်များကြောင့် ရေစီးကြောင်းရွေ့လျားမှု ပို၍ဖြစ်ပွား စေပြီး မြစ်ကြမ်းပြင် ပြောင်းလဲမှုများလည်း ဖြစ်ပေါ်စေကာ ပို့ဆောင်ရေးကဏ္ဍအတွက်အကန့်အသတ်များ ရှိလာခဲ့ ခြင်းကြောင့် မြစ်ကြောင်း ရေလမ်းပြုပြင်ထိန်းသိမ်းရေး အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

ကသာမြို့နယ်အနီးရှိ ရေဝတီမြစ်သည် အကျယ် ပေ ၁၀၀၀ ကျော်ရှိကာ ကပ္ပလိပ်ကျေးရွာ အရှေ့ဘက်ရှိ သဲနုန်းသောင်ဖြစ်ပွားမှုများသည့်နေရာ အပါအဝင် မြစ်အတွင်း ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တင်ဒါ အောင်မြင်သော ရွှေစင်လင်းထက်ကုမ္ပဏီက နှစ်တန်းသွား ရေကာ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေကာဆောက်လုပ်မှုတွင် နှစ်တန်းသွားရေကာ GoeBag ခင်း အလျား ၇၀၄ ပေ၊ တစ်တန်းသွားရေကာ Sand Bag ခင်း အလျား ပေ ၇၅၀ နှင့် နှစ်တန်းသွား(၄x၆) မျောတိုင်ရေကာ GoeBag ခင်း အလျား ပေ ၂၄၀၀ တို့ ပါဝင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို မတ် ၁ ရက်က စတင် ဆောင်ရွက်လျက်ရှိပြီး ဇွန် ၃၀ ရက်အထိ လေးလကြာ ဆောင်ရွက်ရန် လျာထားသော်လည်း ရေဝတီမြစ်ရေ အနည်းငယ်တိုးလာလျက်ရှိသဖြင့် အခက်အခဲအနည်းငယ် ရှိလာနိုင်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် အရှည်ဆုံးမြစ်ဖြစ်သော ရေဝတီ မြစ်သည် ရေမိုင် ၂၁၇၀ ရှိပြီး ယခင်က ကုန်စည်သယ်ပို့ရန် ရေလမ်းကြောင်းသွားလာနိုင်သည့် အရှည်မှာ ၁၅၃၄ ကီလိုမီတာ ရှိခဲ့သော်လည်း ယခုနှစ်တွင်မူ ဗန်းမော်မှ ရန်ကုန်အထိ စုစုပေါင်း ရေလမ်းခရီး အရှည် ၁၃၃၂ ကီလိုမီတာကိုသာလျှင် အသုံးပြုနိုင်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# မူဆယ်ခရိုင်မှ တရုတ်နယ်စပ်ဂိတ်ခြောက်ခု၌ လူဝင်ထွက်ခွင့် ယာယီပိတ်လိုက်ပြီး ဂိတ်နှစ်ခု၌သာ ကုန်တင်ယာဉ်များ ဖြတ်သန်းခွင့်ပြုထား

**မူဆယ် မေ ၄**

မူဆယ်ခရိုင်အတွင်းရှိ မြန်မာ-တရုတ် နယ်စပ်ဂိတ် ခြောက်ခုတွင် လူဝင်ထွက်ခွင့်ကို တရုတ်နိုင်ငံဘက်မှ ယာယီပိတ်လိုက်ပြီး ဂိတ်ခြောက်ခုရှိသည့်အနက် ဂိတ်နှစ်ခုမှသာ ကုန်တင်ယာဉ်များ ဖြတ်သန်းခွင့် ပြုထားကြောင်း မူဆယ် ဆန်စပါးကုန်စည်ဒိုင် ဒုတိယ ဥက္ကဋ္ဌ ဦးမင်းသိန်းက မေ ၃ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးအတွက် နယ်စပ်ဒေသ စီမံခန့်ခွဲရေးကို တင်းကျပ်စွာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နယ်စပ်ဒေသ၌ မလိုလားအပ်သော အဝင်အထွက်ကို တင်းကျပ်စွာ ထိန်းချုပ်ပြီး နယ်စပ်ဂိတ်နှင့် နယ်စပ် ဒေသခံများအတွက် ခရီးသည် အဝင်အထွက် လမ်း ကြောင်းကိုပါ မေ ၁ ရက်မှစ၍ ယာယီပိတ်လိုက် ခြင်းဖြစ်ကြောင်း သိရသည်။

"မေ ၁ ရက်ကတည်းက လူဝင် လူထွက် စပိတ်လိုက်တယ်၊ ဒါပေမယ့် ကုန်ကားတွေကိုတော့ မန့်ဝိန်းဂိတ်နဲ့ ကျိန်စန်းကျော့ဂိတ်ကနေ ဝင်ထွက်ခွင့် ပြုထားတယ်၊ ကားတစ်စီးကို ဒရိုင်ဘာတစ်ယောက်ပဲ သွားလို့ရတယ်၊ စပယ်ယာတောင် လိုက်လို့မရဘူး၊ ကုန်သွယ်မှုတော့ လုပ်လို့ရပါတယ်၊ ဆန်တို့ ဆန်ကွဲ တို့ ပဲမျိုးစုံတို့ကတော့ သွားတယ်။ အဝင်အထွက် ရှိပါတယ်"ဟု ဦးမင်းသိန်းက ပြောသည်။

တရုတ်နိုင်ငံအနေဖြင့် မေ ၁ ရက်မှစ၍ မူဆယ် ခရိုင်နှင့် ထိဆက်လျက်ရှိသော ဂိတ်ပေါက်များ ဖြစ်သည့် မန့်ဝိန်းဂိတ်၊ ဆင်ဖြူဂိတ်၊ နန်းတော်ဂိတ်၊ ကျိန်စန်းကျော့ဂိတ်၊ ပန်ဆိုင်း(ကြူကုတ်)ဂိတ်နှင့် မန့်ဟီးရိုးဂိတ်တို့မှတစ်ဆင့် တရုတ်နိုင်ငံနှင့် မြန်မာ နိုင်ငံကြား လူဝင်လူထွက်ကို ခွင့်မပြုတော့ဘဲ ကုန် တင်ယာဉ်များကိုလည်း မန့်ဝိန်းဂိတ်နှင့် ကျိန်စန်း ကျော့ဂိတ် နှစ်ခုမှသာ အဝင်အထွက် ဆက်လက် ခွင့်ပြုထားခြင်းဖြစ်သည်။

ဂိတ်ခြောက်ခုအနက် နှစ်ခုသာ ဖွင့်၍ ကုန်တင် ယာဉ်များ ဝင်ထွက်ခွင့်ပြုခြင်းကြောင့် မေ ၁ ရက်မှ စ၍ ကုန်သွယ်မှု အခြေအနေမှာ ယခင် ၁၀၀ ရာခိုင် နှုန်း ရှိရာမှ ၂၅ ရာခိုင်နှုန်းခန့် ကျဆင်းသွားပြီး ၇၅ ရာခိုင်နှုန်းခန့်သာရှိတော့ကြောင်း မူဆယ် ဆန်စပါး ကုန်စည်ဒိုင်မှ သိရသည်။

လက်ရှိတွင် ကုန်သွယ်မှုအတွက် ဖွင့်ထားသော မန့်ဝိန်းဂိတ်နှင့် ကျိန်စန်းကျော့ဂိတ်တို့မှ တစ်ရက် လျှင် ဖရဲနှင့် သခွားမွှေးကား အစီးရေ ၄၀၀ ခန့်နှင့် ဆန်၊ ဆန်ကွဲနှင့် ပဲမျိုးစုံ ကားအစီးရေ ၂၀၀ ကျော် တင်ပို့လျက်ရှိကြောင်း၊ နယ်စပ်ဂိတ်များတွင် လူဝင် လူထွက်များကို တင်းကျပ်စွာ ထိန်းချုပ်ထားသော ကြောင့် တရုတ်ဝယ်လက်များနှင့် မြန်မာဘက်မှ ကုန်သည်များအနေဖြင့် ဖုန်းဖြင့်သာ ဆက်သွယ်၍ အရောင်းအဝယ်လုပ်နေရကြောင်း ဦးမင်းသိန်းထံမှ သိရသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး တွင် နယ်စပ်ကုန်သွယ်ရေးစခန်း လေးခု ဖွင့်လှစ် ထားပြီး ယင်းတို့မှာ ရှမ်းပြည်နယ်တွင် မူဆယ်နှင့် ချင်းရွှေဟော်၊ ကချင်ပြည်နယ်တွင် ကန်ပိုက်တီးနှင့် လွယ်ဂျယ်တို့ဖြစ်ကာ မူဆယ် နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းသည် ကုန်သွယ်မှုပမာဏ အများဆုံး ဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# လယ်မြေဧက ၂၀၀၀ ကျော်ကို အကျိုးပြုမည့် စခန်းကြီးရွာ ကုန်ထုတ်လမ်း ရာနှုန်းပြည့်ပြီးစီး

**သရက် မေ ၄**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် စခန်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ လယ်မြေဧက ၂၀၀၀ ကျော်ကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ စခန်းကြီးကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် တစ်မိုင် နှစ်ဖာလုံကျော်နှင့် အကျယ် ၁၂ ပေရှိပြီး ကျောက်ရောမြေပေါ်တွင် မြေနီ ကျောက်စရစ်ခင်းလမ်းဖြစ်ကာ လမ်းပေါ်၌ ရေထုတ်ပြွန်တစ်စင်းလည်း ပါဝင်ကြောင်း၊ လမ်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၄၀ ဒသမ ၃၅၇ သန်းဖြင့် တင်ဒါခေါ်ယူ ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသိန်းဇော်ထွန်းက ပြောသည်။ အဆိုပါ ကုန်ထုတ်လမ်းလုပ်ငန်း ပြီးစီးသွားသဖြင့် စခန်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ လယ်မြေဧက ၂၂၅၀ ကျော်မှ ထွက်ရှိသော လယ်ယာထွက်ကုန်များကို မြို့ပြဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား စီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်/ထွက်ကုန်များကို ကုန်ကျစရိတ် သက်သာစွာဖြင့် ဈေးကွက်သို့ ချောမွေ့စွာ ရောက်ရှိစေရေးအတွက် ကုန်ထုတ်လမ်းနှင့် တံတားများ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးက ပြောကြားသည်။

**သန်းလွင်(မကွေး)**

# ထီးလင်း၌ နွေရာသီ ရေပြတ်လပ်မှုမရှိစေရန် ကျေးရွာရေပေးရေးလုပ်ငန်း ဆောင်ရွက်

**ထီးလင်း မေ ၄**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ရေမျက်နီကျေးရွာ၌ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ် စက်ဝန်းမှ ထောက်ပံ့ငွေဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် အဆိုပြုရွေးချယ် ထားသည့် ကျေးလက်ရေပေးဝေရေး လုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းရုံးက မေ ၃ ရက်မှစ၍ အကောင် အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးလက်ရေပေးဝေရေးလုပ်ငန်းကို မြို့နယ် လူထုဗဟိုပြုစီမံကိန်း ရုံး၏ အနီးကပ် ကြီးကြပ်မှုဖြင့် စက်ယန္တရားများအသုံးပြု၍ ဆောင်ရွက်နေပြီး အချင်း ၁၅ ပေ၊ အနက် ၂၅ ပေရှိ ရေတွင်းတူးဖော်၍ မော်တာဖြင့် ရေစုပ်ယူကာ အမြင့် ခြောက်ပေရှိ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်ပေါ်သို့တင်၍ အဆိုပါရေကန်မှ တစ်ဆင့် အရှည် ပေ ၂၁၀၀၀ ရှိသော ပိုက်လိုင်းများဖြင့် အိမ်တိုင်ရာရောက် ရေပေးဝေနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းကို လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်းမှ ထောက်ပံ့ငွေ ကျပ် ၃၈၂ သိန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းများ ပြီးစီး သွားပါက ရေမျက်နီကျေးရွာရှိ အိမ်ထောင်စု ၃၄၄ စု၊ လူဦးရေ ၁၇၁၁ ဦးအတွက် ရာသီမရွေး သောက်သုံးရေလုံလောက်စွာ ရရှိစေမည်ဖြစ်သည်။

ထီးလင်းမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်းအရ လုပ်ငန်းပေါင်း ၁၂၀ ခုကို ကျေးရွာပေါင်း ၉၃ ရွာ၌ ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းအမျိုးအစားများအနေဖြင့် ရွာတွင်းလမ်းပြုပြင်ခြင်းလုပ်ငန်း ရှစ်ခု၊ ၁၀ မီတာအောက် ကွန်ကရစ်တံတားနှင့် သစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်း လေးခု၊ ပညာရေးဆိုင်ရာ အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း လေးခု၊ ကျေးရွာရေရရှိရေးလုပ်ငန်း ရှစ်ခု၊ ကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ၅၁ ခု၊ လမ်းဘေး ကျောက်စီရေမြောင်းနှင့် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ၁၇ ခု၊ ကျေးရွာ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ၂၄ ခုနှင့် အခြားလုပ်ငန်း ငါးခုဖြစ်ကြောင်း၊ လုပ်ငန်းများကို ကျေးရွာလူထုကိုယ်တိုင် ဦးစားပေးရွေးချယ်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ထီးလင်းမြို့နယ် လူထု ဗဟိုပြုစီမံကိန်းရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



ရေပိုက်လိုင်းများ မြှုပ်နှံသွယ်တန်းရန် မြောင်းများတူးဖော်နေစဉ်

# မလှိုင်မြို့နယ်မှ ကျေးရွာသစ်လွှပ်ရှားမှု စီမံကိန်းအတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၃၀၀ ပေးအပ်

**မလှိုင် မေ ၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရေချိုဘူတာကျေးရွာအုပ်စု သပြေပင် ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရ ထောက်ပံ့ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းအတွက် ရန်ပုံငွေ ပေးအပ်ပွဲကို မေ ၃ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းအရ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ကျေးရွာ ဝင်ငွေတိုးတက်ရေးလုပ်ငန်းအတွက် ကျပ်သိန်း ၁၂၀ နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး ကဏ္ဍအတွက် ကျပ်သိန်း ၃၀၊ စုစုပေါင်း ကျပ်သိန်း ၃၀၀ ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်း၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်နှင့် ခရိုင် စိုက်ပျိုးရေးဦးစီး ဌာနမှူး ဦးစိုးသိန်းတို့က သပြေပင်ကျေးရွာ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း ကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က အမှာစကား ပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးသိန်းက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းယုက ဝင်ငွေတိုးရေး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအကြောင်း ဆွေးနွေး ခဲ့သည်။ ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါအကြောင်းနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ သိကောင်းစရာ များကို ဟောပြောခဲ့သည်။

**အောင်ငွေး(မလှိုင်)**

# ကိုဗစ်-၁၉ ဆိုင်ရာ သီးသန့်ထား စောင့်ကြပ်ကြည့်ရှုရန် လူဦးရေ ၃၂၀ ဆံ့သောနေရာကို အမရပူရမြို့နယ်ရှိ မန္တလာဒီဂရီကောလိပ်၌ တိုးချဲ့သွားမည်

**မန္တလေး ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ကာကွယ်ရေးအတွက် ပြည်ပ၊ နယ်စပ်နှင့် ပြည်တွင်း နေရာအချို့မှ မန္တလေးတိုင်းဒေသကြီးသို့ ဝင်ရောက်လာသူများအား သီးသန့်ထား၍ စောင့်ကြည့်ရန် နေရာသစ်တစ်ခုအဖြစ် အမရပူရမြို့နယ်ရှိ မန္တလာဒီဂရီကောလိပ်ကျောင်း၌ ကြိုတင်ပြင်ဆင်မှုများကို ဧပြီ ၂ ရက်က ဆောင်ရွက်ထားကြောင်း သိရသည်။

ပြည်ပနှင့် ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့တို့မှ မန္တလေးတိုင်းဒေသကြီးအတွင်း ပြန်လည်ဝင်ရောက်လာသူများအား ယခင်က ကန်တော်ကြီး သံဃာ့ဆေးရုံ၌ သီးသန့်ထား၍ စောင့်ကြပ်ကြည့်ရှုခဲ့ကာ အဆိုပါ သံဃာ့ဆေးရုံ၌ လူဦးရေ ၁၇၀ အဆင်သင့်နေထိုင်နိုင်ရန်နှင့် စားသောက်နိုင်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း(MBCCD) လီမိတက်က လှူဒါန်းထားကြောင်း၊ လက်ရှိအချိန်တွင် အဆိုပါ ကန်တော်ကြီး သံဃာ့ဆေးရုံ၌ လူပြည့်လုနီးပါး ဖြစ်လာသည့်အတွက် နောက်ထပ်ရောက်လာမည့်သူများအား လက်ခံနိုင်ရန် မန္တလာဒီဂရီကောလိပ်ကျောင်း၌ လူဦးရေ ၃၂၀ ဆံ့သော နေရာသစ်ကို ထပ်မံ ပြင်ဆင်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ပမှ ပြန်လာသူများအား သီးသန့်ထား စောင့်ကြပ်ကြည့်ရှုရာတွင် ၎င်းတို့ အဆင်ပြေစွာ နေထိုင်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရတို့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး အမရပူရ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကလည်း လူဦးရေ ၃၂၀ အတွက် မွေ့ယာနှင့် ခေါင်းအုံးများ အပါအဝင် အဆင်သင့်နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များကို လှူဒါန်းထားကြောင်း သိရသည်။

စောင့်ကြည့်မည့်သူများအား ထားရှိရန်အတွက် မန္တလေး မန္တလာဒီဂရီကောလိပ်၌ ကြိုတင်ပြင်ဆင်နေသည့် အခြေအနေများကို မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးတို့က ဧပြီ ၃ ရက်က သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

**အောင်စံမောင်**

# ပဲခူးမြို့၌ မြဝတီမှပြန်လာသူများအား သီးသန့်ထား၍ စောင့်ကြပ်ကြည့်ရှုနေ

**ပဲခူး ဧပြီ ၄**

မြဝတီမြို့နှင့် နယ်စပ်မှ ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ပြန်လာသည့် နေရပ်ပြန်ပြည်သူများသည် ဧပြီ ၂ ရက် ည ၈ နာရီခန့်က ပဲခူးမြို့သို့ ရောက်ရှိလာရာ ၎င်းတို့အား ဟသ်ာကုန်းရပ်ကွက် အသောက ဘုန်းကြီးကျောင်း၌ သီးသန့်ထားရှိ၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးအခြေအနေ စောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။



မြဝတီမှပြန်လာသော ပြည်သူများအား ကိုယ်အပူချိန်တိုင်း၍ ကျန်းမာရေးစစ်ဆေးပေးနေစဉ်

ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ပြန်လာသည့် နေရပ်ပြန်ပြည်သူများမှာ စုစုပေါင်း ၄၀၀ ခန့်ရှိပြီး မှန်လုံကား ၁၀ စီးဖြင့် ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အသောက ဘုန်းကြီးကျောင်း၌ ထားရှိကာ အဆိုပါ နေရပ်ပြန်ပြည်သူများအား တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ မြို့နယ်များသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ရေးအတွက် ပဲခူးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ပဲခူးမြို့မှ ပရဟိတအဖွဲ့များ ပူးပေါင်း ဆောင်ရွက်ပေးနေပြီး ကျန်းမာရေးစောင့်ရှောက်မှုများလည်း ပြုလုပ်ပေးလျက်ရှိသည်။

**ဟိန်းထက်(ပဲခူး)**

# ကလေးမြို့ပေါ် လမ်းမကြီးများနှင့် လူစည်ကားရာနေရာများ၌ ညစဉ် ပိုးသတ်ဆေးဖျန်းနေ

**ကလေး ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်နိုင်ရေးအတွက် မြို့တွင်း လူစည်ကားရာ လမ်းမကြီးများ၊ အထင်ကရနေရာများ၌ မီးသတ်ယာဉ်ဖြင့် ပိုးသတ်ဆေးဖျန်းခြင်းကို မတ် ၃၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ညစဉ် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ကလေးခရိုင်အဆင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းကော်မတီနှင့် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီတို့က ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်ပြီး ပိုးသတ်ဆေးဖျန်းခြင်းကို အဓိကလမ်းမကြီးများဖြစ်သော ဗိုလ်ချုပ်လမ်းမကြီး၊ ဘုရင့်နောင်(နတ်ချောင်း)လမ်း၊ မြို့အဝင် စစ်ဆေးရေးဂိတ်၊ မြို့ထွက် ကလေးဝလမ်း၊ ပင်လုံ လမ်းမတော်လမ်း၊ ချင်းတောင်နယ်စပ် ကိုးမိုင် စစ်ဆေးရေးဂိတ်၊ မြို့မဈေး၊ မီးခွက်ဈေး၊ လေယာဉ်ကွင်း၊ ပင်မ ယာဉ်ရပ်နားစခန်း၊ အိုးအိမ်ဝန်ထမ်းအိမ်ရာ၊ ကားလေးကွင်း၊ နိုင်ငံခြားမှ ပြန်လာသူများအား စောင့်ကြည့်နေသော သီတဂူ အာရောဂျဒါန ဆေးရုံတော်ကြီး၊ ကျောက်ဂူတောရဘုန်းတော်ကြီးကျောင်း၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ စုပေါင်းရုံးခန်းမနှင့် မြန်မာ့ စီးပွားရေးဘဏ် စသည့်နေရာများ၌ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကလေးမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မြို့အဝင်အထွက် အထူးစောင့်ကြပ်စစ်ဆေးခြင်း လုပ်ငန်းများကိုလည်း နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကာ နိုင်ငံရပ်ခြားမှ ပြန်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်၍ ၁၄ ရက် သီးသန့်ထား စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ဧပြီ ၃ ရက် နံနက်အထိ စောင့်ကြည့်နေသူ ကျား ၁၄၆ ဦးနှင့် မ ၂၈ ဦး ရှိကြောင်း သိရသည်။

**ချင်းတွင်းသား**

# သုဝဏ္ဏဝတီမြို့၌ ပြည်ပမှပြန်လာသူ ၂၂၂ ဦးအား သီးသန့်ထား၍ စောင့်ကြည့်လျက်ရှိ

**သုဝဏ္ဏဝတီ ဧပြီ ၄**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်ပြီး ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာက စာရင်းကောက်ယူ၍ မတ် ၂၂ ရက် နောက်ပိုင်း နေရပ်ပြန်သူများအား သတ်မှတ်ထားသော နေရာနှစ်ခု၌ သီးသန့်ထား၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စောင့်ကြပ်ကြည့်ရှုမှုများ ပြုလုပ်လျက်ရှိရာ ဧပြီ ၃ ရက်အထိ စောင့်ကြည့်ခံနေသူ စုစုပေါင်း ၂၂၂ ဦးရှိကြောင်း သိရသည်။

သက်ဆိုင်ရာအနေဖြင့် စောင့်ကြည့်စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရောက်ရှိလာသည့်ပြည်သူများအား စနစ်တကျလက်ခံ၍ လိုအပ်သော ထောက်ပံ့မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများလည်း ပြုလုပ်ပေးထားကြောင်း၊ သိမ်ဆိပ်(အထက)ကျောင်း၌ သိမ်ဆိပ်ရပ်ကွက် အပါအဝင် တံတားဦး၊ မိုးကောင်း၊ ချောင်းစောင့်၊ ဒုံဝန်း ကျေးရွာအုပ်စုများမှ နေရပ်ပြန် ၁၅၁ ဦးအား စောင့်ကြည့်လျက်ရှိပြီး ကျိုက္ကော်(အထက)ကျောင်း၌ ကျိုက္ကော်နှင့် တောင်ကြားရပ်ကွက် အပါအဝင် နောင်ဘို၊ ဝင်းပ ကျေးရွာအုပ်စုများမှ နေရပ်ပြန် ၇၁ ဦးအား စောင့်ကြည့်နေကြောင်း သိရသည်။

စောင့်ကြည့်ခံနေသည့် ပြည်သူများအတွက် လိုအပ်သော သောက်သုံးရေများ၊ အစားအသောက်များကို အလှူရှင်များက လှူဒါန်းပေးလျက်ရှိရာ အဆိုပါ အလှူရှင်များနှင့်အတူ လုပ်အားပေးများ၊ ပရဟိတ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဂုဏ်ပြုပါကြောင်း သုဝဏ္ဏဝတီမြို့ အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ဝင်းက ပြောကြားသည်။

သုဝဏ္ဏဝတီမြို့မှ စောင့်ကြည့်နေသည့် နေရာနှစ်ခုအပြင် မွန်ပြည်နယ် သထုံမြို့နယ်တစ်ခုလုံးအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် နေရပ်ပြန်ပြည်သူများအား သီးသန့်ထား စောင့်ကြည့်သည့်နေရာ စုစုပေါင်း ၁၅ ခု ဖွင့်လှစ်ထားရာ ဧပြီလ ၂ ရက်အထိ စာရင်းအရ စုစုပေါင်း ကျား၊ မ ၇၉၉ ဦးရှိကြောင်းနှင့် အားလုံး ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်များအရ သိရသည်။ အဆိုပါ သတ်မှတ်နေရာများတွင် စောင့်ကြည့်ခံနေသူများအား ကျန်းမာရေးစစ်ဆေးမှုများကို ကျန်းမာရေးဝန်ထမ်းများက တစ်နေ့လျှင် နှစ်ကြိမ် ဆောင်ရွက်ပေးလျက်ရှိကာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကလည်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## သတင်းတိုများ

### ဖြူးမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ကုသရေးလုပ်ငန်းအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်

**ဖြူး ဧပြီ ၄**

တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေနှင့် လိုအပ်လျက်ရှိသော ပစ္စည်းများကို အလှူရှင်များက နေ့စဉ် လာရောက် လှူဒါန်းလျက်ရှိရာ မတ် ၂၀ ရက်မှ ဧပြီ ၂ ရက်အထိ အသက်ရှူစက်(Ventilator)၊ အဲယားကွန်း၊ PPE ဝတ်စုံများ၊ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ အပူချိန်တိုင်းကိရိယာနှင့် သောက်ရေသန့်စက်များကိုလည်းကောင်း၊ သီးသန့်ထား စောင့်ကြပ်ကြည့်ရှုခံနေသူများအတွက် နံနက်စာ၊ နေ့လယ်စာနှင့် ညစာ အလှူငွေများကိုလည်းကောင်း အလှူရှင်အသီးသီးမှ လှူဒါန်းပေးလျက်ရှိရာ အလှူငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်း ကျပ် ၅၀၅ သိန်းကျော် ရရှိထားပြီးဖြစ်ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဟားခါး၌ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေး

**ဟားခါး ဧပြီ ၄**

ဟားခါးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဧပြီ ၃ ရက်က ဟားခါးမြို့ရှိ ခရိုင်စုပေါင်းရုံးနှင့် ပြည်နယ်မီးသတ်ဦးစီးဌာနရုံး၌ ဖြန့်ဝေပေးခဲ့ကြောင်း၊ အဆိုပါ လက်ကမ်းစာစောင်များကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လှူဒါန်း၍ ဦးစီးဌာနမှတစ်ဆင့် ပြည်သူများထံ ဆက်လက်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ရေဇွာမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေး အရှိန်မြှင့်ဆောင်ရွက်နေ

**ရေဇွာ ဧပြီ ၄**

ချင်းပြည်နယ် ရေဇွာမြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်းအောင်လိန်း၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူငယ်အသင်းအဖွဲ့တို့ ပူးပေါင်း၍ ပြည်သူများအား အသိပညာပေးဟောပြောခြင်းကို ဧပြီ ၃ ရက်က မြို့အဝင်/အထွက်နှင့် ခြောက်လမ်းဆုံတို့၌ ဆောင်ရွက်ခဲ့သလို ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်း လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ရေဇွာမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ဘုရားရှိခိုးကျောင်းများ၊ ရိုးရာပွဲတော်များ၊ လက်ထပ်ထိမ်းမြားခြင်းအစီအစဉ်များ၊ အခမ်းအနားများနှင့် လူစုလူဝေးများ မပြုလုပ်ကြရန် တားမြစ်ထားပြီး ပြည်ပနိုင်ငံများမှ ရေဇွာမြို့သို့ ပြန်လည်ရောက်ရှိလာသူများကိုလည်း ၁၄ ရက် သီးသန့်ထား၍ စောင့်ကြည့်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဖာပွန်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ပိုးသတ်ဆေးဖျန်း

**ဖာပွန် ဧပြီ ၄**

ကရင်ပြည်နယ် ဖာပွန်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်သည့်အနေဖြင့် ပိုးသတ်ဆေးဖျန်းခြင်းကို ဧပြီ ၂ ရက် ညပိုင်းက ဆောင်ရွက်ခဲ့သည်။ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဖာပွန်မြို့မှ ဦးစိုးဝင်း ဦးဆောင်သည့် ပရဟိတအဖွဲ့နှင့် ကြက်ခြေနီလူငယ်များ ပူးပေါင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ပြည်သူ့စာကြည့်တိုက်တွင် လာရောက်၍ စာငှား၊ စာဖတ်သူများအတွက် ရောဂါကာကွယ်နိုင်ရန် ရည်ရွယ်ပြီး ဆေးဖျန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပုပ္ပားတောင်ကလပ်၌ ပိုးသတ်ဆေးများဖျန်း

**ကျောက်ပန်းတောင်း ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ နယ်မြေခံတပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဧပြီ ၃ ရက်က ပုပ္ပားတောင်ကလပ်ရှိ ကုမာရာရာမကျောင်းတိုက်နေ သံဃာတော်များအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးပြီးနောက် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် တောင်ကလပ်ပေါ်၌ ပိုးသတ်ဆေးများလည်း ဖျန်းပေးခဲ့သည်။

သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဖျန်းခြင်းတို့ကို နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်ကျော်ကျော်ဦး ဦးဆောင်သည့် တပ်မတော်အရာရှိနှင့် တပ်ဖွဲ့ဝင် ၂၃ ဦးက ဆောင်ရွက်ပေးခြင်းဖြစ်ပြီး သံဃာတော် ၁၁ ပါးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သလို ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေး လုပ်ငန်းတစ်ရပ်အဖြစ် တောင်ကလပ် အတက်/အဆင်းလမ်းများ၊ အလှူခံဌာနများ၊ နတ်နန်းများနှင့် တောင်ထိပ်နန်းများ စသည့်နေရာများ၌ ပိုးသတ်ဆေးများဖျန်းပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

# သာပေါင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် ငွေကျပ်သိန်း ၁၂၀ နှင့် တစ်ကိုယ်ရေသုံးဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်

သာပေါင်း မေ ၄

ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်သည် သာပေါင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေး အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ်သိန်း ၁၂၀၊ PPE ဝတ်စုံ ၅၅ စုံ၊ နှာခေါင်းစည်း ၁၀၀၀ တို့ကို ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် အတွင်းရေးမှူး ဒေါ်မီမီခိုင်တို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးသည် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ပြည်သူများအကြားတွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် မြို့နယ်အဆင့် ဌာနဆိုင်ရာများ အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် သာပေါင်းမြို့ ငဝန်မြစ်ကမ်းနားတစ်လျှောက်နှင့် ရေဆင်းဆိပ်ခံတံတားများအား ပိုးသတ်ဆေးများ ဖျန်းနေခြင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ လေဘေးဒဏ်ခံနိုင်ရန် ဆောင်ရွက်လျက်ရှိသော သုံးအိမ်စုကျေးရွာနှင့် ခေးနန်အောက်စုကျေးရွာတို့တွင် အိမ်ဆောက်ပစ္စည်း ထောက်ပံ့ထားမှုများကို လည်းကောင်း၊ သာပေါင်းမြို့ ပြည်သူ့ဆေးရုံနှင့် လေ့ကြီးတက်စက္ကူစက်ရုံပိုင် (၂၅)ခုတင်ဆံ့ ဆေးရုံများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုဖြစ်ပွားလာပါက စောင့်ကြည့်လူနာများ အသင့်ထားရှိနိုင်ရန် ပြင်ဆင်ထားမှုများကို လည်းကောင်း စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ပညာပေးလုပ်ငန်းအရှိန်မြှင့်ဆောင်ရွက်

ရမည်းသင်း မေ ၄

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးအောင်ကြည်သည် ရမည်းသင်းမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ပညာပေးလုပ်ငန်းအရှိန်မြှင့် ဆောင်ရွက်ခြင်းကို ယမန်နေ့က လှည့်လည်ကြည့်ရှုသည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်၊ ပညာပေးလုပ်ငန်း အရှိန်မြှင့်ဆောင်ရွက်ရာတွင် ရမည်းသင်းမြို့နယ်အတွင်းရှိ အသွားအလာ ကန့်သတ်စောင့်ကြည့် စခန်းများမှ ပြည်သူများကို အသိပညာနှင့် အားပေးစကားပြောကြားပြီး **(အပေါ်ယာပုံ)** တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် ဦးအောင်မျိုးဦး၊ မြို့နယ်စောင့်ကြပ်ကြည့်ရှုကုသရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းဟန်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မြင့်မြင့်မော်၊ ဝန်ထမ်းများနှင့် မြို့မိမြို့ဖများက အင်းပေါင်ကျေးရွာ၊ ဆတ္တိုးကြီး ကျေးရွာ၊ ရွှေနတ်တောင်အရှေ့ ကျေးရွာ၊ ဇလုပ်ကြီးကျေးရွာ၊ သပြေလှ ကျေးရွာ၊ သဲရေကျေးရွာ၊ အင်းကုန်း ကျေးရွာ၊ ရွှေသန်းပင်ကျေးရွာ၊ မြိုင်သာယာကျေးရွာ၊ ရွှေမေတ္တာကျေးရွာ၊ ကန္နီ ကျေးရွာ၊ လက်ပွဲခါးလှကျေးရွာနှင့် ကတင်ကျေးရွာတို့ရှိ စောင့်ကြည့် စခန်းများတွင် ပြည်ပနိုင်ငံများမှ ပြန်လာသူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်အတိုင်း လိုက်နာဆောင်ရွက်ရေးတို့ကို ရှင်းလင်းပြောကြားပြီး တစ်ဦးလျှင် ဆန်တစ်ပြည်၊ ဆီ ၂၅ ကျပ်သား၊ ကြက်ဥငါးလုံး၊ ကော်ဖီမစ်ငါးထုပ်၊ ခေတ်ဆားငါးထုပ်၊ ခေါက်ဆွဲခြောက်ငါးထုပ်၊ ဆပ်ပြာခွက်နှင့် ဆပ်ပြာတစ်ခဲ၊ မုန့်ငါးထုပ်နှင့် ဖုန်းဘေတစ်ထောင်တန် တစ်ကတ်စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရမည်းသင်း မြို့နယ်အတွင်း ဇန်နဝါရီ ၂၇ ရက်မှ မေ ၃ ရက်အထိ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူ ၄၂၈၀ မှ သတ်မှတ်စောင့်ကြည့်ရက်ပြည့်၍ ပြန်လည်စေလွှတ်သူ ၂၃၃၃ ဦးရှိပြီး အသွားအလာကန့်သတ်စောင့်ကြည့်သည့်စခန်း ၁၀၂ ခု ဖွင့်လှစ်ပြီး ကန့်သတ်စောင့်ကြည့်သူ ၁၃၄၂ ဦးနှင့် နေအိမ်၌ အသွားအလာ ကန့်သတ်စောင့်ကြည့်သူ ၆၁၅ ဦး ရှိကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနတို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေး ၂၇၁၁ ကြိမ်၊ အသိပညာပေးလက်ကမ်းစာစောင် ၆၁၇၁၃ စောင် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက ပြောသည်။

**ဇော်ဝင်းအောင်**
**(ရမည်းသင်း)**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး မြန်မာ့စီးပွားရေးဘဏ် မွန်ပြည်နယ်ရုံးနှင့် ဘဏ်ခွဲ(၁)၊ (၂) တို့အား ပိုးသတ်ဆေးဖျန်း



မော်လမြိုင် မေ ၄

ကိုရိုနာဗိုင်းရပ်စ် ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်နိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ် မွန်ပြည်နယ်ရုံးနှင့် ဘဏ်ခွဲ(၁)၊ (၂)တို့အား ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

မြန်မာ့စီးပွားရေးဘဏ် မွန်ပြည်နယ်ရုံးအား ပိုးသတ်ဆေးဖျန်းခြင်းကို မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှ မေ ၃ ရက် ညနေပိုင်းက ဆောင်ရွက်ခဲ့ပြီး ဘဏ်ခွဲ(၁)၊(၂)အား ဒုတိယအကြိမ် ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များက လာရောက်ပက်ဖျန်းခဲ့ကြသည်။

မွန်ပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ပိုးသတ်ဆေးဖျန်းခြင်းအပြင် ပင်စင်လစာထုတ်ယူကြသည့် အငြိမ်းစားဝန်ထမ်းများ၊ ဘဏ်နှင့် ဆက်သွယ်သူများ၊ ငွေသွင်း/ ငွေထုတ် လာရောက်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းတို့ကို အစိုးရရုံးဖွင့်ရက်များတွင် ဆောင်ရွက်ပေးလျက်ရှိပြီး ဘဏ်အဝင်ဝတွင် လက်များသန့်စင်စွာ ဆေးကြောနိုင်ရန်အတွက် လက်ဆေးဆပ်ပြာရည်နှင့် လက်ဆေးဘေစင်များကိုလည်း ထားရှိဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝေလင်း (ပြန်/ဆက်)

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ခေတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

## ဒေါ်အမာလေး(ခ)ဒေါ်အမာဆွေ

### အသက်(၈၉)နှစ်

ကျိုက်လတ်မြို့နေ(ဦးဒီလုံး-ဒေါ်နှင်းအေး)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ် ၆၀၂၊ ဗိုလ်ရွှေဗျိုင်းလမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဦးတင်ဝင်-ဒေါ်ရီရီသင်း(Singapore)၊ (ဦးတက်တိုး)-ဒုရဲမှူးဒေါ်ညွန့်ညွန့်ဝင်း(ငြိမ်း)၊ ဦးရွှေဝင်း[က.က-ငွေ(ငြိမ်း)] - ဒေါ်မြင့်မြင့်သန်း[ကက-ငွေ(ငြိမ်း)]၊ ဦးလှမင်းထွေး(အကောက်ခွန်ဦးစီးဌာန)-ဒေါ်မြမြဝင်း[ကက-ငွေ(ငြိမ်း)]၊ ဦးခင်အောင်(အာရှတော်ဝင်ဆေးရုံ)-ဒေါ်မြင့်မြင့်ဝင်း(N.H.L)တို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏ ဘွားဘွားကြီး၊ ဦးသန်းဆွေ[ဟိုတယ်/ခရီး(ငြိမ်း)]၏ ဇနီး၊ ဒေါ်အမာလေး(ခ)ဒေါ်အမာဆွေသည် ၄-၄-၂၀၂၀ရက်(စနေနေ့) ညနေ ၆:၅၅နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၅-၄-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဇာနည်ဘွဲ့ရ **ဗိုလ်မှူးချုပ်သာဌေး**

ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူး(ငြိမ်း)

အသက်(၈၇)နှစ်

၂၈-၃-၂၀၂၀ရက်(စနေနေ့)တွင် ကွယ်လွန်သွားခဲ့သော ဗိုလ်မှူးချုပ်သာဌေး(ငြိမ်း)၏ ဈာပနသို့ လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ တပည့်သားမြေးအားလုံးတို့အားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍သော်လည်းကောင်း အားပေးစကားပြောကြားခဲ့သော ဆွေမျိုးမိတ်သင်္ဂဟသူငယ်ချင်းများနှင့်တပည့်သားမြေးများအားလုံးကိုလည်းကောင်း၊ ရက်လည်ဆွမ်းကျွေးသို့ ကြွရောက်လာကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် တကွ ရပ်ကွက်တွင်းရှိ သာသနဟိတကာရီဓမ္မာရုံမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်တင်အေး(ဘိုကလေး)

### အသက်(၈၄)နှစ်

ဘိုကလေးမြို့နယ်၊ ငါးပိချောင်ကျေးရွာအုပ်စု၊ ကွမ်းယာကမ်းကြီးကျေးရွာနေ (ဦးမြဟန်)၏ဇနီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၃၀၁)၊ မင်းရဲကျော်စွာလမ်းနေ ဦးနေဦး-ဒေါ်သန်းသန်းဌေးနှင့်သားသမီး (၁၂)ယောက်တို့၏မိခင်ကြီး၊ မြေး(၂၅)ယောက်၊ မြစ်(၁၂)ယောက်တို့၏ဘွားဘွားကြီးသည် ၄-၄-၂၀၂၀ရက်(စနေနေ့) နံနက် ၄:၁၅နာရီတွင် ဝိတိုရီယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၂၀ ရက်(တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်လွင်လွင်မော်(ခ)မေလင်းလင်းဉာဏ်

Perth, Australia

### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ်(၈၂၊ A)နေဦးဉာဏ်ဝင်း-ဒေါ်ယုယုမော်တို့၏သမီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၆၂၊ A)နေ ဦးမြင့်စိုး(Yandayar Trading Co.,Ltd)-ဒေါ်ကြည်ကြည်ဝင်းတို့၏သမီးချွေးမ၊ ဦးဟိန်းစိုး၏ချစ်လှစွာသောဇနီး၊ Shantelle (ခ)မေလင်းဟိန်းစိုး၊ Dannielle(ခ)မေသူဟိန်းစိုးတို့၏ ချစ်လှစွာသော မိခင်၊ ဦးစိုးမြင့်-ဒေါ်ချယ်ရီဝင်းတို့၏ညီမ၊ ဦးလွင်မောင်-ဒေါ်ဝေဝေလှိုင်တို့၏ အစ်မ၊ ဦးမြတ်သူ-ဒေါ်သီတာထွန်းတို့၏အစ်မ၊ တူမ ငါးယောက်၊ တူ နှစ်ယောက်တို့၏ အဒေါ်သည် ၃-၄-၂၀၂၀ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ရေဝေး သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၂၀ရက် (ကြာသပတေးနေ့)တွင် အထက်ပါဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီး ခင်မောင်ဆွေ(ငြိမ်း)**

**သူ့ရဲကောင်းမှတ်တမ်းဝင်**

**ဒုတိယတိုင်းမှူး(ငြိမ်း) အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) စက်မှုဝန်ကြီးဌာန**

**အသက်(၈၇)နှစ်**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူး(ငြိမ်း)တာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်မှူးကြီးခင်မောင်ဆွေ(ငြိမ်း) သူ့ရဲကောင်းမှတ်တမ်းဝင် ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) စက်မှုဝန်ကြီးဌာန၊ (ဒေါ်ကြင်ကြင်ဆွေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကြီးစံလွင်(ငြိမ်း)-ဒေါ်စန္ဒာ၊ ဦးညီညီဆွေ-ဒေါ်မြတ်ငြိမ်းအေး(YCDC၊ ယာဉ်ဌာန)၊ ဦးအောင်ဝဏ္ဏဆွေတို့၏ ချစ်လှစွာသောဖခင်သည် ၃၁-၃-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်စိုးနိုင်(ငြိမ်း)-ဒေါ်တင်တင်လတ် မိသားစု၊
နေပြည်တော်။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးသောင်း(ဇလွန်)

အောင်ဆန်း(၄)ဖောင်ကြီး၊

ဒု-ဌာနမှူး(ငြိမ်း)၊ ဈေးများဌာန၊

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အသက်(၇၈)နှစ်

ဇလွန်မြို့၊ နန်းတော်ကျွန်းနေ(ဦးသိန်းစံ-ဒေါ်ညွှန့်ရီ)တို့၏သား၊ ဦးသိန်း-ဒေါ်အေးမြင့်၊ ဦးအောင်ကျော်(ဥပဒေအရာရှိ-ငြိမ်း)-ဒေါ်အေးအေးစန်း (အလယ်တန်းပြ-ငြိမ်း)၊ ဦးညိုစိမ့်-ဒေါ်တင်တင်ရီတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မယ်ဇီကုန်းလမ်း၊ Royal 62 Condo နေဒေါ်ကြည်ကြည်မြင့်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်အောင်လွင်(ညွှန်မှူး၊အကောက်ခွန်ဦးစီးဌာန)-ဒေါက်တာစိန်စိန်မြင့်(ကထိက၊ သတ္တဗေဒဌာန၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်)၊ ဦးရဲအောင်လွင်(EO၊ ကမာရွတ်မြို့နယ်YCDC)-ဒေါ်နွယ်နီနီထွန်း(မန်နေဂျာ၊ AGD၊ ရွှေဘုံသာဘဏ်ခွဲ)တို့၏ဖခင်၊ မောင်သီဟထက်နိုင်(Final Year Mechnical-WYTU)၊ မောင်ဇေယံထက် Grade-XI အထက(၁)ဒဂုံ၊ မသန့်ဖြူစင် Grade-X အထက(၂)ကမာရွတ်၊ မောင်ဇေသန့်ပိုင် Grade-V အထက(၁)ဒဂုံတို့၏ အဘိုးသည် ၃-၄-၂၀၂၀ရက်(သောကြာနေ့)ည ၉:၄၅နာရီတွင် အာယုအင်တာနေရှင်နယ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၀ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှမြင့်လေး အသက်(၇၀)

(B.Sc,Phys)(1973) မကွေးကောလိပ်

ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကြေး/မြေ ရုံးချုပ်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ IBPရပ်နေ (ဦးအုန်းရွှေ-ဒေါ်သိန်း)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ၊ အခန်း(၁၀၅)နေ (ဦးထူး-ဒေါ်ညွန့်ညွန့်)တို့၏ချစ်လှစွာသောသားသမက်၊ သီရိရတနာရိပ်သာ၊ အခန်း(၃၀၆)နေ ဒေါ်ခင်မိမိထူး(စာရင်းစစ်မှူး-ငြိမ်း)၏ ချစ်လှစာသောခင်ပွန်း၊ မောင်မင်းသက်ထူး(DYGM ICD II)- မသင်းသွယ်သွယ်တို့၏ ချစ်လှစွာသောဖခင်၊ ထူးသစ္စာမြိုင်၊ ညီအစ်ကိုမောင်နှမများ၏ချစ်လှစွာသောအစ်ကို/ညီ၊ တူ/တူမ များ၏ ဦးလေးသည် ၄-၄-၂၀၂၀ရက် နံနက် ၁၁:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၂၀ရက်(သောကြာနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှမြင့်လေး အသက်(၇၀)

(B.Sc,Phys)(1973) မကွေးကောလိပ်

ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကြေး/မြေ ရုံးချုပ်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ IBPရပ်နေ (ဦးအုန်းရွှေ-ဒေါ်သိန်း)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ၊ အခန်း(၁၀၅)နေ (ဦးထူး-ဒေါ်ညွန့်ညွန့်)တို့၏ချစ်လှစွာသောသားသမက်၊ သီရိရတနာရိပ်သာ၊ အခန်း(၃၀၆)နေ ဒေါ်ခင်မိမိထူး(စာရင်းစစ်မှူး-ငြိမ်း)၏ချစ်လှစာသောခင်ပွန်း၊ လားရှိုးမြို့မြို့နေ ဦးခင်မောင်ဦး-(ဒေါ်သိန်းမြ)၊ ဦးစောရှိန်-ဒေါ်ခင်သောင်း၊ (ဦးနေဝင်း)-ဒေါ်တင်တင်အေး၊ ဦးခင်မောင်လှ-ဒေါ်တင်တင်ထွေးတို့၏ညီ/မောင်၊ တူ/ တူမများ၏ဦးလေးသည် ၄-၄-၂၀၂၀ရက် နံနက် ၁၁:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါ မည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၂၀ရက်(သောကြာနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသော်တာအေး(Chris Moon Thaw)

LYNX Agencia

### အသက်(၄၃)နှစ်

နောင်ချိုမြို့၊ ဈေးရပ်ကွက်၊ နယ်မြေ(၅)နေ (ဦးသောင်းဖေ)-ဒေါ်ညွှန့်တို့၏အငယ်ဆုံးသား၊ Dr ဦးမြအေး၊ ဦးမြင့်ဆန်း-ဒေါ်လှလှဌေး၊ ဦးကိုကိုကြီး-Dr.ဒေါ်ပြုံး ပြုံးချို၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်စိန်သောင်း၊ ဦးသန်းနိုင်အေးတို့၏ ညီ/မောင်၊ ကောင်းသန့်ဇင်၊ Dr.အန့်ကို၊ Dr.ခန့်ကို၊ သန့်ကို၊ ခန့်ဇင်သော်၊ ရွှေရည်ကို၊ ရွှေရည်ဖူးတို့၏ဦးလေးသည် ၃၀-၃-၂၀၂၀ရက်(တနင်္လာနေ့)နံနက်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ ကမာရွတ်မြို့နယ်၊ ပဒေသာလမ်း၊ ဘုရားသုံးဆူ ဘုန်းကြီးကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစံသိန်း

### အသက်(၈၂)နှစ်

ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်နေ(ဦးဘဦး-ဒေါ်ကြည်ကြည်)တို့၏သား၊ (ဒေါ်မြသန်း)၏ခင်ပွန်း၊ ဘောဂဝတီရပ်နေ ဦးအေးသောင်း-(ဒေါ်ခင်မေ)တို့၏ညီ၊ ကျောက်ဆည်မြို့နေ(ဦးဘတင့်)၊ ရန်ကုန်မြို့နေ ဦးဘမြင့်-(ဒေါ်ညိုညိုသန်း)၊ ကျောက်ဆည်မြို့နေ ဒေါ်မေဝမ်း၊ ဒေါ်ခင်စန်း၊ ဒေါ်မြင့်မြင့်တို့၏အစ်ကို၊ မမီမီသိန်း၊ (မောင်ဖုန်းဝေသိန်း)၊မသီသီသိန်း၊ မသင်းသင်းသိန်း၊ မသွယ်သွယ်သိန်း၊ မမေသူသိန်း၊ မမို့မို့စံသိန်းတို့၏ ဖခင်၊မသူဇာ၊ မအေးသီတာမြင့်၊ မယုရွှေစင်မြင့်၊ (မောင်နိုင်ထူးမြင့်)၊ မောင်အောင်သူမြင့်တို့၏ဦးလေးသည် ၃-၄-၂၀၂၀ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ကျောက် ဆည်မင်းမွေးတောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ဘောဂဝတီရပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး

## ဦးသိန်းအောင်

ရေယာဉ်မှူး(ငြိမ်း)မြန်မာ့ရေလုပ်ငန်း

### အသက်(၇၂)နှစ်

(ဦးစိန်ဝှက်-ဒေါ်ကြင်မြ) တို့၏သား၊ (ဦးကျော်ထွန်း-ဒေါ်စိန်စိန်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၃၆၊ လေးလွှာ)နေ ဒေါ်ခင်အေးမူ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာရွှေနန်းထက်-မခိုင်ပန်းမြတ်၊ မသက်လမင်း၊ မောင်မြတ်မင်းအောင်-မဝင်းမင်းခိုင်တို့၏ဖခင်၊ ညီအစ်ကို မောင်နှမ ၁၀ယောက်တို့၏အစ်ကိုကြီး၊ တူ/ တူမ ၂၀ယောက်တို့၏ဘကြီးသည် ၃-၄-၂၀၂၀ရက် (သောကြာနေ့) ညနေ ၆:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မိမိစိုး

အထပြ(ငြိမ်း)

အထက(၃)မြိတ်မြို့

### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မဂ်လာလမ်း၊ အမှတ်(၈၅၊ ခြောက်လွှာ)နေ (ဦးအော်စိုး-ဒေါ်ကြူ)တို့၏သမီး၊ (ဦးမြသန်း-ဒေါ်မြကြူ)တို့၏သမီးချွေးမ၊ (ဦးအေးသန့်)၏ဇနီး၊ ရေတာရှည်မြို့နယ်၊ မြို့လှတိုက်နယ်ဆေးရုံမှ ဦးဇော်မိုးဦး-Dr.ပန်းအိအိ သန့်(တိုက်နယ်ဆရာဝန်)၊ Mr.Takaha shi Yuu-ပန်းချယ်ရီသန့်(Utsunomiya,Japan)၊ ကျော်ရဲသန့်(UAB Operationteam)-မမေသူ(UC Samsung)တို့၏ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏အဘွား၊ ဦးတင်ကျော်ဦး-ဒေါ်စီစီစိုး၊ (ဦးကိုကိုစိုး)၊ ဦးကိုလတ်စိုး -ဒေါ်ဝါဝါဆွေ၊ Prof.Dr ထွန်းဦး-Dr.ဆွေဆွေစိုး၊ ဦးအောင်စိုးဝင်း-ဒေါ်စိုးစိုးအုန်း၊ ဦးအောင်စိုးမင်း၊ ဦးအောင်အေးဝင်း-ဒေါ်ဥမ္မာစိုးတို့၏ ညီမ၊ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ်သည် ၄-၄-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁၂:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ် မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးအောင်စောဦး

ဒုတိယအင်ဂျင်နီယာချုပ်(ငြိမ်း)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

DYCE Brocast Engineer(ပတ္တမြား FM)

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၇၂၊ မြေညီထပ်)နေ (ဦးအုန်းလွင်-ဒေါ်စိန်စိန်)တို့၏သား၊ ဦးတင်ထွဋ်(ရတနာစု Co.,Ltd)-ဒေါ်မီမီလွင်၊ ဦးအောင်ဝင်း-ဒေါ်အေးအေး(အေးအေးသင်းမိတ္တူ)တို့၏အစ်ကို၊ မောင်အောင်သူထွဋ်(New Harmony Co.,Ltd)၊ မောင်အာကာဖြိုး(4th Year IT WYTU)၊ မောင်မင်းသန့်ကျော်( 1st Year,ES,UY) တို့၏ဘကြီးသည် ၄-၄-၂၀၂၀ရက် (စနေနေ့) နံနက် ၃:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၂၀ ရက် (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်စောဦး အသက်(၆၂)နှစ်

ဒုတိယအင်ဂျင်နီယာချုပ်(ငြိမ်း) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၇၂)မြေညီထပ်နေ ဦးအောင်စောဦး(ဒုတိယအင်ဂျင်နီယာချုပ်-ငြိမ်း)မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ၄-၄-၂၀၂၀ရက် (စနေနေ့)နံနက် ၃:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
အရာထမ်း၊ အမှုထမ်းများနှင့်ဝန်ထမ်းမိသားစုများ

## ဒေါ်စန်းစန်းရီ (မော်လမြိုင်) အသက်(၇၄)နှစ်

စွန်မင်းဆေးပြင်းလိပ်

မော်လမြိုင်မြို့၊ ကလျာဏီသိမ်လမ်း၊ အမှတ်(၁၀)နေ (ဦးစိန်ထွန်း-ဒေါ်မာ)စွန်မင်းဆေးပြင်းလိပ်တို့၏သမီး၊ ဒေါ်မြမြသန်း၊ ဒေါ်ခင်ခင်ထွေး-Drခင်မောင်ထွေးတို့၏ အစ်မ၊ ကိုပြည့်ဖြိုး-မကြည်မာဇင်၊ ကိုရဲလင်း-မဝင့်ဝါဦးတို့၏ အကြီး၊ မောင်လင်းခန့်သူ၏ အဘွားသည် ၃-၄-၂၀၂၀ရက်(သောကြာနေ့) ညနေ ၄:၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု



# ပေါက်ခေါင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လိုအပ်သောပစ္စည်းများ သွားရောက်ထောက်ပံ့ပေး

**ပေါက်ခေါင်း မေ ၄**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသကြီးကြပ်ရေးကော်မတီသို့ ယမန်နေ့က လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦးက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ သွားရောက်ထောက်ပံ့ပေးကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးက ပိုးသတ်ဆေးရည်ပုံး၊ ပိုးသတ်ဆေးဖျန်းစက်နှင့် ဆေးဖျန်းပုံးများ၊ ဆေးရုံသုံးနှာခေါင်းစည်းများနှင့် လက်အိတ်များ လှူဒါန်းရာ ပေါက်ခေါင်းမြို့နယ် အုပ်ချုပ်ရေးမှူး (ယာယီ) လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးခိုင်၊ သဲကုန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဦး၊ ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်မိုးမိုးနှင့်

*စာမျက်နှာ ၉ ကော်လံ ၄ ○*

# ညောင်တုန်းမြို့နယ်တွင် ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ပြန်လာသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ညောင်တုန်း မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင် ကာကွယ်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ပြန်လာသူများအား မတ် ၂၇ ရက်မှစတင်၍ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (ယာပုံ)

*စာမျက်နှာ ၈ ကော်လံ ၁ ◆*



COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာ ၁၅
ကမ္ဘာ့စီးပွားရေးကပ်နဲ့ မြန်မာ့စီးပွားရေး စိန်ခေါ်မှုများ စာ ၁၆

## ချယ်လ်ဆီးအသင်း နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရေးအတွက် ကော်တင်ဟိုနှင့် ဆွေးနွေး

ချယ်လ်ဆီးအသင်းသည် ထွက်ပေါ်လာသောသတင်းများအရ နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူရေးနှင့်ပတ်သက်ပြီး ကော်တင်ဟိုနှင့် ဆွေးနွေးလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၇ နှစ်အရွယ်ရှိ ဘရာဇီးကစားသမား ကော်တင်ဟိုသည် လက်ရှိတွင် ဘာစီလိုနာအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ အငှားချခံထားရသူဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ယခုနွေရာသီတွင် ဘာစီလိုနာအသင်းမှ ကော်တင်ဟိုကို ခေါ်ယူရန် ဦးဆောင်လျက်ရှိနေသည်။ အဆိုပါ ကစားသမားကို ချယ်လ်ဆီးအပြင် မန်ယူ၊ စပါးနှင့် အာဆင်နယ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ဘာစီလိုနာအသင်းသည် ကော်တင်ဟိုကို ၂၀၁၈ ခုနှစ် ဇန်နဝါရီတွင် ပေါင် ၁၄၅ သန်းဖြင့် လီဗာပူးအသင်းမှ ခေါ်ယူစာချုပ်ခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၅ ❑*




ကော်တင်ဟို

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

သာသနာတော်ထွန်းကားပြန့်ပွားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်နေသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

## ဘားအံမြို့တွင် ကန့်သတ်စောင့်ကြည့်ခံရသူများ ဆက်သွယ်မှုအဆင်ပြေရေး ဖုန်းဆင်းကတ်များ အခမဲ့ပေး စောစောပြော Mobile App စနစ် အသုံးပြုပုံ ပြောကြား

**ဘားအံ မေ ၄**

ကရင်ပြည်နယ် ဘားအံမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ထိန်းချုပ်မှုနည်းစနစ်တစ်ခုဖြစ်သည့် ကန့်သတ်စောင့်ကြည့်ခံရသော ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံအတွင်း ပြန်လာသူများအတွက် လတ်တလောကာလတွင် ဆက်သွယ်မှုကွန်ရက် အဆင်ပြေစေရေးအတွက် ရည်ရွယ်ပြီး MPT နှင့် Mytel ဆင်းကတ်များ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် စောစောပြော Mobile App စနစ်ဆိုင်ရာများကို မေ ၃ ရက်က သွားရောက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘားအံမြို့နယ် ကွန်ပျူတာပညာရှင်များအသင်း၊ ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လှူဒါန်းသော MPT နှင့် Mytel ဖုန်းဆင်းကတ်များကို ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး

*စာမျက်နှာ ၉ ကော်လံ ၄ ●*

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် မေ ၄**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

မေ ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

မေ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီလ ၁၂ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရှိုပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီလ ၁၅ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရခိုင်ရွှေမြေအချပ်ပိုကို ဧပြီလ ၁၆ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာအချပ်ပိုကို ဧပြီလ ၁၆ ရက်နေ့တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီလ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
တနင်္ဂနွေ၊ မေ ၅၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## သာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်နေသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

တွေ့ဆုံမေးမြန်း - နိုင်လင်းကြည်၊ ဓာတ်ပုံ - ဟိန်းစည်သူ

ပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခံရသော ပြည်သူ့အစိုးရမှ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့သည်မှာ (၄)နှစ်တာ ရှိခဲ့ပြီဖြစ်သည်။ စတင်တာဝန်ယူခဲ့သည့် အချိန်မှစ၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက သာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများသာမက အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

မြန်မာ့ရှေးဟောင်းအမွေအနှစ်များနှင့် ယဉ်ကျေးမှုလက္ခဏာများကို မပျောက်မပျက်အောင် ကာကွယ်စောင့်ရှောက်ကာ ရိုးရာဂီတနှင့် အနုပညာများကို နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပျံ့နှံ့ရောက်ရှိအောင် ဖော်ထုတ်၍ အသိပေးတင်ဆက်ဖျော်ဖြေလျက်ရှိသည်။

ယင်းသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခဲ့ပါသည် -



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို

သူရဦးအောင်ကို
(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)

**မေး။** ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ကိုးကွယ်ရာ ဘာသာအလိုက် ရာခိုင်နှုန်းနဲ့ ကျောင်းအရေအတွက်ကို သိပါရစေခင်ဗျာ။

ဖြေ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ဝန်ကြီးဌာန နှစ်ခုပေါင်းပြီး ဝန်ကြီးဌာနတစ်ခုအနေနဲ့ ၂၀၁၆ ခုနှစ် ဧပြီလမှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာဝင် ၈၇ ရာခိုင်နှုန်းကျော်၊ ဘုန်းတော်ကြီးနဲ့ သီလရှင်ကျောင်းပေါင်း ၇၂၀၀၀ ကျော် ရှိပါတယ်။ ခရစ်ယာန်ဘာသာဝင် ၆ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ဘုရားရှိခိုးကျောင်း ၇၆၀၀ ကျော်ရှိပါတယ်။ အစ္စလာမ် ဘာသာဝင် ၄ ဒသမ ၃ ရာခိုင်နှုန်းနဲ့ ဗလီဝတ်ပြုကျောင်းပေါင်း ၁၁၀၀ ကျော် ရှိပါတယ်။ ဟိန္ဒူဘာသာဝင် ၀ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ဟိန္ဒူဘုရားရှိခိုးကျောင်းပေါင်း ၁၀၀၀ ကျော်ရှိပါတယ်။ နတ်ကိုးကွယ်မှုအနေနဲ့ ၀ ဒသမ ၈ ရာခိုင်နှုန်းနဲ့ အခြားကိုးကွယ်မှုက ၀ ဒသမ ၂ ရာခိုင်နှုန်းရှိပါတယ်။

**"၂၀၂၀ ပြည့်နှစ် (၇၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲမှာ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်တစ်ပါး ပေါ်ထွန်းခဲ့သလို ၂၀၁၇ ခုနှစ်ကလည်း သာသနာ့အာဇာနည်တစ်ပါး ပေါ်ထွန်းခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ ထေရဝါဒ ဗုဒ္ဓသာသနာ ကိုးကွယ်တဲ့နိုင်ငံ ငါးနိုင်ငံရှိပါတယ်။ တိပိဋကဓရ တိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆိုတဲ့ သာသနာ့အာဇာနည် ပေါ်ထွန်းအောင် ဆောင်ရွက်နိုင်တာက မြန်မာနိုင်ငံတစ်ခုတည်း ရှိပါတယ်"**

**မေး။** နိုင်ငံတော်အစိုးရက ကျင်းပပြုလုပ်လျက်ရှိတဲ့ သာသနာတော်ဆိုင်ရာ အခမ်းအနားတွေနဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်ခင်ဗျာ။

အချပ်ပို (ခ) သို့




ရန်ကုန်မြို့ရှိ အမျိုးသားစာကြည့်တိုက်ကို တွေ့ရစဉ်။

အချပ်ပို (က) မှ


ဖြေ။ ဗုဒ္ဓဘာသာဟာ နိုင်ငံသား တိုင်းရင်းသားပြည်သူအများစု ကိုးကွယ်တဲ့ဘာသာဖြစ်ပါတယ်။ ဗုဒ္ဓဘာသာက လွန်ခဲ့တဲ့နှစ်ပေါင်း ၁၆၀၀ ကျော်ကတည်းက မြန်မာနိုင်ငံကို ရောက်ရှိခဲ့ပါတယ်။ ဒါကြောင့် ရှေးအကျဆုံးနဲ့ အထင်ကရဘာသာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရဟန်းသာမဏေပေါင်း ငါးသိန်းကျော်ရှိပြီး ရဟန်းသာမဏေတွေနဲ့ပတ်သက်တဲ့ အခမ်းအနားတွေကို အချိန်ကာလအလိုက် ကျင်းပပေးပါတယ်။ ဝါတွင်းကာလမှာ ဝါဆိုသင်္ကန်းကပ်လှူတဲ့ မင်္ဂလာအခမ်းအနားနဲ့ ဝါကျွတ်တဲ့အခါ ကထိန်လျာသင်္ကန်းကပ်လှူတဲ့ မင်္ဂလာအခမ်းအနားတွေ ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ တရားဓမ္မတွေက ပိဋကသုံးပုံ၊ နိကာယ်ငါးရပ်နဲ့ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ကျော်ရှိတဲ့ တရားဓမ္မတွေက ကျယ်ပြောများပြားလှပါတယ်။ ဗုဒ္ဓသာသနာရဲ့ အရင်းခံရေသောက်မြစ်က ပရိယတ္တိသာသနာ ဖြစ်ပါတယ်။ ပရိယတ္တိသာသနာတည်တံ့ခိုင်မြဲဖို့ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန် စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲနဲ့ နိကာယ်စာမေးပွဲတို့ကို အချိန်ကာလအလိုက် နှစ်စဉ်နိုင်ငံတော်အစိုးရက ဦးဆောင်ကျင်းပပြီး ပြည်သူတွေက ပစ္စည်းလေးပါးနဲ့ ပစ္စယာနုဂ္ဂဟ ထောက်ပံ့ပေးကြပါတယ်။ ဒါကြောင့် သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားစေဖို့ ပရိယတ္တိသာသနာကို ဦးစားပေးချီးမြှောက်ရကြောင်းကို ပြောကြားလိုပါတယ်။

**မေး။ မြန်မာနိုင်ငံရဲ့ သာသနာတော်မှာ အကြီးမားဆုံးစာမေးပွဲလို့ ပြောလို့ရတဲ့ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကျင်းပမှုနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

ဖြေ။ သုတ္တန်၊ ဝိနည်းနဲ့ အဘိဓမ္မာဆိုပြီး ပိဋကသုံးပုံကို နှုတ်တက်အာဂုံဖြေဆိုနိုင်ရင် တိပိဋကဓရဘွဲ့ကို ရပါတယ်။ ပိဋကသုံးပုံကို သဘောရေးဖြေ အောင်မြင်ရင် တိပိဋက ကောဝိဒဘွဲ့ကို ရပါတယ်။ တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲတွေကျင်းပခဲ့တဲ့ နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်းမှာ သာသနဓဇအာဇာနည် ၁၅ ပါး ပေါ်ထွန်းခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ် (၇၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲမှာ တိပိဋကဓရ တိပိဋကကောဝိဒ သာသနဓဇအာဇာနည်တစ်ပါး ပေါ်ထွန်းခဲ့သလို ၂၀၁၇ ခုနှစ်ကလည်း သာသနဓဇအာဇာနည်တစ်ပါး ပေါ်ထွန်းခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ ထေရဝါဒဗုဒ္ဓသာသနာ ကိုးကွယ်တဲ့နိုင်ငံ ငါးနိုင်ငံရှိပါတယ်။ တိပိဋကဓရ တိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆိုတဲ့ သာသနဓဇအာဇာနည် ပေါ်ထွန်းအောင် ဆောင်ရွက်နိုင်တာက မြန်မာနိုင်ငံ တစ်ခုတည်းရှိပါတယ်။



၂-၄-၂၀၁၉ ရက်နေ့မှ ၈-၄-၂၀၁၉ ရက်နေ့အထိ ပထမပြန်စာမေးပွဲဖြေဆိုနေမှုအား တွေ့ရစဉ်။

**မေး။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေး ကျင်းပခဲ့မှုနဲ့ ပတ်သက်ပြီး သိချင်ပါတယ်ခင်ဗျာ။**

ဖြေ။ နိုင်ငံမှာ ရဟန်းသာမဏေ ငါးသိန်းကျော်နဲ့ သာသနာ့နွယ်ဝင် သီလရှင် ၆၀၀၀၀ ကျော် ရှိပါတယ်။ ၁၉၈၀ ပြည့်နှစ် ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးက ရဟန်းသာမဏေ ငါးသိန်းကျော်ထဲကနေ သမ္မုတိရသံဃာ့ကိုယ်စားလှယ်(ရဟန်းအမတ်)တွေကို ဆန္ဒမဲပေးပြီး ဗဟိုသံဃာ့ဝန်ဆောင် သံဃာအပါး ၃၀၀ ရွေးချယ်ခဲ့ပါတယ်။ နောက်ပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှာ ၁၁၁ ပါးသော နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးတွေက ဦးဆောင်ပါတယ်။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို နှစ်စဉ်အထူးသဖြင့် မတ်လ(တပေါင်းလ)မှာ တစ်နှစ် တစ်ကြိမ် ကျင်းပပါတယ်။ ယခုနှစ် မတ်လ ၃ ရက်ကနေ ၅ ရက်အထိမှာ ကျင်းပတဲ့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ကြည်ညိုခဲ့ပြီး သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားခဲ့ပါတယ်။ အရင်က နိုင်ငံတော်အကြီးအကဲတွေ တက်ရောက်ခဲ့တာမရှိခဲ့ပါဘူး။ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနဲ့ ညွှန်ကြားရေးမှူးချုပ်တွေနဲ့ အစဉ်အဆက် ကျင်းပခဲ့တာဖြစ်ပါတယ်။ အစည်းအဝေးမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးတွေကို သာသနာရေးဆိုင်ရာ လျှောက်ထားခဲ့တာက သမိုင်းမှတ်တမ်းတစ်ခုပါ။



မြန်မာ- ပြင်သစ် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း ကွင်းဆင်းရှာဖွေလေ့လာမှုကို တွေ့ရစဉ်။

**မေး။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှာရှိတဲ့ ဦးစီးဌာနတွေရဲ့ ဖွဲ့စည်းထားရှိမှုကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ။ သာသနာရေးပိုင်းမှာ သာသနာရေးဦးစီးဌာနနဲ့ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ရှိပါတယ်။ သာသနာရေးဦးစီးဌာနက သံဃာတော်တွေ ဦးစီးဆောင်ရွက်တဲ့ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဝိနည်းဓမ္မကံကိစ္စတွေနဲ့ ပရိယတ္တိစာမေးပွဲကျင်းပရေးကိစ္စတွေ ဆောင်ရွက်တဲ့အခါ ရုံးလုပ်ငန်းပိုင်းဆိုင်ရာတွေကို ပံ့ပိုးတာဝန်ယူရပါတယ်။

သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနအနေနဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)နဲ့(မန္တလေး) ဆိုပြီးရှိသလို အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကလည်း ဦးစီးဌာနတစ်ခုအသွင်နဲ့ ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က စွယ်တော်မြတ်ကုန်းတော်(ရန်ကုန်)မှာရှိပြီး ထေရဝါဒဗုဒ္ဓဘာသာကို ကမ္ဘာသို့ပြန့်ပွားစေဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့ အထူးသဖြင့် နိုင်ငံခြားသား ရဟန်းသံဃာတွေ၊ သီလရှင်တွေနဲ့ လူပုဂ္ဂိုလ်တွေကို ဦးစားပေးသင်ကြားပေးနေတဲ့ တက္ကသိုလ်ကြီးဖြစ်ပါတယ်။

ယဉ်ကျေးမှုအပိုင်းအနေနဲ့ အနုပညာဦးစီးဌာနမှာ အနုပညာအထက်တန်းကျောင်း(မန္တလေး)၊ အရင်က ပန်တျာကျောင်းလို့ ခေါ်ပါတယ်။ အဲဒီကျောင်းနဲ့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ဆိုပြီး တက္ကသိုလ်ကြီးတစ်ခုရှိပါတယ်။ ရန်ကုန်မှာလည်း အနုပညာအထက်တန်းကျောင်းနဲ့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ဆိုပြီး ရှိပါတယ်။

သမိုင်းသုတေသနအနေနဲ့ အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှာ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)၊ (နေပြည်တော်)နဲ့ (မန္တလေး)၊ ရှေးဟောင်းသုတေသနအနေနဲ့ အမျိုးသားပြတိုက်များဦးစီးဌာနမှာ အမျိုးသားပြတိုက်(ရန်ကုန်)နဲ့ အမျိုးသားပြတိုက်(နေပြည်တော်) တို့ ရှိပါတယ်။ ဒါ့အပြင် ရှေးဟောင်းသုတေသနနဲ့ ပတ်သက်တဲ့ သင်တန်းကျောင်းတွေ ရှိပါတယ်။

**မေး။ သမိုင်းဝင်ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံမှုတွေနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ။ အစိုးရသစ် စတင်တာဝန်ယူတဲ့ ၂၀၁၆ ခုနှစ် ဧပြီလကစပြီး နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးတွေ၊ သြဝါဒါစရိယဆရာတော်ကြီးတွေနဲ့ နိုင်ငံတော်အကြီးအကဲတွေရဲ့ သာသနာတော်နဲ့ပတ်သက်ပြီး ပထမဆုံးလမ်းညွှန်တာက အထင်ကရဖြစ်တဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ကျိုက်ထီးရိုးစေတီတော်နဲ့ မန္တလေးမဟာမုနိရုပ်ရှင်တော်မြတ်တို့ကို သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေဆောင်ရွက်ဖို့ တာဝန်ပေးကြပါတယ်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို အစအဆုံး ပြန်လည်ပြုပြင်ခဲ့ပါတယ်။ ရွှေသင်္ကန်းကပ်တယ်ဆိုရင် ငါးနှစ်ခံပါတယ်။ သဘာဝရွှေဟာ ရာသီဥတု၊ လေဒဏ်မိုးဒဏ်ကြောင့် ငါးနှစ်ပြည့်ရင် ရွှေမှိုက်ပြန်ထုတ်ရပါတယ်။ ပြီးမှ အသစ်ပြန်လည်ကပ်လှူပူဇော်ရပါတယ်။ ရွှေမှိုက်ထုတ်လို့ရတဲ့ ပမာဏဟာ အများဆုံး ၃၀ ရာခိုင်နှုန်းဖြစ်ပြီး ကျန်တဲ့ ၇၀ ရာခိုင်နှုန်းက ရာသီဥတုဒဏ်နဲ့ လေလွင့်ဆုံးရှုံးသွားခဲ့တာများပါတယ်။ ဒီပမာဏဟာ ကုဋေပေါင်းရာချီပြီး တန်ဖိုးကြီးမားပါတယ်။ နောင်မှာ တာရှည်ခံဖို့၊ လေလွင့်ဆုံးရှုံးမှုနည်းပါးစေဖို့ နည်းလမ်းရှာတဲ့အခါ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၂၀ ကျော်ကာလတုန်းက တင်လှူခဲ့တဲ့ တစ်ပေပတ်လည် ခြောက်ကျပ်သားရှိတဲ့ ရွှေစင်ရွှေပြားကို တွေ့ရပါတယ်။ အဲဒါကို အနည်းငယ်သန့်ရှင်းလိုက်တာနဲ့ ပကတိ ရွှေစင်လိုပဲ အရောင်ဝင်းထိန်နေပါတယ်။ ဒါကို နမူနာယူပြီး တစ်ပေပတ်လည် ခြောက်ကျပ်သားရှိတဲ့ ရွှေပြားကြိတ်စက်ကို ဂျပန်နိုင်ငံကနေမှာယူပြီး အခုဆိုရင် ရွှေတိဂုံစေတီတော်ရဲ့ ပရဝဏ်အတွင်းမှာ တည်ဆောက်ထားပြီး ရွှေစင်ရွှေပြားတွေ သွန်းခတ်နေပါပြီ။ ငှက်ပျောဖူးတော်ကနေ ကြာမှောက်ကြာလန်၊ ဖောင်းရစ် စသဖြင့် တဖြည်းဖြည်းနဲ့ အောက်ခြေအထိ ကပ်လှူပူဇော်သွားမှာ ဖြစ်ပါတယ်။ ကပ်လှူပူဇော်ပြီးသွားရင် နှစ်ပေါင်းရာချီခံမှာ ဖြစ်ပါတယ်။ နောက်ပြီး ရင်ပြင်တော်ကြီးမှာ ခင်းထားတဲ့ကျောက်ပြားတွေက ခေတ်ကာလအမျိုးမျိုးမှာ အလှူရှင်တွေအပေါ် မူတည်ပြီး အဖြူရောင်၊ အညိုရောင်၊ အနက်ရောင် ဖြစ်တဲ့အတွက် ကျောက်ပြားတွေက နွေဆိုရင် မနင်းနိုင်ပါဘူး။

အချပ်ပို (ဂ) သို့

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

အခု အဲဒါတွေကို ခွာပြီးတော့ နေပူခံအဖြူရောင် စကျင်ကျောက်ပြားစစ်စစ်ကို ရင်ပြင်တော်ကြီးတစ်ခုလုံးမှာ ကပ်လှူပူဇော်ခဲ့ပါတယ်။ နောက်တစ်ခုက ဘုရားပရဝဏ် အတွင်းက သန့်စင်ခန်းတွေကို ဘုရားဖူးပြည်သူတွေ ကျန်းမာရေးအတွက် အဆင့်မြှင့်တင်ထားပါတယ်။

၂၀၁၉ ခုနှစ် စာရင်းချုပ်အရ မြန်မာကျပ်ငွေ ဘီလီယံ ၉၀ ခန့်၊ အမေရိကန် ဒေါ်လာ ၁၆ သန်းကျော်နဲ့ ဂျပန်ယန်း၊ ထိုင်းဘတ်တို့လည်း ထောင်သောင်း သိန်းချီပြီး ရှိပါတယ်။ အားလုံးကို မြန်မာ့စီးပွားရေးဘဏ်မှာ အပ်နှံထားပါတယ်။ နေ့စဉ်လစဉ် အလှူငွေတွေနဲ့ ရွှေတိဂုံစေတီတော်ကြီးရဲ့ လိုအပ်ချက်ကို ပြည့်မီကျော်လွန်အောင် သုံးနိုင်တဲ့ အနေ အထားရှိတယ်ဆိုတာ ပြောကြားလိုပါတယ်။

**မေး။ ကျိုက်ထီးရိုးစေတီတော်မြတ်နဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

ဖြေ။ ကျိုက်ထီးရိုးစေတီတော်မြတ်က မြန်မာနိုင်ငံမှာ ခုနစ်လကြာကျင်းပတဲ့ အရှည်ကြာဆုံး ဘုရားပွဲသမိုင်း ကြောင်းရှိတဲ့ ဆံတော်ရှင်စေတီမြတ် ဖြစ်ပါတယ်။ ကျိုက်ထီးရိုးစေတီတော်မြတ်နဲ့ပတ်သက်ပြီး ဝေဖန်သံတွေ ခေတ်အဆက်ဆက်မှာ ကြားခဲ့ရပါတယ်။ ဘုရားဖူးရာသီ အမြင့်ဆုံးအချိန်ကာလဖြစ်တဲ့ ဆောင်းရာသီမှာဆိုရင် ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်တွေက သိန်းနဲ့ချီပြီး လာပါတယ်။ အဲဒီအချိန်ဆို အစားအသောက်တွေနဲ့ သောက်ရေသန့်တွေ ဈေးတက်ကုန်ပါတယ်။ ဖျာတစ်ချပ် ငှားတာတောင် သုံးလေးငါးထောင်ပေးရတဲ့အဆင့်အထိ အမျိုးမျိုးဝေဖန်သံတွေရှိလို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ရဲ့ ဩဝါဒနဲ့အညီ ကျိုက်ထီးရိုးစေတီတော်မြတ်ကို လည်း ဘက်စုံပြုပြင်မွမ်းမံမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အခု ဆိုရင် ရပ်ဝေးက ကြွလာတဲ့ ရဟန်းသံဃာတွေနဲ့ ဒါယကာ၊ ဒါယိကာမတွေ အခမဲ့တည်းခိုလို့ရအောင် စီစဉ်ပေးထားတဲ့ အပြင် ဆောင်းရာသီမှာ အနွေးပေးတဲ့စနစ်နဲ့ နွေရာသီမှာ လေအေးပေးတဲ့စနစ်တွေပါ စီစဉ်ပေးထားပါတယ်။ ကျန်တဲ့ ပုဂ္ဂလိက ဟိုတယ်နဲ့ တည်းခိုခန်းတွေကို မတော်လောဘနဲ့ စရိတ်တွေမယူဖို့ ဂေါပကကနေတစ်ဆင့် ပြည်နယ်အစိုးရနဲ့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်း ကြပ်မတ်ပေးလျက်ရှိပါတယ်။ ကျိုက်ထီးရိုးစေတီတော် မြတ်ရဲ့ ဘဏ္ဍာတော်က ငွေကျပ် ၁၅ ဒသမ ၆၇ ဘီလီယံ ကျော် ရှိပါတယ်။

**မေး။ ကမ္ဘာ့အကြီးဆုံး ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွေ ကျင်းပနိုင်ခဲ့မှုကို သိလိုပါတယ်။**

ဖြေ။ ဗုဒ္ဓသာသနာတော်ဟာ နိုင်ငံအတွက် ဂုဏ်ထူး ဝိသေသနဲ့ ပြည့်စုံတဲ့ဘာသာဖြစ်ပြီး သံဃာတော် အပါး ငါးသိန်းကျော်အတွက် ဆွမ်း၊ သင်္ကန်း၊ ကျောင်းနဲ့ ဆေး ပစ္စည်းလေးပါးအနက် အဓိကကျတဲ့ ဆွမ်းပစ္စည်း ပြည့်စုံဖို့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကြီးကျယ် ခမ်းနားစွာ ကျင်းပခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ ရန်ကုန်တိုင်းဒေသကြီး ရွှေတိဂုံစေတီတော်ရင်ပြင်မှာ သံဃာတော်အပါး ၁၈၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရဲ့ ဗုဒ္ဓပူဇနိယဘုရား ပွဲတော်ကျင်းပတဲ့နေရာမှာ သံဃာတော်အပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနဲ့ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်လေဆိပ်ဟောင်းရဲ့ လေယာဉ်ပြေးလမ်း အဟောင်းပေါ်မှာ သံဃာတော်အပါး ၂၀၀၀၀ ဆွမ်းဆန်စိမ်း လောင်းပွဲတို့ကို ကျင်းပခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ မှာ ကရင်ပြည်နယ် ဘားအံမြို့ လေယာဉ်ကွင်းမှာ သံဃာ တော်အပါး ၅၀၀၀ ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ ခဲ့ပါတယ်။ ဒါကတော့ ပစ္စည်းလေးပါးထဲက အဓိကကျတဲ့ ဆွမ်းနဲ့ ပတ်သက်ပြီး ပြည့်စုံစေဖို့ သက်ဆိုင်ရာ တိုင်းဒေသ ကြီးနဲ့ ပြည်နယ်အစိုးရတွေက ဦးစီးပြီး အလှူရှင် ဒါယကာ၊ ဒါယိကာမအပေါင်းရဲ့ ဒါနအား၊ စေတနာအားတွေနဲ့ လောင်းလှူခဲ့ခြင်းဖြစ်ပါတယ်။

**မေး။ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထား ကိုးကွယ်မှုနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

ဖြေ။ နေပြည်တော်မှာ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားခဲ့ပြီး ဘက်စုံအသေးစိတ်လုပ်ငန်းတွေ ကို ဆောင်ရွက်နေပါတယ်။ စေတီတော်တည်ထားရတဲ့ ရည်ရွယ်ချက်က ထာဝရငြိမ်းချမ်းရေးရရှိစေဖို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် အဓိကလိုအပ်ချက်ကလည်း ငြိမ်းချမ်း ရေးဖြစ်ပါတယ်။ လွတ်လပ်ရေးရခဲ့တာ နှစ်ပေါင်း ၇၀ ကျော် ကြာခဲ့ပေမယ့် ပြည်တွင်းပဋိပက္ခတွေ ဆက်လက်ဖြစ်ပွားဆဲ ဖြစ်ပါတယ်။ နေပြည်တော်မှာ ငြိမ်းချမ်းရေးစေတီ တစ်ဆူ တည်ထားဖို့နဲ့ တည်ထားသင့်တယ်လို့ နိုင်ငံတော် အကြီးအကဲတွေထံက အကြံပြုချက်အရ ထာဝရငြိမ်းချမ်း ရေးစေတီကို တည်ထားတာဖြစ်ပါတယ်။ တတ်နိုင်သမျှ နိုင်ငံတော်ဘဏ္ဍာငွေ မသုံးဘဲ အများပြည်သူရဲ့ အလှူငွေနဲ့ ရအောင်တည်မယ်လို့ ကျွန်တော်တို့က ကတိပြုခဲ့တဲ့ အတိုင်း တည်တဲ့အခါမှာ ငွေကျပ် ၈ ဘီလီယံကျော် သုံးစွဲ ခဲ့ပါတယ်။ ပြည်သူအားလုံးရဲ့ အလှူပဲဖြစ်ပါတယ်။ အချောသပ်လုပ်ငန်းတွေလည်း ဆက်လုပ်နေသလို အလှူ ငွေလည်း ဆက်လက်အလှူခံဆဲ ဖြစ်ပါတယ်။

**မေး။ မြန်မာနိုင်ငံအတွင်း ဘာသာပေါင်းစုံ ချစ်ကြည် ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေကို သိချင် ပါတယ်။**

ဖြေ။ မြန်မာနိုင်ငံဟာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုဖြစ်တဲ့အတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို အစိုးရ တက်စမှာ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို မြို့နယ်အဆင့် ၁၂၁ ဖွဲ့၊ ခရိုင်အဆင့်အဖွဲ့ ၄၀ ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ၁၁ ဖွဲ့၊ ဗဟိုအဖွဲ့ ၁ ဖွဲ့ စုစုပေါင်း ၁၇၃ ဖွဲ့အထိ တိုးချဲ့ဖွဲ့စည်း နိုင်ခဲ့ပါတယ်။ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးကို လေးနှစ်ခန့်ကာလအတွင်းမှာ စုစုပေါင်း ညှိနှိုင်းဆွေးနွေး




အမျိုးသားစာကြည့်တိုက် (ရန်ကုန်) E-libiary ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

ပူးပေါင်းဆောင်ရွက်မှုအကြိမ် ၂၅၀ ကျော် လုပ်ခဲ့ပါတယ်။ ဘာသာရေးကိုအခြေခံတဲ့ လူမျိုးရေးပဋိပက္ခတွေ မဖြစ်ပွား အောင် တားဆီးကာကွယ်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးထွန်းကားစေဖို့အတွက် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ကျင်းပခဲ့ပါတယ်။ RfP (Religions for Peace) အဖွဲ့နဲ့ ချိတ်ဆက်ပြီး မြန်မာနိုင်ငံ အတွင်းမှာ ဘာသာပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ တက်ရောက်တဲ့ Religions For Peace Forum ကို သုံးကြိမ် ကျင်းပခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန်၊ ဇူလိုင်လလောက်မှာ နေပြည်တော်မှာကျင်းပဖို့ စီစဉ်ထားပါတယ်။ ဘာသာ ပေါင်းစုံအတွင်းမှာ ငြိမ်းချမ်းရေး၊ လူမျိုးပေါင်းစုံအတွင်းမှာ ငြိမ်းချမ်းရေး၊ လူငယ်များကိစ္စ၊ အမျိုးသမီးတွေကို ကာကွယ် ဖို့နဲ့ ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့ ရည်မှန်းချက် တွေနဲ့ ကျင်းပတာဖြစ်ပါတယ်။ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရခဲ့တယ်လို့ ပြောနိုင်ပါတယ်။

**မေး။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ယဉ်ကျေးမှုဒေသ တွေကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဖို့ ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုဆောင်ရွက်နေသလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ ယဉ်ကျေးမှုအပိုင်းအနေနဲ့ ပထမဆုံးပေးအပ်တဲ့ အမျိုးသားရေးတာဝန်က ပုဂံဒေသကို ကမ္ဘာ့အမွေ အနှစ်စာရင်းဝင်ဖို့ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကို ၂၀၁၅၊ ၂၀၁၆ ကာလကတည်းက စတင်ပြီး နိုင်ငံတကာအဖွဲ့အစည်း၊ ယူနက်စကို၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ ဆက်နွှယ် ဝန်ကြီးဌာနများ၊ မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မကွေး တိုင်းဒေသကြီးအစိုးရတို့နဲ့အတူ ပူးပေါင်းကြိုးပမ်းခဲ့ရပါ တယ်။ စိန်ခေါ်မှုများစွာကိုလည်း ဖြတ်ကျော်ခဲ့ရပါတယ်။ ပုဂံဟာ နှစ်ပေါင်းထောင်ချီတဲ့ ယဉ်ကျေးမှုအမွေအနှစ် တွေရှိသလို အမွေအနှစ်တွေကို ထိန်းသိမ်းဖို့ နှစ်ပေါင်း ထောင်ချီကာလကတည်းက တည်ထားပေးခဲ့တဲ့ ရွာတွေ၊ မြို့တွေလည်း ရှိနေပါတယ်။ အမွေအနှစ်တွေနဲ့ ရွာတွေ၊ မြို့တွေက ရောထွေးနေပါတယ်။ သမိုင်းရေစီးကြောင်းနဲ့ အတူ ပါလာခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ မြို့ဆိုတော့ အထပ်မြင့် အဆောက်အအုံ၊ နန်းမြင့်မျှော်စင်၊ ဂေါက်ကွင်းစတဲ့ ရှေးဟောင်းအမွေအနှစ်နဲ့ ဆန့်ကျင်တဲ့တည်ဆောက်မှု မျိုးတွေလည်း တွေ့ရှိခဲ့ရပါတယ်။ ပြန်ဖျက်ဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ အရင်းအနှီးတန်ဖိုးလည်း ကြီးမားလှပါ တယ်။ ရှေးဟောင်းယဉ်ကျေးမှုနဲ့ ခေတ်သစ်မြို့ပြကျေးရွာ တွေ ရောပြွမ်းနေတဲ့ အမွေအနှစ်ဒေသတစ်ခုလို့ ဆိုနိုင်ပါ တယ်။ ဥပမာ - ကမ္ဘောဒီးယားနိုင်ငံက အန်ကောဘုရား ကျောင်းဆိုရင် ငါးကီလိုမီတာအတွင်းမှာ မည်သည့်ရပ်ရွာ မြို့ပြအဆောက်အအုံမှ မရှိပါဘူး။ ကမ္ဘာ့အမွေအနှစ် စာရင်းသွင်းတဲ့အခါ လွယ်ကူလျင်မြန်စွာ ရသွားခဲ့ပါတယ်။ ပုဂံက အဲဒီအနေအထားတွေနဲ့ ခြားနားပါတယ်။ ဒါကြောင့် ယူနက်စကို အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အကြိမ်ကြိမ် ညှိနှိုင်းရပါတယ်။ ဒီလိုညှိနှိုင်းနိုင်ခဲ့လို့ ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်ကနေ ဇူလိုင် ၁၀ ရက်အထိ အဇာဘိုင်ဂျန် နိုင်ငံ ဘာကူမြို့မှာ ကျင်းပတဲ့ ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေးကနေပြီး ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဒေသ စာရင်းဝင်အဖြစ်နဲ့ တရားဝင်ထုတ်ပြန် ကြေညာခဲ့ပါတယ်။ ဒါဟာ ပုဂံသူ ပုဂံသားတွေနဲ့ မြန်မာ နိုင်ငံသူ နိုင်ငံသားတွေရဲ့ အောင်ပွဲလည်းဖြစ်ပါတယ်။ ဒီအချိန်ကစလို့ ပြည်တွင်းပြည်ပ ဘုရားဖူးတွေဟာ နေ့စဉ် ထောင်သောင်းချီပြီး တိုးတက်လာပါတယ်။ ဒေသခံတွေ အတွက် အလုပ်အကိုင်အခွင့်အလမ်းလည်း တိုးတက်လာ ပါတယ်။ တခြားနိုင်ငံတွေရဲ့ အသိအမှတ်ပြု ဂုဏ်ပြုခြင်း ကိုလည်း ခံရပါတယ်။

**မေး။ ရခိုင်ပြည်နယ်မှာရှိတဲ့ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ယူနက်စကိုဝင်ဖို့ ဆောင်ရွက် နေမှုနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

ဖြေ။ ရခိုင်ပြည်နယ်မှာရှိတဲ့ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့ယဉ်ကျေးမှု အမွေ အနှစ် စာရင်းဝင်ဖြစ်ဖို့ နိုင်ငံတော်အကြီးအကဲတွေရဲ့ လမ်းညွှန်ချက်အရ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလမှာ အဆိုပြုလွှာမူကြမ်းကို ပြင်သစ် နိုင်ငံ ပါရီမြို့မှာ ရုံးစိုက်တဲ့ ယူနက်စကို ဌာနချုပ်ကို ပေးပို့နိုင် ခဲ့ပါတယ်။ အဆိုပြုလွှာမူချောကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှာ ယူနက်စကို တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ မြောက်ဦးဒေသမှာရှိတဲ့ အင်မတန်သက်တမ်း ရှည်ကြာလှ တဲ့ အာနန္ဒစန္ဒြကျောက်စာကို ၂၀၁၈ ခုနှစ် ဇွန်လကတည်း က ကမ္ဘာ့မှတ်တမ်းစာရင်းဝင်အဖြစ် တင်သွင်းနိုင်ခဲ့ပါ တယ်။ ဒါဟာ ရခိုင်တိုင်းရင်းသားတွေနဲ့ ပြည်ထောင်စုကြီး တစ်ခုလုံးအတွက် ဂုဏ်ယူစရာ အောင်မြင်မှုမှတ်တမ်း တစ်ခုဖြစ်ပါတယ်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကိုလည်း ယူနက်စကို တင်ဖို့အတွက် တန်းစီဇယားကို ယူနက်စကိုဌာနချုပ်ကို တင်သွင်းထားပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေလည်း များပြား လှပါတယ်။ ဒါတွေကို ဆက်လက် ထိန်းသိမ်းနိုင်ဖို့ နည်းပညာအထောက်အကူနဲ့ ဘဏ္ဍာငွေ လိုအပ်ပါတယ်။ လိုအပ်ချက်တွေကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ဖို့ဆိုရင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဖြစ်မှသာလျှင် နိုင်ငံတကာရဲ့အထောက်အပံ့၊ ယူနက်စကိုရဲ့ ပံ့ပိုးမှုတွေ ရရှိမှာဖြစ်တယ်။ ကျန်တဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင် သင့်ဝင်ထိုက်တာတွေကိုလည်း စာရင်းတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**မေး။ မြန်မာနိုင်ငံဟာ ရှေးဟောင်းယဉ်ကျေးမှုအမွေ အနှစ်တွေ ပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်သလို ရှေးဟောင်းယဉ်ကျေးမှုတွေ မပျောက်မပျက်အောင် ဝန်ကြီး ဌာနရဲ့ ဆောင်ရွက်ချက်တွေကို သိပါရစေ ခင်ဗျာ။**

ဖြေ။ စတုတ္ထ (၁) နှစ်တာကာလအတွင်းမှာ ရှေးဟောင်း ပစ္စည်းအမျိုးပေါင်း ၉၆၀၀ ကျော်ကို ချီးမြှင့်ငွေ ၂၄၆၈ သိန်းကျော် ချီးမြှင့်နိုင်ခဲ့ပါတယ်။ ရှေးဟောင်းပစ္စည်း လှူဒါန်းအပ်နှံသူ ၁၈ ဦး ထံမှ ရှေးဟောင်းပစ္စည်းအမျိုးပေါင်း ၅၀ ကို စုဆောင်းထိန်းသိမ်းနိုင်ခဲ့ပါတယ်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းတွေကို မူလကတည်းက သားစဉ်မြေးဆက် ထိန်းသိမ်းထားလို့ ဖြစ်စေ၊ တွေ့ရှိလို့ဖြစ်စေ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို လာရောက်အပ်နှံမယ်ဆိုရင် ရွှေဆိုရင်လည်း ကာလပေါက်ဈေးပေးပြီး မူလဈေးနှုန်း အပြင် ပျူခေတ်လက်ရာ၊ ပုဂံခေတ်လက်ရာ၊ အင်းဝခေတ် လက်ရာစသဖြင့် ခေတ်အလိုက် အနုစိတ်လက်ရာ တန်ဖိုးလည်း ထပ်ဆောင်းပေးပါတယ်။ ဒါကြောင့် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်တွေ နယ်စပ်ကနေ ပြည်ပကို ထွက်ခွာယိုစီးသွားမှုဟာ လျော့နည်းသွား ပါတယ်။

**မေး။ ၂၀၁၆ ခုနှစ် လှုပ်ခဲ့တဲ့လျင်ကြောင့် ပုဂံဒေသက ဘုရားပုထိုးစေတီတွေ၊ ရှေးဟောင်းအဆောက် အအုံတွေ ပျက်စီးခဲ့တာတွေကို ပြန်လည်ထိန်းသိမ်းနေမှုကို သိပါရစေ ခင်ဗျာ။**

ဖြေ။ ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် ပုဂံဒေသမှာ စေတီပုထိုး သာသနိကအဆောက်အအုံတွေ ပျက်စီးတာ ရှိပါတယ်။ အဆူ ၃၈၉ ဆူလို့ အတိအကျ ပြောလို့ရပါတယ်။ အရေးပေါ် ထိန်းသိမ်းရေးလုပ်ငန်းတွေကို ပြည်တွင်း ပြည်ပ ပညာရှင်တွေနဲ့ ဦးစွာဆောင်ရွက်နေပါတယ်။ အနုစိတ် လက်ရာတွေကိုလည်း ရှေးဟောင်းလက်ရာမပျက် ပြုပြင်မှု တွေ ဆောင်ရွက်ခဲ့ပါတယ်။ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဆက်စပ်ဌာနတွေနဲ့ ချိတ်ဆက်ပြီး လုပ်ခဲ့ပါ တယ်။

နိုင်ငံတော်ဘဏ္ဍာငွေကို မသုံးဘဲ ပြည်တွင်း ပြည်ပ အလှူရှင်တွေဆီကနေ အလှူခံပြီး ပြုပြင်မယ်လို့ ကတိပြု ခဲ့တဲ့အတိုင်း ပြုပြင်ခဲ့ရာမှာ လက်ရှိမှာ ၉၅ ရာခိုင်နှုန်းကျော် ပြင်ဆင်ပြီးပါပြီ။ ၂၀၂၀ ပြည့်နှစ်အတွင်း အားလုံးပြီးသွားမှာ ဖြစ်ပါတယ်။ အဆူ ၃၈၉ ဆူအနက် သဗ္ဗညုပုထိုးတော်ကြီး မပါပါဘူး။ ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ မူလအတိုင်း တည်ရှိနေတာ တွေ့ရပါတယ်။ ပြိုကျခြင်း၊ ပွဲကျခြင်း မရှိ ပါဘူး။ ကျန်တဲ့ သာသနိကအဆောက်အအုံတွေ ပြုပြင် ရင်းနဲ့ သံသယရှိတာနဲ့ သဗ္ဗညုပုထိုးတော်ကြီးကို ခေတ်မီ တိုင်းတာတဲ့ စက်ကိရိယာတွေနဲ့ တိုင်းတာတဲ့အခါ အတွင်း ဒဏ်ရာရသွားပါတယ်။ နိုင်ငံပေါင်းစုံက ပညာရှင်တွေ ညှိနှိုင်းတိုင်ပင်ပြီး ပိုင်ပိုင်နိုင်နိုင် လုပ်ပေးနိုင်တာက တရုတ် နိုင်ငံက ဗိသုကာပညာရှင်တွေ ဖြစ်ပါတယ်။ နှစ်နိုင်ငံအစိုးရ ကြား MoA နဲ့ MoU ရေးထိုးပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ နည်းပညာ၊ ငွေကြေးထောက်ပံ့မှုနဲ့ အခုပြုပြင်နေပါတယ်။ အချိန်ကာလ အတိုင်းအတာတစ်ခုအထိ ကြာဦးမယ်လို့ သိရပါတယ်။

**မေး။ အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ကို အများ ပြည်သူများ အလွယ်တကူ သွားလာဖတ်ရှု လို့ရမယ့်နေရာကို ပြောင်းရွှေ့ဖွင့်လှစ်ဖို့ စီစဉ်နေတာနဲ့ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)နဲ့ အမျိုးသားစာကြည့် တိုက် (နေပြည်တော်) ကို e-Library စနစ်နဲ့ ဆောင်ရွက် နေတာကို သိရပါတယ်။ ဒီအကြောင်းအရာတွေနဲ့ ပတ်သက် ပြီး ရှင်းပြပေးစေလိုပါတယ် ခင်ဗျာ။**

ဖြေ။ အမျိုးသားစာကြည့်တိုက်ဟာ ကမ္ဘာအေး သီရိ မင်္ဂလာလမ်းသွယ်ထဲမှာ ရောက်နေပါတယ်။ လမ်းကျဉ်းပြီး ချောင်ကျပါတယ်။ မြန်မာနိုင်ငံဟာ စာကြည့်တိုက်ယဉ်ကျေးမှု နဲ့ ကင်းကွာနေခဲ့တာ နှစ်ပေါင်း များစွာကြာခဲ့ပါပြီ။ စာကြည့်တိုက်ဆိုတာ စာအုပ်ငှားဖတ် တဲ့နေရာသက်သက် မဟုတ်ပါဘူး။ စာကြည့်တိုက်ဟာ သုတေသီတွေအတွက် သုတေသနပြုတဲ့ ဗဟိုဌာန အဆင့်မြင့်ပညာရပ်တွေ MA ၊ MSc ဘွဲ့၊ ပါရဂူဘွဲ့၊ တခြား ဘွဲ့လွန်ဘွဲ့တွေ ကျမ်းပြုစုတင်သွင်းတဲ့အခါမှာ အချက် အလက်စုဆောင်းရတဲ့ဌာန၊ ကမ္ဘာမှာရှိတဲ့ အခြား စာကြည့်တိုက်ကြီးတွေနဲ့ ချိတ်ဆက်ပြီး သတင်းအချက် အလက် အပြန်အလှန်ဖလှယ်ရယူနိုင်တဲ့စနစ်တွေနဲ့ စာကြည့်တိုက်ရဲ့ကဏ္ဍက ကျယ်ဝန်းလှပါတယ်။

ပြည်သူတွေနဲ့ မျိုးဆက်သစ်ကျောင်းသား ကျောင်းသူ တွေအတွက် အသိပညာဗဟုသုတတွေ ဖြန့်ဝေပေးတဲ့

*အချပ်ပို (ဃ) သို့*

ဗဟိုဌာနကြီးလို့လည်း ပြောလို့ရပါတယ်။ ဒါကို ပြုပြင်ပေးဖို့အတွက် မြို့လယ်မှာရှိတဲ့ ကုန်သည်လမ်းကို ပြောင်းရွှေ့ဖို့ နိုင်ငံတော်က ဘဏ္ဍာငွေလုံလုံလောက်လောက် ချပေးထားပါတယ်။ ဒါကြောင့် မြန်မာ့သမိုင်းနှင့် စာကြည့်တိုက်ဦးစီးဌာနကို တာဝန်ပေးပြီး နိုင်ငံတကာအဆင့်မီ စာကြည့်တိုက်ဖြစ်အောင် ပြုပြင်ခဲ့ရာမှာ ရာနှုန်းပြည့်နီးပါး ပြီးနေပါပြီ။ အဆောက်အအုံပိုင်းဆိုင်ရာကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူပြီး ဂျာမနီနိုင်ငံမှာ အခြေစိုက်တဲ့ မြန်မာဗိသုကာပညာရှင်တွေကလည်း လာရောက်ပံ့ပိုးတာ ရှိပါတယ်။

စာကြည့်တိုက်ပိုင်းဆိုင်ရာမှာ ကုလသမဂ္ဂဌာနချုပ်စာကြည့်တိုက်ကြီးမှာ ဒုတိယစာကြည့်တိုက်မှူးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ ဆရာမကြီးတွေ အငြိမ်းစားယူပြီး ပြန်လာတာရှိတဲ့အတွက် ကမ္ဘာ့အဆင့်စာကြည့်တိုက်အခင်းအကျင်းတွေကို ဝိုင်းဝန်းကူညီပေးကြပါတယ်။ အခုဆို စာကြည့်တိုက်က ဖွင့်လှစ်ဖို့ အသင့်ဖြစ်နေပါပြီ။

ရန်ကုန်နဲ့ နေပြည်တော်က စာကြည့်တိုက်တွေကို e-Library စနစ်နဲ့ ဆောင်ရွက်ဖို့ လုပ်ငန်းတွေ ဆောင်ရွက်နေပါပြီ။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် အပါအဝင် အခြားစာကြည့်တိုက်တွေနဲ့လည်း ချိတ်ဆက်ဖို့ လုပ်နေပါတယ်။ မကြာခင်မှာ e-Library စနစ် အကောင်အထည်ပေါ်လာတော့မှာ ဖြစ်ပါတယ်။

**မေး။** မြန်မာနိုင်ငံရဲ့ သမိုင်းသုတေသနနဲ့ပတ်သက်ပြီး သမိုင်းမှန်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ချက်တွေကိုလည်း သိပါရစေ။

**ဖြေ။** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို စတင်တာဝန်ယူတဲ့အချိန်ကစပြီး မြန်မာသမိုင်းအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာသမိုင်းအဖွဲ့ရဲ့ လုပ်ထုံး အစည်းအဝေးတွေကို ပုံမှန်ကျင်းပပြီး သမိုင်းအဖွဲ့ရဲ့ လိုအပ်ချက်တွေကို ပံ့ပိုးပေးပါတယ်။ ဒီနေ့ဖြစ်တဲ့အကြောင်းအရာတွေက နောင်မှာ သမိုင်းဖြစ်သွားမှာပါ။ အဲဒီသမိုင်းသည် မှန်ကန်နေဖို့ လိုပါတယ်။ သမိုင်းချွန်၊ သမိုင်းကျွန် မဖြစ်ဖို့ အရေးကြီးပါတယ်။ ဒါမှ နောင်မျိုးဆက်သစ်တွေက မှန်ကန်တဲ့ သမိုင်းကြောင်းအပေါ် လေ့လာသုံးသပ်ပြီး အနာဂတ်ပြည်ထောင်စုကြီး ပိုမိုရှင်သန်တိုးတက်ကြီးပွားအောင် ကြိုးပမ်းနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် သမိုင်းနဲ့ပတ်သက်ပြီး အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

**မေး။** ရန်ကုန်မြို့က အမျိုးသားဇာတ်ရုံ ပြုပြင်မွမ်းမံတည်ဆောက်နေတာကို ရှင်းပြပေးပါဦး။

**ဖြေ။** အမျိုးသားဇာတ်ရုံဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက နှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် လက်ဆောင်ပေးခဲ့တဲ့ အဆောက်အအုံ ဖြစ်ပါတယ်။ သက်တမ်းအားဖြင့် နှစ်ပေါင်း ၃၀ ခန့် ရှိသွားပြီဖြစ်ပါတယ်။ အဆောက်အအုံအတွင်းမှာ တပ်ဆင်ထားတဲ့ အသံစနစ်၊ အလင်းရောင်စနစ်နဲ့ အအေးပေးစနစ်တို့ကအစ ပစ္စည်းတွေက ခေတ်မမီတော့ပါဘူး။ ဒါကြောင့် နိုင်ငံတကာအဆင့်မီဖို့ MoU ရေးထိုးပြီး တရုတ်ပညာရှင်တွေကနေ အမျိုးသားဇာတ်ရုံကို အသံပိုင်းဆိုင်ရာ၊ အလင်းပိုင်းဆိုင်ရာ၊ ဇာတ်ခုံပိုင်းဆိုင်ရာနဲ့ လေအေးပေးခြင်းဆိုင်ရာ အပါအဝင် ထိုင်ခုံတွေကအစ ပြန်ပြင်နေပါပြီ။ ၂၀၂၁ ခုနှစ် နှစ်လယ်လောက်မှ ပြီးမှာ ဖြစ်ပါတယ်။ အနုပညာနဲ့ပတ်သက်ရင် နိုင်ငံတကာအဆင့်မီဇာတ်ရုံတစ်ခု ပေါ်ထွန်းလာမယ်လို့ ပြောကြားလိုပါတယ်။

**မေး။** အနုပညာနဲ့ ပတ်သက်လို့ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေကို သိပါရစေ ခင်ဗျာ။

**ဖြေ။** နိုင်ငံတကာအခမ်းအနားတွေ၊ နိုင်ငံတကာအကြီးအကဲတွေလာတိုင်း အနုပညာဦးစီးဌာနက ဖျော်ဖြေတင်ဆက်ရတဲ့အခါမှာ ဧည့်သည်တွေက ကျေနပ်ပြီး အနုပညာဦးစီးဌာနရဲ့ တင်ဆက်မှုတွေအပေါ်မှာ ဂုဏ်ပြုပြောဆိုကြတာရှိပါတယ်။

နှစ်နိုင်ငံ အနုပညာပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေကို MoU ရေးထိုးဖို့အတွက် ကမ်းလှမ်းကြပါတယ်။ အနုပညာအထက်တန်းကျောင်း(မန္တလေး)နဲ့ အနုပညာအထက်တန်းကျောင်း (ရန်ကုန်)၊ အမျိုးသားယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ အမျိုးသားယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)တို့မှ ကျောင်းသားကျောင်းသူတွေရဲ့ လိုအပ်ချက်တွေကို ဝန်ကြီးဌာနအနေနဲ့ တတ်နိုင်သမျှ အစွမ်းကုန် ဖြည့်ဆည်းပေးပါတယ်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အနုပညာကို တန်ဖိုးထား မြေတောင်မြှောက်ပေးလိုက်တဲ့အတွက် အနုပညာကျောင်းတွေက ကျောင်းသားသစ်ခေါ်တဲ့အခါမှာ ကျောင်းက လက်ခံနိုင်တဲ့ ပမာဏထက် လေးငါးဆယ်ဆမက လျှောက်လွှာတင်လာတာကို တွေ့ရပါတယ်။ အခုဆိုရင် အနုပညာကျောင်းတွေမှာ စိတ်ဝင်စားသူနဲ့ သင်ကြားသူ




၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက်နေ့မှ (၁၉)ရက်နေ့အထိ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ၊ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပူးပေါင်းပါဝင်တင်ဆက် ကပြစဉ်။

အရေအတွက် သိသိသာသာ တိုးတက်အောင်မြင်လာတယ်လို့ ပြောကြားလိုပါတယ်။

**မေး။** စတုတ္ထ (၁) နှစ်တာ ကာလအတွင်းမှာ ဝန်ကြီးဌာနအနေနဲ့ ပြည်သူကို ပြောကြားချင်တာတွေ ရှိရင် ပြောကြားပေးပါဦး ခင်ဗျာ။

**ဖြေ။** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက သာသနာရေးကဏ္ဍမှာ နိုင်ငံသားတိုင်း လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ရရှိဖို့နဲ့ နိုင်ငံသားအများစုကိုးကွယ်ရာဖြစ်တဲ့ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ဖို့နဲ့ ထွန်းကားပြန့်ပွားဖို့ ဦးစားပေးလုပ်ငန်းတစ်ရပ်အနေနဲ့ တာဝန်ရှိသူ အဆင့်ဆင့်က သက်ဆိုင်ရာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နဲ့ ညှိနှိုင်းတိုင်ပင်ပြီး ထိန်းသိမ်းဆောင်ရွက်လျက် ရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ သာသနာရေးဆိုင်ရာလုပ်ငန်းတာဝန်တွေကို တစ်ဖက်တစ်လမ်းကနေ ကျေပွန်အောင် အကောင်းဆုံးကြိုးပမ်းထမ်းဆောင်လျက်ရှိပါတယ်။ မတူကွဲပြားတဲ့ အခြားဘာသာဝင်တွေနဲ့ ချစ်ကြည်စွာပူးပေါင်းပြီး ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားတွေရဲ့ အကျိုးကို သယ်ပိုးနိုင်ဖို့အတွက် လိုအပ်တဲ့အဖွဲ့အစည်းတွေ ဖွဲ့စည်းပြီး ဆောင်ရွက်တဲ့အခါမှာ သိသာထင်ရှားတဲ့ အောင်မြင်မှုတွေ ရရှိနေပါတယ်။

နိုင်ငံတော်က အသိအမှတ်ပြုထားတဲ့ ဘာသာ သာသနာအားလုံးကို တတ်နိုင်သမျှကူညီပါတယ်။ ဘာသာ သာသနာတွေ တစ်ခုနဲ့တစ်ခု ပဋိပက္ခမဖြစ်အောင်လည်း လေးနှစ်တာကာလအတွင်းမှာ ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ဘာသာရေးကိုအခြေခံတဲ့ အမုန်းစကားတွေ တားဆီးကာကွယ်ရေးဥပဒေကြမ်းအဆင့်ဆင့်ကို ကနဦးရေးဆွဲပေးပြီး ပြည်ထဲရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးထားတာရှိပါတယ်။ စွမ်းအားရှိသမျှ ထမ်းရွက်လျက်ရှိပါတယ်။

အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ မျိုးဆက်သစ်အနုပညာရှင်တွေ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ရိုးရာအကတွေနဲ့ ဇာတ်တော်ကြီးတွေကို အများပြည်သူကြားမှာ စိမ့်ဝင်ပျံ့နှံ့နိုင်ဖို့ နယ်လှည့်ဖျော်ဖြေမှုတွေကို အခါအခွင့်သင့်တိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်ကလည်း မြန်မာအနုသုခုမဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲတွေကို ပုံမှန်ကျင်းပပေးလျက်ရှိပါတယ်။

တိမ်ကောပျောက်ကွယ်သွားနိုင်တဲ့ မြန်မာ့ရိုးရာရုပ်သေး ပညာရပ်တွေကို အထူးဦးစားပေးတစ်ရပ်အနေနဲ့ ထိန်းသိမ်းကြိုးပမ်းလျက်ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ဆရာ ဆရာမတွေကို ဝန်ကြီးဌာနကနေ တာဝန်ယူပြီး အခြေခံကဗျာလွတ်အက သင်ကြားပေးမှုကိုလည်း နှစ်စဉ်ပြုလုပ်ပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်များကို နောင်နှစ်ပေါင်းများစွာ တည်တံ့နိုင်စေရေးအတွက် ထိန်းသိမ်းရှာဖွေဖော်ထုတ်မှုတွေကို ပြည်တွင်းပြည်ပသုတေသီတွေနဲ့ စိတ်ပါဝင်စားသူတွေ ပူးပေါင်းပါဝင်ပြီး ထိန်းသိမ်းတာတွေ၊ စုစည်းတာတွေကို လုပ်နေပါတယ်။ ရရှိလာတဲ့အကျိုးအမြတ်တွေကို စီးပွားရေးလုပ်ငန်းအရင်းအမြစ်သဖွယ် ပေါ်ပေါက်လာစေဖို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ဦးအောင်အောင်ကျော်**
**(ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ))**

**မေး။** ပုဂံဒေသကို ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ သဘာဝဘေးအန္တရာယ်ဖြစ်လာမယ်ဆိုရင် ဘယ်လိုမျိုး ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားသလဲဆိုတာကို သိပါရစေ ခင်ဗျာ။

**ဖြေ။** သဘာဝဘေးအန္တရာယ်တွေက အနည်းနဲ့ အများဆိုသလို ဖြစ်တတ်ပါတယ်။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသဟာ စစ်ကိုင်း ငလျင်ပြတ်ရွေ့ကြောပေါ်မှာ ရှိတဲ့အတွက် ငလျင်ဒဏ်ကို ခံရတဲ့နေရာဖြစ်ပါတယ်။ ပုဂံခေတ်ကတည်းက ငလျင်ဒဏ်ခံရတာဟာ မျက်မှောက်ခေတ်မှာ ငလျင်ဒဏ်ခံရမှုက အထင်ရှားဆုံးကတော့ ၁၉၇၅ ခုနှစ်က လှုပ်ခဲ့တဲ့ ငလျင်နဲ့ ၂၀၁၆ မှာလှုပ်ခဲ့တဲ့ ငလျင်တို့ ဖြစ်ပါတယ်။ ၁၉၇၅ ငလျင်မှာ ဘုရားပုထိုးစေတီ အများအပြားထိခိုက်မှုရှိခဲ့သလို ၂၀၁၆ ငလျင်မှာလည်း ဘုရားပုထိုးစေတီပေါင်း အဆူ ၃၈၉ ဆူရှိခဲ့ပါတယ်။ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့အတွက် ၂၀၁၄- ၂၀၁၅ ကစပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒါကလည်း ယဉ်ကျေးမှုအမွေအနှစ်တွေ ရေရှည်တည်တံ့နိုင်အောင်၊ လူသားအားလုံးက လေးစားလိုက်နာပြီး အားလုံးထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ ကမ္ဘာ့အဆင့်ရောက်အောင် ကမ္ဘာ့အမွေအနှစ်စာရင်းကို တင်သွင်းရခြင်းဖြစ်ပါတယ်။

လုပ်ငန်းဆောင်ရွက်နေစဉ်ကာလဖြစ်တဲ့ ၂၀၁၆ ခုနှစ်မှာ ၆ ဒသမ ၈ ရှိတဲ့ ငလျင်လှုပ်ခဲ့ပါတယ်။ ဘုရားပုထိုးစေတီပေါင်း အဆူ ၃၈၉ ဆူရှိခဲ့တဲ့အတွက် ဒေသခံတွေ၊ ခရိုင်နဲ့ မြို့နယ်အဆင့် သက်ဆိုင်ရာဌာနတွေ၊ ပရဟိတအဖွဲ့တွေနဲ့ ပညာရှင်တွေ ပူးပေါင်းပြီး ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ပါတယ်။ ဖြစ်ပွားခဲ့တဲ့ သဘာဝဘေးအန္တရာယ်တွေကို နမူနာယူပြီး စနစ်တကျ ပြန်လည်ထိန်းသိမ်းဖို့ ဆောင်ရွက်ခဲ့ပါတယ်။

အခုထိခိုက်မှုကြောင့် ပျက်စီးတာကို ပြုပြင်ရုံသာမက နောင်ဖြစ်လာမယ့် ဘေးအန္တရာယ်တွေအတွက်ပါ ကြိုတင်ခန့်မှန်းပြီး ပြည်တွင်းပြည်ပပညာရှင်တွေနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ယူနက်စကိုက ပညာရှင်တွေ၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်နဲ့ ဂျာမနီက ပညာရှင်တွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပထမအဆင့် ငလျင်ကြောင့် ထိခိုက်တဲ့အပျက်အစီးတွေကို ထိန်းသိမ်းမှုဖြစ်ပါတယ်။

ဒုတိယအဆင့်က နောင်ဖြစ်လာမယ့် သဘာဝဘေးအန္တရာယ်တွေကို ခံနိုင်ရည်ရှိအောင်နဲ့ မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးနိုင်အောင် စနစ်တကျ စီမံခန့်ခွဲပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ပုဂံဒေသဟာ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ပြီးတဲ့နောက်မှာ နိုင်ငံတကာရဲ့ အာရုံစူးစိုက်မှုနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုက များလာပါတယ်။ အခုဆိုရင် နိုင်ငံတကာနဲ့ ပူးပေါင်းပြီး ထိန်းသိမ်းမှုလုပ်ငန်းတွေကို ကိုရီးယား၊ တရုတ်၊ ဂျပန်နဲ့ ဂျာမနီ စတဲ့ နိုင်ငံတွေက ပူးပေါင်းဆောင်ရွက်သလို အိန္ဒိယနိုင်ငံက ငလျင်မလှုပ်ခင်ကတည်းက အာနန္ဒာဘုရားကြီး ငါးနှစ်တာထိန်းသိမ်းဖို့ ဆောင်ရွက်ခဲ့ပြီး ငလျင်ဖြစ်ပြီးတဲ့နောက်မှာ ထိန်းသိမ်းမှုလုပ်ငန်းတွေကို ပူးတွဲဆောင်ရွက်လျက် ရှိပါတယ်။ ဒါကြောင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတွေ များလာတဲ့အတွက် စနစ်တကျဖြစ်အောင် BICC လို့ခေါ်တဲ့ ပုဂံနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ကော်မတီကို ဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။

**ဦးသန်းဇော်ဦး**
**(ညွှန်ကြားရေးမှူး၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)**

**မေး။** မြန်မာ့သနပ်ခါးကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းဖို့ ဆောင်ရွက်နေတာနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။

**ဖြေ။** ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပုဂံနဲ့ မြောက်ဦး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသ နှစ်နေရာနဲ့ ပတ်သက်ပြီး ပြင်ဆင်ဆောင်ရွက်ပါတယ်။ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းမှုကို ၂၀၁၀ ကတည်းက စတင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ပျူမြို့ဟောင်း သုံးမြို့က ပထမဆုံးကမ္ဘာ့အမွေအနှစ် စာရင်းဝင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ ပုဂံဒေသဟာ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဖြစ်ခဲ့ပါတယ်။

၂၀၁၈ - ၂၀၁၉ မှာ သနပ်ခါးနဲ့ ပတ်သက်လို့ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုး၊ ယူနက်စကိုနဲ့ ပတ်သက်တဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းဆောင်တာတွေ၊ အထူးသဖြင့် သနပ်ခါးကို မှတ်ပုံတင်ခြင်းတို့နဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ ပြီးခဲ့တဲ့ နှစ်လက သနပ်ခါးပွဲတော်ကို မုံရွာမြို့မှာ ကျင်းပပြီး သနပ်ခါးနဲ့ ပတ်သက်တဲ့ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် တင်သွင်းနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။

သနပ်ခါးကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းတဲ့ လုပ်ငန်းဟာ တကယ်တော့ ရေးသားမှုလုပ်ငန်းလည်း လုပ်ရသလို၊ စီမံခန့်ခွဲမှုအစီအစဉ်တွေကိုလည်း လုပ်ရပါတယ်။ လူမှုအဖွဲ့အစည်းတွေနဲ့ အတူတကွ လက်တွဲဆောင်ရွက်ရတဲ့ လုပ်ငန်းတွေဖြစ်တဲ့အတွက် ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်မှာ သနပ်ခါးကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းမှုလုပ်ငန်းနဲ့ ဆက်စပ်ပြီး လူတန်းစားအသီးသီး ပူးပေါင်းပါဝင်အကြံပြုနိုင်ဖို့ အကြံဉာဏ်ပေးမှုနဲ့ ဖိတ်ခေါ်မှုတွေ ဆောင်ရွက်နေပါတယ်။

မြန်မာနိုင်ငံရဲ့ ပထမဆုံးသော ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားဖြစ်တဲ့ သနပ်ခါးကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းမှုလုပ်ငန်းမှာ ရန်ကုန်အမျိုးသားပြတိုက်၊ နေပြည်တော်အမျိုးသားပြတိုက်၊ မန္တလေးနဲ့ မုံရွာဒေသ အစရှိတဲ့ဒေသတွေမှာ ဒေသခံတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝေဖန်သုံးသပ်ခြင်း၊ သနပ်ခါးနဲ့ ပတ်သက်တဲ့ ဆောင်ရွက်မှုတွေ အစရှိတဲ့ လုပ်ငန်းအကြောင်းအရာကို ပါဝင်ဆောင်ရွက်နိုင်အောင်၊ ပူးပေါင်းနိုင်အောင် ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ ပြတိုက်တွေမှာလည်း ဝေဖန်ချက်၊ အကြံပြုချက်ဆိုင်ရာ သတင်းအချက်အလက်ဌာနတွေ ထားရှိပြီး ယူနက်စကို တင်ပြနိုင်အောင် ပြင်ဆင်ထားရှိပါတယ်။ ။